


Guy Delisle
BURMA CHRONICLES
ဘားမားခရိုနီကယ်


မြန်မာ

၁၉၈၉ ခုနှစ်တွင် တရားဝင်ပြောင်းလဲခဲ့သောအမည်။




ဘားမား

ပြောင်းလဲခဲ့သောနာမည်သစ်ကို အသိအမှတ်မပြုဘဲ နဂို
ရှိရင်းစွဲနာမည်ကိုသာ အချို့သောနိုင်ငံများတွင် အသုံးပြုနေဆဲ။
ဥပမာ ပြင်သစ်၊ ဩစတြေးလျ၊ အမေရိကန်နှင့် အနောက်နိုင်ငံအများစု။




ဂွာတီမာလာ
ကလင် ကလင်
ကလစ်
ဘလာဘလာ
ဘလာဘလာ
ဘလာဘလာ
ဘလာဘလာ
ဘလာဘလာ
ဘလာဘလာ
ဘလာဘလာ
ဘလာဘလာ
ဘလာဘလာ
ကလစ်
ဘယ်သွားရမှာတဲ့လဲ
ဂွာတီမာလာတဲ့၊ ဒီတစ်ခေါက်တော့ သေချာပြီလို့ ပြောတာပဲ
ဒါဆို အမေရိက အလယ်ပိုင်းပေါ့။ အာရုကိုပဲ သွားနေရတာ အပြောင်းအလဲ ဖြစ်ပြီပေါ့။
ဟုတ်ပြီ စပိန် ဘာသာစကားကို လေ့လာဦးမှ
ရှုပ်ပါတယ် အခုပဲစလိုက်ရအောင်
တော်ပါသေးရဲ့ အခုလို ဘာသာပေါင်းစုံ စုထားတဲ့ DVD ခွေလေးတွေရှိလို့။
စာတန်းထိုး
ဘာသာစုံအခွေ


အယ်စတာ ထရက်
ဟုတ်ပြီ အယ်စတာထရက်
ကလင် ကလင်
ကလစ်
လာအယ်တီမာ ဖရေ့တီရာ
ဘလာဘလာ ဘလာဘလာ ဘလာဘလာ ဘလာဘလာ
ဘယ်သူလဲ
ဂွာတီမာလာက အရမ်းအန္တရာယ်များတယ်တဲ့ မြန်မာပြည်သွားမလားလို့ မေးနေတယ်
မြန်· · ဘာ· · ·
မြန်မာ
ဘာသာပြောင်း
ဒီထဲမှာလဲ မပါပါလား


ထွက်ခွာခြင်း
အဖေ
အမေ
သားသား
THE WHEELS ON THE BUS GO ROUND AND ROUND
TGV
?
ဟား
ဟား
ဟား
PARIS


THE WHEELS ON THE BUS GO ROUND AND ROUN
ဟီး ဟီး ဟီး
4


WAAA!
THE WHEELS ON THE BUS GO ROUND AND ROUND...
ဒိုင်း
5


ညဉ့်ဂေဟာ
ကျွန်တော်တို့မိသားစု သီးသန့်နေဖို့အတွက် MSF တွင် အိမ်ပို မရှိပေ။ ကိုယ့်ဘာသာကိုယ် ရှာရမယ်လို့ ဆိုပါတယ်။ (MSF =နယ်စည်းမခြားဆရာဝန်များအသင်း)
အို
လောလောဆယ်မှာတော့ သူတို့အဖွဲ့ရဲ့ ညဉ့်ဂေဟာမှာပဲ တည်းဖို့ စီစဉ်ပေးပါတယ်။ ညဉ့်ဂေဟာဆိုတာ သူတို့ အဖွဲ့သားတွေ ရန်ကုန်မြို့ကိုရောက်ရင် ခဏတည်းရန် အတွက်နေရာဖြစ်ပါတယ်။ ရေရှည်နေလို့ အဆင်မပြေပါ။
24A
6
မြေညီထပ်မှာ MSF ရဲ့ ရုံးခန်းရှိပါတယ်။
ကနဦးနေ့ရက်များမှာ အိမ်ပေါ်ကနေ အိမ်အောက်တောင် သိပ်မဆင်းဖြစ်။ ကျွန်တော့်သားလေး လူးဝစ် အတွက် ပြင်ဆင်စရာရှိတာတွေ ပြင်ဆင်ရပါတယ်။


မျက်စိထောက်လျှောက် လိုက်ကြည့်နေရတယ်။
ပလက်ပေါက်တော်တော်များများဟာလည်း ကလေးတွေရဲ့ လက်တစ်ကမ်းအကွာမှာ ရှိနေပါတယ်။
မီးအနီရောင်ဟာ ကလေးတွေကို ဆွဲဆောင်နိုင်ပါတယ်။
အဖွင့်အပိတ်ခလုတ်ကို ကစားရာလို့ ထင်သွားနိုင်ပါတယ်။
အပေါက်တွေကလည်း ကျယ်ပါတယ်။ ကလေးလက်ချောင်း ဝင်နိုင်ပါတယ်။
အနီရောင်ကြိုးကြီးနစ်ကြိုး တစ်ဖက်တစ်ချက်မှာ သွယ်တန်းထားတဲ့ ဘက္ထရီအိုးလည်း ရှိပါသေးတယ်။
အဒါ
ဆရာဝန်တစ်ယောက်ကတော့ ကလေးတွေဟာ လျှပ်စစ်ရှော့ မဖြစ်ဘူးလို့ ပြောဖူးတာ အမှတ်ရမိပါတယ်။
ဘယ်လိုပဲပြောပြော ကျွန်တော်ကတော့ ဘာလုပ်လုပ် စိတ်မပြောင့်တော့ဘဲ ကလေးကိုသာ လိုက်ကြည့်နေရပါတယ်။



တစ်ပတ်လောက်ကြာတော့ ပလက်ပေါက်တွေ အကုန်လုံးကို စတစ်ကာတွေနဲ့ပိတ်လိုက်တယ်။
ရေပန်းနဲ့ကလေးကို ရေချိုးပေးရတာလည်း တော်တော် ကတိကရများပါတယ်။
မွေ့ရာဘေးပတ်ပတ်လည်မှာ ခရီးဆောင်အိတ်တွေကို ကာထားပြီး ကလေးကစားဖို့အတွက် နေရာတစ်ခု ဖန်တီးပေးထားရတယ်။
တဖြည်းဖြည်းနဲ့တော့ အရာအားလုံးဟာ နေသားတကျဖြစ်လာပါပြီ။
မဂ္ဂဇင်းတွေဖတ်လိုက်၊ ငိုက်လိုက်၊ အိပ်လိုက်နဲ့ပဲ နေ့ရက်တွေကို ဖြတ်ကျော်နေမိတယ်။


TIME
TIME
ဝန်ထမ်းများ ယူလာတဲ့စာအုပ်တချို့ ရုံးခန်းထဲမှာ ကျန်ခဲ့ပါတယ်။ ကျွန်တော်အတွက်တော့ စာကြည့် တိုက် အသေးစားလေးလို ဖြစ်နေပါတော့တယ်။
မဲခေါင်ငှက်ဖျားဗိုရမ်
တိုင်းမဂ္ဂဇင်းတွေလည်း အပုံလိုက်တွေ့တာနဲ့ နံပါတ်စဉ်လိုက် အားရပါးရဖတ်လိုက်တယ်။
ဟာ ဒီမှာ စာမျက်နှာတွေ ပျောက်နေပါလား။
မြန်မာပြည်မှာရှိသမျှစာအုပ်တိုင်းဟာ ဆင်ဆာဘုတ်အဖွဲ့ကို ဖြတ်သန်းရပါတယ်။ မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့သတင်းတွေဆိုရင် အခုလိုပဲ ဖြတ်တောက်ပစ်လေ့ရှိပါတယ်။
အင်း ဟုတ်သားပဲ ငါက အာဏာရှင်ရဲ့လက်အောက်ရောက် နေတယ်ဆိုတာ မေ့သွားလို့။


စီးတီးမတ်
ဗမာပြည်ရောက်ရောက်ခြင်း နေ့စဉ်လုပ်နေကျ
အလုပ်ကို ပြပါဆိုရင်တော့ စီးတီးမတ်ကို ဈေး
ဝယ်ထွက်တဲ့အလုပ်ကိုပဲ ပြရမယ်။
တွေ့လား။ ဒီမှာလည်း
ကလေးသေးစိုခံ ဘွမ်းထုပ်
တွေ ဝယ်လို့ရပါတယ်။
မြင်သစ်ကနေ ကလေးသေးစိုခံ
အထုပ်ကြီး သုံးထုပ်သယ်လာတာ
အလကား ဖြစ်သွားပြီပေါ့။
နိုင်ငံခြားဖြစ်မုန့်မျိုးစုံတန်းမှာတော့ တစ်ကမ္ဘာလုံးက
နာမည်ကြီးတံဆိပ် အစုံအလင်ကို ဝယ်နိုင်ပါတယ်။


အစားအသောက်အတွက်တွေးပူနေတဲ့ နိုင်ငံတကာ
ဧည့်သည်တွေအတွက်တော့ စိတ်ချမ်းသာစရာပါပဲ။
စီးတီးမတ် လမ်းညွှန်စာအုပ်သာ ရေးရမယ်
ဆိုရင်တော့ ဒီလို ရေးရပါလိမ့်မယ်။
သုံးတန်းမြောက်အလယ်ရှိ
ဘယ်ဘက်စင်ကိုကြည့်ပါ။
စင်ကာပူမှတင်သွင်းထား
သောတူနာ၊ ဆာဒင်း
ငါးသေတ္တာဘူးများ
ဝယ်ယူရန် မမေ့ပါနှင့်။
သံဘူးတွေကို စားပြီးတဲ့အခါ မလွှင့်ပစ်ဘဲ
စာရေးကိရိယာထည့်ဖို့ ခွက်အဖြစ် ပြန်လည်
အသုံးပြုနိုင်ပါတယ်။
BIRD'S
CUSTARD
အဲ့ဒီလို လုပ်ထားတဲ့ကျွန်တော့်ခွက်ကလေးတွေကို
တွေ့တဲ့သူတိုင်းက သဘောကျနှစ်ခြိုက်ကြပါတယ်။
အင်း…
မဆိုးဘူးနော်။
ကင်ညာက
ဝယ်တာ
လေ
ကျွတ်
တချို့ကုန်ပစ္စည်းများဟာ ကမ္ဘာအနှံ့ ပျံ့နှံ့အောင်
ဖြန့်ချိနိုင်တာ အံ့ဩစရာပါပဲ။ နတ်ကာဗီနဲ့နွားခေါင်း
တံဆိပ်ဒိန်ခဲ ဝယ်လို့မရတဲ့နေရာကို
ရှာပြပါဆိုရင်တော့ တော်တော်ခက်လိမ့်မယ်။
ဟားဟ၊ ဒီစပ်ဖြီးဖြီးနွားမျက်နှာမှ
တကယ့် ဂလိုဘယ်လိုက်ဇေးရှင်း
မျက်နှာ





*HIGH COMMISSION FOR REFUGEES, INTERNATIONAL COMMITTEE OF THE RED CROSS, WORLD FOOD PROGRAM, ACTION AGAINST HUNGER, ARTSEN ZONDER GRENZEN (MSF HOLLAND), ACTION MÉDICALE INTERNATIONALE, MÉDECINS DU MONDE.


ဟေ့ ကြားလား ဒါပဲဖွင့်ပြန်ပြီ
EVERY SHA-LA-LA-LA
ဟင်
သေချာ နားထောင်
ဟင်
သူတို့မှာ သီချင်းတစ်ပုဒ်ပဲရှိလား မသိဘူး။ ဒါနဲ့ပါဆို ခြောက်ခါရှိပြီ၊ ဒီတစ်ပုဒ်ထဲကို လှည့်ပတ်ဖွင့်နေတယ်။
အခုလို သီချင်းတစ်ပုဒ်တည်းကို အကြိမ်ကြိမ်အခါခါ နားထောင်နေတဲ့ သူဟာ စိတ်ပုံမှန်မရှိတဲ့ သူပဲ ဖြစ်လိမ့်မယ်။
ကြားလား
ဟင်
မပြီးသေးဘူးလား။ ခုနစ်ကြိမ် မြောက်တော့မယ်။ နားမထောင် နိုင်တော့ဘူး နော်။
ဖူး
အဲ့ဒီသီချင်းကိုတော့ စွဲသွားပါပြီ။
WOO-OOO-OOO-OOO
စီးတီးမတ် သီချင်းလား


အဲယားကွန်း
မြန်မာပြည်မှာ ပူတဲ့ရာသီ၊ အင်မတန် ပူတဲ့ရာသီ၊ မိုးရာသီရယ်ဆိုပြီး ဥတုသုံးလီ ရှိပါတယ်။
ဖေဖော်ဝါရီကတော့ အဆိုးဆုံးပါပဲ။ မိုးလင်းက မိုးချုပ် ချွေးတစီစီနဲ့ပေါ့။
ဒါပေမယ့် ဒါက အစပဲရှိပါသေးတယ်။
မင်းတွေ့ပါလိမ့်မယ်၊ အပူချိန်က မိုးမရွာမခြင်းထပ်တက်ဦးမှာ
ဘာပြောတယ်။ ဒီထက်ပိုပူဦးမယ် ဟုတ်လား။
အောင်မလေး ဘုရားသခင်
ကလေးနဲ့ အပြင်ထွက်ဖို့ဆိုရင် နေဝင်တဲ့ ထိအောင် စောင့်ရတယ်။
ဟူး
နောက်နာရီဝက်လောက်ဆိုရင် ထွက်ကြတာပေါ့။


ဒီနေ့အရမ်း
ပူတယ်နော်။
24A
ကဲ မိုးချုပ်ပြီ အိမ်ကို
ပြန်ကြစို့
၁၉
အဒါ
ကံကောင်းချင်တော့ ဒီကအိမ် တော်တော်များ
များမှာ အဲယားကွန်းကိုယ်စီ ရှိကြတယ်။
အင်မတန်စိတ်ချမ်းမြေ့ဖွယ်ကောင်းတဲ့အချိန်ပေါ့။
ဂီး
ဟူး
ကံဆိုးချင်တော့ လာနေတဲ့မီးအားကအဲယားကွန်း
ဖွင့်ဖို့ရာ မလုံလောက်ပေ။
ကလစ်
တစ်မိနစ်ခန့်
ကြာပြီးနောက်
ဘုရားသခင်
အဲယားကွန်းလေး
ပြန်လာအောင်
မစတော်မူပါ။


ပေါင်းအိုးလော အိမ်လော
အိမ်တစ်လုံးရှာဖို့အတွက် အိမ်ခြံမြေ အကျိုးဆောင်တစ်ခုကို အကူအညီတောင်းလိုက်ရာ ကျွန်တော်တို့ဆီ အချိန်ပြည့် ဖုန်းခေါ်နေပါတော့တယ်။
ကလင်
အိမ်သေးသေးနဲ့ စျေးသိပ်မကြီးတဲ့နေရာမျိုး လိုချင်တယ်လို့ ကြိုတင်ပြောထားပေမယ့် သူတို့ကတော့ရှိသမျှနေရာအကုန်လိုက်ပြကြပါတယ်။
လပိုင်းစာချုပ်ချုပ်ငှားရမ်းဖို့ ဘယ်အိမ်ရှင်မှ စိတ်မဝင်စားကြပေ။
အဲယားကွန်း
မပါဘူးလား. . . .
ဆင်းရဲတဲ့နိုင်ငံတစ်နိုင်ငံမှာ နေရာမလပ် အိမ်ကြီးအိမ်ကောင်းတွေ ဆောက်လုပ်နေတာ တွေ့ရတာ တော်တော်ထူးဆန်းပါတယ်။
သေချာစဉ်းစားကြည့်ရင်တော့သဘာဝကျပါတယ်။ ဘဏ်တွေက စိတ်မချရတဲ့အခါ စိတ်ချရတဲ့ မြေထဲမှာပဲ အလုံးအရင်းနဲ့ မြှုပ်နှံကြတာပေါ့။
၂၀၀၅ ခုနှစ်အစောပိုင်းမှာ အာရှဓနဘဏ်နဲ့ မြန်မာမေဖလားဝါး ဘဏ်တို့ကိုကြိုတင်အသိပေးခြင်းမရှိဘဲအစိုးရကပိတ်ပစ်ခဲ့ပါတယ်။



အကျိုးဆောင်များကတော့ တစ်နေ့ရာပြီး တစ်နေရာ ကြိုးစားပမ်းစားပြသဆဲ・・・・
ဒီဟာပါပဲရှင်
- ကျဉ်းမြောင်းသောသုံးထပ်
- သေးငယ်သော အုတ်ကျွတ်ပြား
- အပြာရောင် ပလပ်စတစ်ပြား အမိုး
- အပြာရောင်သုတ်မှန်
- ဝရန်တာများ အမြောက်အမြားရှိခြင်း
- ဂရိပုံစံတိုင်ကြီးများ ပါရှိခြင်း
အိမ်အတွင်းပြင်ဆင်ထားပုံကလည်း အပြင်ကနဲ့သိပ်မခြားပါဘူး။ ကလေးတစ်ယောက် လက်တည့်စမ်းထားသလို ထည့်လို့ရသမျှ အမြွှတ်အသိပ် ထည့်ထားတယ်။
ဧည့်ခန်းက အလယ်ထပ်မှာ လား・・・
ဟော့ဒီမှာကြည့်စမ်း တစ်ယောက်စာ ဝရန်တာ မြင်ဖူးလား
ကျွန်တော်တွေ့ခဲ့ရသမျှ အိမ်အကုန်လုံးဟာ ဒီနိုင်ငံရဲ့ ရာသီဥတုနဲ့ လုံးလုံးမအပ်စပ်ပါဘူး။ လေဝင်လေထွက်စနစ် အင်မတန်ညံ့ဖျင်းပါတယ်။ အဲယားကွန်းမဖွင့်ဘဲ နှစ်မိနစ် လောက်နေလိုက်ရင် အလိုလိုကင်ပြီးသား ဖြစ်သွားနိုင်ပါတယ်။
ဘုရား ဘုရား မြန်မြန်ပြန်ထွက်မှ
ရိုးရာအိမ်တွေကမှ ဒီနိုင်ငံရာသီဥတုနဲ့ကိုက်ညီတာပါ။ ကြည့်လေ・・・လေဝင်လေထွက်လည်းကောင်းတယ်။ နေပူရင်အိမ်အောက်မှာ ဝင်နေလို့ရသေးတယ်။ ဘယ်လောက်အဆင်ပြေလိုက်သလဲ။


နောက်ဆုံးတော့ ဈေးသက်သာတဲ့
အိမ်မျိုးရှာပေးဖို့ သေချာပြောရပါတယ်။
တစ်ထပ်တိုက်
လေးလောက်
ဆိုလည်း
ရပါတယ်။
တွေ့လား
ဟိုမှာ ရေကူး
ကန်ကြီးနဲ့
ငါတို့ ပြောတာကို သူ
နားမလည်ဘူးထင်တယ်။
အိမ်ထဲကို ဝင်မနေတော့ဘဲ
အိမ်အပြင်ကနေပဲ ငြင်းနေရပါ
တော့တယ်။
နိုး
နိုး
နိုး
ခြေကုန်လက်ပန်းကျပြီး နေလောင်ရုံကလွဲလို့
ဘာမှ အလုပ်မဖြစ်ခဲ့ဘူး။
ဟော့ ဟော့
အကျိုးဆောင်နောက်တစ်ခုကို ပြောင်းလဲ
ဆက်သွယ်ရတယ်။ တကယ့်ကို ဈေးသက်သာ
တဲ့အိမ်မျိုးရှာပေးပါလို့ သေချာသတိပေးရပါ
တယ်။



ပမာပြည်မှ စွန့်စားခန်းများ
(၁)
အပူဒဏ်ကို မခံနိုင်တဲ့အဆုံး ဆံပင်ကို တိုသမျှ တိုအောင် ညှပ်ပစ်ရပါတော့တယ်။
ဒါပေမယ့် ကိုယ့်ဆံပင်ကိုယ် ညှပ်ရတာ သိပ်တော့မလွယ် လှပါဘူး။
တစ်ချက်ကလေးမှားလိုက်တာနဲ့ ကျွန်တော့်နောက်စေ့မှာ အကွက်ကြီး ဖြစ်သွားပါတော့တယ်။
တော်တော်ကို အာရုံနောက်ပါတယ်။ ဘာလုပ်လုပ် ပြောင်နေတဲ့နောက်စေ့ကို မကုတ်ဘဲမနေနိုင်တော့ပေ။
ဂျစ် ဂျစ်
ဒီကြားထဲ နေလောင်ဒဏ်ကခံရပါသေးတယ်။
နေလောင်ဒဏ်ကြောင့် မကြာခဏခေါင်းကိုက်ပါတယ်။
ခေါင်းကိုက်ရာကမှတဆင့် အဖျားဝင်လာပါတော့တယ်။
အား


လမ်းလျှောက်ထွက်ခြင်း
နေဝင်ချိန်မှာတော့ လေအေးကလေးတွေ တိုက်ကောင်းပါရဲ့လေ။
အဒါ
ကျွန်တော်တို့ပတ်ဝန်းကျင်ဟာ ကား ရှုပ်ထွေးမှုသိပ်မရှိဘဲ လမ်းလျှောက်ဖို့ သင့်လျော်ပါတယ်။
လက်တွန်းလှည်းတွန်းဖို့ သီးသန့် လမ်းမရှိဘဲ လမ်းမပေါ်မှာပဲ တွန်းရပါတယ်။
အဒါ
ဟင် ဘာလဲ
ကျွန်တော့်သားလေးဟာ ပန်းတွေကိုမြင်တော့ မနေနိုင်ပါဘူး။ လက်ညှိုးတထိုးထိုးနဲ့ ပွစာပါတော့တယ်။
ဖ • • • လား • • • ဝါး
အဒါ


ကျွန်တော့်သားလူးဝစ်ကိုပဲ ကျေးဇူးတင်ရမယ်။
တွေ့သမျှလူတိုင်းက လူးဝစ်ကို နှုတ်ဆက်ကာ ကလူကျီစယ်ကြပါတယ်။
သားသားလေးကလည်း အရမ်း ချစ်စရာကောင်းတာကိုး။
မိဘတိုင်းကတော့ ကိုယ့်သားသမီးကို ချစ်စရာ ကောင်းတယ်လို့ ပြောကြတာ ချည်းပါပဲ။
ဒါပေမယ့် ကျွန်တော့်သား လေးကတော့ တကယ်ကိုချစ် ဖို့ကောင်းတာပါဗျာ။ အပို ပြောတာ မဟုတ်ပါဘူး။
သူ့ကိုတွေ့ သမျှလူတိုင်း ကောက်မချီဘဲ မနေနိုင်ကြဘူး။
ဗမာမလေးများဟာ လူးဝစ်ကို အလုအယက် ပွေ့ဖက်နမ်းရှုပ်ကြပါတယ်။
နောက်နှစ်နှစ်ဆယ်လောက် ကြာရင် အခုလို အနမ်းခံရဖို့ လွယ်တော့မှာမဟုတ်ဘူး ငါ့သားရဲ့။


လမ်းဘေးမှာ အမောပြေသောက်နိုင်ဖို့အတွက် သောက်ရေအိုးစင်လေးတွေ ထားထားတာ စိတ်ဝင်စားဖို့ကောင်းပါတယ်။
ပူအိုက်တဲ့ရာသီဥတုနဲ့ အင်မတန်မှသင့်လျော်တဲ့ ဓလေ့စရိုက် တစ်ခုပါပဲ။
အဒါ
အတန်ငယ် ထပ်လျှောက်လိုက်တဲ့အခါ ခြံထဲက နေ မိန်းမတစ်ယောက် ပြေးထွက်လာပါတယ်။
ခြံထဲမှာ ကျန်ခဲ့တဲ့ မိန်းကလေးများဟာလည်း လက်ဝှေ့ယမ်း နှုတ်ဆက်နေကြတယ်။
ယောက်ျား လေးလား။ မိန်းကလေး လား
ယောက်ျားလေးပါ
နောက်တစ်ခေါက် တော့ ယောက်ျား ဆန်ဆန် ဆံပင်ပုံစံ ညှပ်ပေးဦးမှာပဲ
လူ့ဝစ်လေးကို တစ်ယောက်နဲ့ တစ်ယောက် လက်ဆင့်ကမ်းကာ ပွေ့ချီနေကြပါတယ်။


သူတို့တတွေရဲ့ အဖေဖြစ်ပုံရတဲ့ လူကြီးတစ်ယောက်ကို ခြံပြင် မ ထုတ်လာတယ်။
အဘိုးကြီးကတော့ ကျောက်ရုပ်ကြီးတစ်ရုပ်လိုပဲ လှုပ်ရှားမှုတစ်စက်မှုမရှိ။ အရမ်းလည်းပိန်ပါတယ်။
လူးဝစ်လေးကို တွေ့ရတဲ့အတွက် တော်တော်ပျော်နေပုံရပါတယ်။
လမ်းလျှောက်ရင်းနဲ့ပဲ တစ်ခါတလေ လမ်းပျောက်သွားတတ်ပါသေးတယ်။
ကျွန်တော်တို့ရပ်ကွက်ဟာ တိတ်ဆိတ်လွန်းလို့ပြီး လူသွားလူလာလည်း နည်းပါတယ်။
မကြောက်နဲ့
မကြောက်နဲ့
ဘာမှ ကြောက်စရာ
မလိုဘူး။


ခရီးထွက်ခြင်း
စီမံကိန်းနှစ်ခုကို ဖော်ဆောင်ဖို့အတွက်
ကျွန်တော့်မိန်းမဟာ သူ့အဖွဲ့နဲ့အတူ
ခရီးထွက်ရပါမယ်။
တစ်ညလုံး ဘတ်စ်ကားစီးသွားရမှာ ဖြစ်ပြီး
သုံးရက်ကြာမြင့်မယ့် ခရီးပါ။
ကလေးနဲ့ အခုလိုအကြာကြီးခွဲရတာ ပထမဆုံး
အကြိမ်ပါ။
ဒီလိုပဲ ကျွန်တော်နဲ့သားလေးတို့ နှစ်ယောက်
တည်းကျန်ခဲ့ရတာကလည်း ပထမဆုံးပါပဲ။


ကလေးထိန်းရတဲ့အလုပ်က တကယ်မလွယ်ပါဘူး။ တစ်နေ့ကုန်တစ်နေ့ခန်း မျက်ခြေမပြတ် ကြည့်ရှုစောင့်ရှောက်ထားရပါတယ်။
တစ်ခါတလေကိုယ့်ဘာသာကိုယ် ပြောဖြစ်တယ်။
ငါးမိနစ်လောက်တာအလုပ်ရှုပ်မယ့် ကစားနည်းမျိုးပေးထားလိုက်ရင် ငါလည်း ငါးမိနစ် နားချိန်ရမယ်။
ကံကောင်းချင်တော့ နေ့လယ်နားချိန် ရောက် ပါပြီ။
ဟာ ဟ မျက်လုံးကို ပွတ်နေပြီ အိပ်တော့မယ် မဟုတ်လား
ဝါး
မြန်လိုက်တာ
လူးဝစ်လေးရဲ့ နောက်ဆုံးပေါ်ကစားနည်းကတော့ ပစ္စည်းတွေကို ပြန်ယူရခက်တဲ့နေရာတွေထဲ ပစ်ထည့်တဲ့ ကစားနည်းပါ။
ပြန်ယူလို့မရတဲ့အခါ တဝါးဝါးနဲ့ငိုပြီး ဂျီကျပါတော့တယ်။
အဒါ
အဒါ
အဒါ
အဒါ
လာပြီ လာပြီ ခဏ


ကျွန်တော့်အတွက် ခဲရာခဲဆစ်ယူရလေလေ၊ သူက ပိုပြီးသဘောကျလေလေ။
ဟုတ်ပြီ ဟုတ်ပြီ။ ကဲအခု ဖေကြီးတို့တခြား ကစားနည်းကစားကြရအောင် ဟုတ်ပလား။
ဝါး
ဟုတ်ပြီ တော်ပြီနော် ဒါနောက်ဆုံးပဲနော်။
ဝါး
ဒါ တကယ့်ကို နောက်ဆုံးတစ်ခေါက်ပဲနော်။ နောက်တစ်ခါဆို လုံးဝ ပြန်မရှာပေးတော့ဘူးနော်။
ကျွန်တော့်မိန်းမ ပြန်ရောက်လာတဲ့အခါရင်သားတွေ ပြည့်ဖောင်းနေပါတယ်။ သုံးရက်လုံးလုံး ကလေးကို နို့မတိုက်ရဘူးမဟုတ်လား။
သားသား အိပ်နေပြီလား
အေး
အင်
ကံကောင်းချင်တော့ အချိန်ကိုက်ပဲ သားသားဟာ ပြန်နိုးလာပါတယ်။
ဝါး
အာဟ
အား ဘွား


အိမ်အသစ်
အိမ် ရွှေ့ကြပါပြီ
ကျွန်တော်တို့မိသားစုနေဖို့ အိမ်သစ်တစ်လုံးကိုခုချိန်ထိ မရှာနိုင်သေးပါဘူး။ ဒါကြောင့်ပြင်သစ်ကို ပြန်သွားတဲ့ မန်နေဂျာနေခဲ့တဲ့အခန်းကိုပဲ ပြောင်းရပါတော့တယ်။
ဆူနာမီလှိုင်းအန္တရာယ်ကြောင့် သီရိလင်္ကာကနေပြောင်းလာတဲ့ စာရင်းအင်းကျွမ်းကျင်သူအာဆစ်နဲ့အတူတူ ပူးတွဲနေရမှာဖြစ်ပါတယ်။
အာဆစ်လိုပဲ MSF က ဆရာဝန်တွေအားလုံးကလည်း ဆေးလိပ်ကို လက်ကြားကနေ မချကြပါဘူး။



ဘာပဲပြောပြော အခုပြောင်းလာတဲ့အိမ်က
ညှိရိပ်သာထက် သာတာကတော့ အမှန်ပေ။
ဘုရားသခင်
မွေ့ရာကလည်း
ကျောက်ခဲလို
မာတင်းနေပါလား။
အံ့မယ် အခန်းထဲမှာ စာရေးစားပွဲတစ်ခု
ရှိပါလား။ ငါ အလုပ်ပြန်စလို့ ရပြီပေါ့။
အိမ်ရှင်ထီးအဖြစ် ကလေးထိန်းနေရတာ
ပြဿနာတော့ မရှိပေမယ့် ကာတွန်းပြန်ဆွဲ
ချင်စိတ်တွေကို ထိန်းလို့မရတော့ပါဘူး။
စန်းနန်းဆိုတဲ့ အိမ်သန့်ရှင်းရေး အကူမိန်းမကြီး
ဟာနောက်ဆုံးမှာတော့ လူ့ဝစ်လေးရဲ့ ကလေး
ထိန်း ဖြစ်သွားပါတော့တယ်။
MSF
ကျွန်တော်တို့ ခြံစောင့် မောင်အေးအတွက်
တော့ လုပ်စရာအလုပ် များများစားစားမရှိပါ
ဘူး။


တခြားမြန်မာများလိုပဲ မောင်အေးဟာ တစ်နေ့ကုန်တစ်နေ့ခမ်း ကွမ်းတမြုံ့မြုံ့နဲ့ နေတတ်ပါတယ်။
MSF
ပြုံးလိုက်တဲ့အခါ ကွမ်းဒဏ်ကြောင့် မည်းပြီးရဲတွတ်နေတဲ့သွားတွေကို အတိုင်းသားမြင်တွေ့နိုင်ပါတယ်။
မည်းပြီးရဲထွက်တယ်ဆိုတာဒီလိုပါ။ သူကွမ်းဝါးနေတဲ့ဘက်က နီရဲနေပြီး ကျန် မဝါးတဲ့ တစ်ဘက်က မည်းတူးနေတာကို ဆိုလိုတာပါ။
ဒီသွားမည်းမည်းကြီးတွေနဲ့ ကောင်မလေးတွေကို ဘယ်လို ချိန်းတွေ့ပါလိမ့်။
မောင်အေးဟာ အသက်သိပ်မကြီးသေးသလို ကလေးတွေရဲ့အထာကို ကောင်းကောင်းသိပုံရပါတယ်။ လူ့းဝစ်လေးနဲ့ချက်ခြင်း အဆင်ပြေသွားပါတယ်။
အင်း ကလေးတွေက ကိုင်တွယ်ရလွယ်ပါတယ်။
အဒါ
အဒါ


မြန်မာလူမျိုးများဟာ ကလေးတွေကို တော်တော်ချစ်ပါတယ်။ မောင်အေးကချီပြီးရပ်ကွက်ထဲလျှောက်သွားထားတော့ လူးဝစ်လေးနဲ့ တစ်ရပ်ကွက်လုံး ခင်နေကြပါပြီ။
ဘာကြောင့်လဲဆိုတော့ကျွန်တော်လမ်းလျှောက်ထွက်တဲ့အခါ
လူးဝစ်ရေ
လူးဝစ်လေး
အဲ၊ ဘယ်သူလဲဟ၊ ငါလည်းမသိပါလား။
လူးဝစ်ရေ
လူးဝစ်လေး
လူးဝစ်
လူးဝစ်ရေ
ဟူး ငါ့သားကတော့ ဒီမှာ တော်တော်နာမည်ကြီးနေပါလား
ရပ်ကွက်ထဲက လူကြီးတစ်ယောက်ကလူးဝစ်ကို တွေ့တဲ့အခါ မြန်မာလိုနှုတ်ဆက်နည်း သင်ပေးပါတယ်။
မ
ဂ်
လာ
ဘာ
ကျွန်တော်နဲ့ နှစ်ယောက်ချင်းပြန်တွေ့တဲ့အခါ ကျွန်တော်က မြန်မာလိုနှုတ်ဆက်လိုက်ပါတယ်။ အဘိုးကြီးက ဘာမှပြန်မပြောပေမဲ့
မင်္ဂလာပါ
နည်းနည်းတော့ ကြောင်စီစီနိုင်တာပေါ့။


နိဘယ်ဆုရှင်
ငါတို့လမ်းကျဉ်းကျဉ်းလေးထဲမှာ ဘာဖြစ်လို့ ကားတွေ အဲဒီလောက်ဖြတ်နေရတာလဲ ဘတ်(စ်)ကားတွေမြန်ချက်ကတော့ ကြောက်စရာကြီး။
ဒေါ်အောင်ဆန်းစုကြည်အိမ်ရှေ့က လမ်းမကြီးကို ပိတ်ထားလို့ အခုလို လမ်းကျဉ်းလေးထဲ စုပြုံသွားနေရတာလေ
သူက ဒီနားမှာ နေတာလား။
အေး လမ်းဆုံးရင် ညာဘက် ကွေ့လိုက် သိပ်မသွားရဘူး။
အိုး နိဘယ်ငြိမ်းချမ်းရေး ဆုရှင်က ငါတို့နားမှာပဲ နေတာတဲ့ သိလားကွ။
အင်း MSF အဖွဲ့ကလည်း နိဘယ်ငြိမ်းချမ်းရေးဆုကို ၁၉၉၉ ခုနှစ်ကရခဲ့တာ ဆိုတော့
နိဘယ်ငြိမ်းချမ်းရေးဆုရှင်တွေ တိုက်တိုက်ဆိုင်ဆိုင်လာတွေ့နေတာပေါ့။
ဒါပေမယ့်


အင်း မှာလိုက်တဲ့အတိုင်း လမ်းထိပ်ထွက် ညာဘက် ကွေ့
အင်းဟုတ်သားပဲ ကားတွေအကုန်လုံးက လမ်းမကြီးအတိုင်း ဆက်မသွားဘဲ ငါတို့လမ်းကျဉ်းလေးထဲ ကွေ့ဝင်လာကြတာကိုး
ဒါကြောင့် ငါတို့လမ်းလေးဟာ လမ်းမကြီးလို စည်ကားနေတာကိုး။
ဒေါ်အောင်ဆန်းစုကြည်ကြောင့် ဒီလိုစည်ကားရတာ။
ကျေးဇူးပါပဲ ဒေါ်စုရယ်။
ကဲ လာ သွားကြစို့
အဒါ
ဘာမှမဟုတ်တဲ့ ကလေးအဖေတစ်ယောက်နဲ့ ကလေးတစ်ယောက်ဖြတ်သွားမှာကိုတော့ မတားမြစ်လောက်ပါဘူးနော်။
သူတို့ဘာပြောပြော နားမလည်သလို ရှူးချင်ယောင်ဆောင်ကြည့်ပါသေးတယ်။ ဒါပေမယ့် အလုပ်မဖြစ်ပါဘူး။ ကမ္ဘာပေါ်မှာ နာမည်အကြီးဆုံးနိုင်ငံရေး အကျဉ်းသားအိမ်ရှေ့ကို ဖြတ်သန်းခွင့် မရခဲ့ပါဘူး။


တကယ်တော့ သူဟာအကျဉ်းသားတစ်ယောက်မဟုတ်ပေ။ အချိန်မရွေး ဒီနိုင်ငံထဲကနေ ထွက်ခွာသွားခွင့်ရှိပါတယ်။ ဒါပေမယ့် သူနိုင်ငံကို ဘယ်တော့မှမစွန့်ခွာခဲ့ပါဘူး။ အာဏာရှင်လက်အောက်မှာ သူချစ်တဲ့ပြည်သူတွေနဲ့အတူတူ ကြံ့ကြံ့ခံရင်ဆိုင်ခဲ့ပါတယ်။
၁၉၈၈ ခုနှစ် မြန်မာပြည်သို့ပြန်ရောက်လာတဲ့နောက်ပိုင်းမှာ ဒေါ်အောင်ဆန်းစုကြည်ဟာ NLD ပါတီကိုဖွဲ့စည်းပြီး အာဏာရှင်များကို ရေှ့တန်းမှဆန့်ကျင်ခဲ့ပါတယ်။ ၉၀ ခုနှစ်ရွေးကောက်ပွဲမှာ ဆန္ဒမဲ ၈၀ ရာခိုင်နှုန်းအကျော်အနိုင်ရခဲ့ပေမယ့် အာဏာတော့မရခဲ့ပါဘူး။ အာဏာအစား ရခဲ့တာကတော့ နေအိမ်အကျယ်ချုပ်ဆိုတဲ့ မတရားမှုတစ်ခုကိုပါပဲ။
လွန်ခဲ့တဲ့ ၁၅ နှစ်လုံးလုံး အိမ်လေးတစ်လုံးထဲမှာအထီးကျန်ဖြတ်သန်းခဲ့ရပါတယ်။ သတင်းစာ၊ တီဗီ၊ အင်တာနက် ဘာတစ်ခုမှသုံးခွင့်မရခဲ့ပါ။ ပြင်ပကမ္ဘာနဲ့ဆက်သွယ်စရာဆိုလို့ ရေဒီယိုတစ်ခုတည်းကိုသာ အားကိုးခဲ့ရပါတယ်။ နေအိမ်အကူနှစ်ယောက် တစ်လတစ်ခါကျန်းမာရေးစစ်ပေးတဲ့ ဆရာဝန်တစ်ယောက်နဲ့ အသက်ဖြဝကို ကျော်လွန်ခဲ့ပါပြီ။


ဘယ်လိုလှည့်ပတ်ပြောပြော ခွင့်မပြုပါဘူး။ နောက်ဆုံးမှာ စိတ်မရှည်ပုံရတဲ့ အစောင့် တစ်ယောက်က မေးပါတယ်။
မင်းက နိုင်ငံခြားသားလား
အဲ ဟိုဟာလေ တကယ်တော့
ဟုတ် ဟုတ် ဟုတ်ပါတယ်။
နိုင်ငံခြားသားဆို ဖြတ်ခွင့်မရှိဘူး။
အဲ
ကျွတ်၊ ငါသာ ဗမာရုပ်နဲ့ဆိုရင် ဖြတ်ခွင့်ရမှာ အခုတော့
ဟာ စိတ်ကူး တစ်ခုရပြီ။
ဒီလိုလုပ်မယ်၊ ဒီကောင်တွေဆီ နေ့တိုင်း ပြန်လာမယ်။ ဖြတ်သန်းခွင့် ရဖို့ တောင်းဆိုမယ်။
ခွင့်မပြုလည်း ကိစ္စ မရှိဘူး။ နောက်တစ်နေ့ပြီး နောက်တစ်နေ့ ခွင့်ပြုချက် မရမချင်း ပြန်လာမယ်။
တစ်ရက်နဲ့ မရရင် တစ်ပတ်၊ တစ်ပတ်နဲ့ မရရင် တစ်လ။ မရမချင်း ငွဲမလျှော့ဘူး။ ဒီလိုဆိုရင်အာဏာပိုင်တွေ ကလည်း ငါ့ကို သတိထားမိသွား လိမ့်မယ်။
ရန်ကုန်မြို့က လူတွေကလည်း ဒေါ်စုအိမ် ရှေ့ကိုဖြတ်ခွင့်ရဖို့ မဆုတ် မနစ်ကြိုးစားနေတဲ့ နိုင်ငံခြား သားတစ်ယောက်ဆိုပြီး ငါ့ကို ဝိုင်းဝန်းထောက်ခံ အားပေး ကြလိမ့်မယ်။


ငါကို စောင့်ဆိုင်းအားပေးရင်းနဲ့ လူအုပ်ကြီးက တဖြည်းဖြည်းကြီးလာလိမ့်မယ်။ တဖြည်းဖြည်းနဲ့ ငြိမ်းချမ်းစွာဆန္ဒပြပွဲအသွင်ကူးပြောင်းသွားလိမ့်မယ်။
လူစုလူဝေးကြီးကို တွေ့သွားတဲ့အခါ အာဏာပိုင် အဖွဲ့အစည်းများကလည်း တွေဝေသွားလိမ့်မယ်။
ဒီကြားထဲ နိုင်ငံတကာအသိုင်းအဝိုင်းက ဝိုင်းဝန်းပြီး ဖိအားပေးလိုက်တဲ့ အခါ····
ပွဲသိမ်းပြီပေါ့။ ငါ့ကိုတွေ့တာနဲ့ ဘာတစ်ခွန်းမှ မမေးရဲဘဲဖြတ်သန်းခွင့်ပေးရလိမ့်မယ်။ အဲဒီအခါ ငါကလည်း ဒေါ်စုအိမ်ရှေ့ကနေ ခေါင်းမော့ ရင်ကော့ပြီး ဖြတ်လျှောက်ပြီး
ဟိုင်း ဒေါ်စု
လို့ အားရပါးရ နှုတ်ဆက်လိုက်မယ်
ဟုတ်ပြီ မနက်ဖြန်ကစပြီး အဲဒီစိတ်ကူးကိုအကောင်အထည်ဖော်ရမယ် တွေ့ ကြသေးတာပေါ့
နောက်တစ်နေ့အဲဒီအချိန်မှာ လုပ်ဖြစ်နေတာကတော့



မွေးနေ့
MSF က လက်ထောက်မန်နေဂျာ တစ်ယောက်က သူ့ကလေးမွေးနေ့ဆိုပြီး ကျွန်တော်တို့မိသားစုကို ဖိတ်ပါတယ်။
မြန်မာလူမျိုးတွေရဲ့ အိမ်တွေကို တစ်ခါမှ သွားမလည်ဖူးသေးတာနဲ့ အတော်ပဲ။
အဲ့ဒီမှာပဲသူ့ကလေးလေးကို အမည်ပေးကင်ပွန်းတပ်ခဲ့ပါတယ်။ ဒါပေမယ့် လူတိုင်းကတော့ ကလေးကို မိဘတွေခေါ်တဲ့ နာမည်ပြောင်ကိုပဲ ခေါ်လေ့ရှိပါတယ်။
အဂူး
အဂူး
အဲ့ဒီလိုငယ်နာမည်ကိုခေါ်တာ မြန်မာ့ဓလေ့တစ်ခုပါပဲ။ အသက်ကြီးတဲ့တိုင်အောင် ငယ်နာမည်ကိုပဲ ခေါ်လေ့ရှိပါတယ်။
သူတို့အိမ်က လူနေထူထပ်တဲ့ရပ်ကွက်ကြီးတစ်ခုထဲမှာပါ။
A-105
103


သူတို့တွေ တပ်ထားတဲ့လူခေါ် ခေါင်းလောင်းစနစ်ကို ကြည့်စမ်း ဘယ်လောက် မိုက်သလဲ။
လျှပ်စစ်ပုံမှန်မရတဲ့ ဒီလိုနိုင်ငံမှာ လျှပ်စစ်ခေါင်းလောင်းကိုအားကိုးလို့ ဘယ်ရမလဲ
မဆိုးဘူးဟ လူခေါ်ခေါင်းလောင်းတင်မက သတင်းစာတို့ ဘာတို့ပါ အောက်ဆင်းယူစရာမလိုဘဲ။
အပေါ်ကို ဆွဲတင်လိုက်ရုံပဲ။
တွေ့လား
ဟော့ လေကားထောင့်တိုင်းမှာ ကွမ်းတံတွေးတွေ ပေနေတာ မင်းသတိထား မိလား။
အညိုရောင်အကွက်ကြီးတွေဖြစ်နေပြီ
ဟောဒီမှာကြည့်စမ်း ဒီငါးလွှာမှာကျတော့ ကွမ်းတံတွေးကွက်ကြီးမရှိတော့ဘူး။ အဲဒီအစား ခွက်တစ်ခွက်ခံပေးထား တယ်။
ဟင်
အဟား တစ်ဝက်တောင် ပြည့်နေပါပြီလား။ ကွမ်းတံတွေးအများကြီးပဲဟ
ရှင် ဘာတွေ လျှောက်ကြည့် နေတာလဲ ရွံ့ စရာကြီးတွေ
ဘယ်နှယ့်ရွံ့စရာတွေရ မှာလဲ လာကြည့်စမ်းပါ။
ကျွတ်


ကျွန်တော်တို့ရောက်သွားတော့ ဧည့်သည် တချို့ရောက်နှင့်နေကြပြီ။ ကြမ်းပြင်ပေါ်မှာ ထိုင်ပြီး စားသောက်နေကြပါတယ်။
ကလေးနာမည်က ဘာတဲ့လဲ
ဟင် ကျွန်မ လည်းတစ်ခါမှမမေးရ သေးဘူး။
တစ်ဝိုင်းကစားပြီးလို့ ထသွားတဲ့အခါ အဲဒီ ဝိုင်းမှာပဲ နောက်ရောက်လာတဲ့လူတွေက ဝင်စားကြတယ်။
ငါတို့ထသွားသင့်ပြီထင်တယ်။ ဟိုမှာ ဧည့်သည်တွေ ထပ် ရောက်လာပြီ။
တစ်နာရီတောင်မပြည့်သေးဘဲ ကျွန်တော်တို့ လှည့်ပြန်ခဲ့ကြတယ်။
အဲဒီလို မြန်မြန်ပြန်ဖို့မမှန်းခဲ့ကြလို့အချိန်တွေပိုလာတယ်။
ကဲ အခုဘာလုပ်ရင် ကောင်းမလဲ
ဘုရားသွားကြမလား
ဘုရားကိုလား




လုပ်ငန်းခွင် ပြန်လည်စတင်ခြင်း
နောက်ထပ်အိမ်တစ်လုံးကို အကျိုးဆောင်ကပြပါသေးတယ်။ သိပ်မဆိုးလှပေမယ့် မိသားစုတစ်ခုလုံးနေဖို့တော့ကျဉ်းလွန်းလှတယ်။
အာဆစ်ကတော့ ကျွန်တော်တို့မိသားစု လွတ်လွတ်လပ်လပ်မနေရတဲ့အတွက် အိမ်ပြောင်းချင်ပြောင်းဖို့အကြံပြုပါတယ်။
အဓိကကတော့ အခုချိန်ထိ ဘာပုံမှ မဆွဲနိုင်သေးတဲ့ ကျွန်တော့်ကို အားတုံ့အားနာဖြစ်နေပုံပါပဲ။
တကယ်တော့ ကျွန်တော့်ကိစ္စတွေနဲ့ကျွန်တော် အလုပ်ရှုပ်ပြီး ဘာပုံမှမဆွဲနိုင်တာပါ။ အာဆစ်နဲ့အတူနေရတာ ဘာအနှောင့်အယှက်မှမရှိပါ။
ရုပ်ရှင်လေး ဘာလေး မလာဘူးလား။


နောက်နေ့မှာတော့ စားပွဲခုံလေးတစ်ခု အမြန်ဝယ်လိုက်ပြီး ကာတွန်းဆွဲဖို့ စတင်ပြင်ဆင်ပါတော့တယ်။
ကံကောင်းချင်တော့ ကျွန်တော်ပုံဆွဲဖို့ ပြင်ဆင်ထားတဲ့အခန်းဟာ အိမ်တစ်ဖက်ကနေ လှည့်ဝင်မှ ရပါတယ်။
LIVING ROOM
BEDROOM
အဲဒီတော့ သီးသီးသန့်သန့်သဘောရှိပြီး မနက်တိုင်းအလုပ်သွားရသလို ဖြစ်နေပါတယ်။
တာ့တာ ဖေကြီး အလုပ်သွားတော့ မယ်နော်
ကြည့်စမ်း ငါ့အလုပ်က ဘယ်လောက်ကောင်းသလဲ သူများတွေလို ဘူတာရုံထဲမှာအချိန်ကုန်စရာမလို ဘူးပေါ့။
အဲ···ဒါပေမယ့် မြက်တောထဲကနေ မြွေတွေ ဘာတွေထွက်လာမလားလို့ တော့ပူရတယ်။


ဓာတ်ပုံ
အဲ ဒီနိုင်ငံက တိုက်ပုံစံတွေကို မမှတ်မိပါလား
ဟောဒီလိုဓာတ်ပုံလေးရိုက်ယူပြီး ပြန်ကြည့်ဆွဲမယ်ဆိုရင်တော့
ဘာခက် တာမှတ်လို့
ကလစ်
ဟဲ ဟဲလို ကျွန် ကျွန်တော်က ဗိသုကာကျောင်းသားတစ်ယောက်ပါ ဗျာ ခင်ဗျားတို့တိုက်တွေရဲ့ ဗိသုကာ ပညာလေးစားလွန်းလို့ ဓာတ်ပုံရိုက် ရတာပါ။


တာဝန်ကျေပွန်ခြင်း
ကျွန်တော်ပုံဆွဲနေတဲ့အချိန်မှာ လူးဝစ်လေးကို စန်းနန်းက ထိန်းကျောင်းပါတယ်။
စန်းနန်ဟာကချင်လူမျိုးဖြစ်ပါတယ်။ ကချင်ဟာ မြန်မာပြည်ရဲ့မြောက်ဖျားအစွန်မှာရှိပြီး တရုတ်နဲ့အိန္ဒိယနိုင်ငံရဲ့ ကြားမှာ ရှိပါတယ်။
KACHIN STATE
RANGOON
စန်းနန်ဟာ ဘာသာစကားတော်တော်များများ ပြောတတ်ပါတယ်။ ကချင်၊ ဗမာနဲ့အင်္ဂလိပ်လို မတောက်တစ်ခေါက် ပြောတတ်ပါတယ်။
သူမအိပ်နေတယ်။
မဟုတ်ဘူး သူအိပ်နေတယ်
MSF
စန်းနန်ရဲ့ အင်္ဂလိပ်စကားကိုနားလည်ဖို့ရာ အတော်ကြိုးစားရပါတယ်။ အဓိကကတော့ ယောကျ်ားလေး၊ မိန်းကလေး မခွဲတတ်ဘဲ ရောနေတာပါ။
သူမ အရမ်းပင်ပန်းနေတယ်
သူ အရမ်း ပင်ပန်းနေတယ်
MSF
တစ်ခါတလေတော့ လူးဝစ်လေးကို တကယ်ပဲ မိန်း ကလေးများထင်နေလားလို့ သံသယပွား မိပါသေးတယ်။
ဒီထက် ဆံပင်ကို ပိုတိုတိုညှပ်ပေးမှ ထင်တယ်။


ဒုက္ခပဲ ငါ့စားပွဲကို
ရှင်းထားပြန်ပြီ
ကျွန်တော့်စားပွဲကို မရှင်းဖို့ စန်းနန်ကို
ပြောထားတာ အကြိမ်ကြိမ်အခါခါရှိပါပြီ။
ဒါပေမယ့် ဘယ်တော့မှနားမထောင်ပါဘူး။
တစ်ရက်မှာတော့ အခြေအနေ
တော်တော်ဆိုးသွားပါတယ်။ ကျွန်
တော် လက်စသတ်ထားပြီးသား ပုံ
တစ်ပုံပေါ်မှာ မှင်ရည်တွေမှောက်
ထားပါတယ်။
ဟာ
ဒါနဲ့ ပီကာဆိုလုပ်သလိုလုပ်
ရပါတော့တယ်။
အပြင်လူ
လုံးဝမဝင်ရ။
အဲဒီတော့မှပဲ မရပ်မနား စိတ်
ကြိုက်ပုံဆွဲခွင့် ရပါတော့တယ်။
ဟတ်ချိုး
ဟတ်ချိုး
စန်းနန်ကသာ ဂရုမစိုက်တာ ကျွန်
တော့်မိန်းမကတော့ ကျွန်တော့်သတိ
ပေးချက်ကိုလေးစားလိုက်နာပါတယ်။
အချစ်ရေ....
ရန်ကုန်ကော့သတ်
လာသွားတယ်။
နှုတ်ဆက်ပါတယ်လို့
ပြောပေးပါတဲ့
အာ သေဟ





သံသရာခရီးသည်
မနက်ရှစ်နာရီတိုင်း လူတစ်ယောက်ဟာ ကျွန်တော်တို့အိမ်ရှေ့ကနေ ကြေးစည်ထုပြီး ဖြတ်သွားလေ့ရှိပါတယ်။
သူ့နောက်မှာတော့ သံဃာတော်ပေါင်းများစွာဟာ စီတန်းလမ်းလျှောက်လာပါတယ်။
ရပ်ကွက်တွင်း လှည့်လည်ဆွမ်းခံကြပါတယ်။
ဆွမ်းထမင်းကိုတော့ ဘုန်းကြီးများရဲ့ သပိတ်ထဲကိုထည့်ပြီး ဆွမ်းဟင်းများကိုတော့ နောက်ဆုံးကနေ လှည်းနဲ့တွန်းလာတဲ့လူဆီကို ပေးပါတယ်။
မနက် ရှစ်နာရီနဲ့ ခြောက်နာရီတို့မှာ ဆွမ်းခံကြွလာတာကို တွေ့မြင်နိုင်ပါတယ်။
ဒင်
ဒင်



ဘုန်းကြီးများဟာ မနက်စောစောတစ်ကြိမ်နဲ့ နေ့လယ်တို့မှာပဲ အစာစားခွင့်ရှိပြီး ညဘက်တွေမှာတော့ ဘာမှမစားရပါဘူး။
မြန်မာလူမျိုးများဟာ အသက် ၁၁နှစ်ခန့်ရောက်လာရင် ရှင်ပြုပေးရပါတယ်။ ရှင်ပြုတယ်ဆိုတာ မိမိရင်သွေးသားငယ်များကို သာသနာဘောင်အတွင်း သွတ်သွင်းရတာပါ။
ဒင် ဒေါင်
ဟော ကိုရင်လေးတွေလာတော့မယ် ဆွမ်းသွားလောင်းကြရအောင်
ဒင်
မင်္ဂလာပါ
မင်္ဂလာပါ
မင်္ဂလာပါ
အိမ်နီးနားချင်းတွေ အကုန်လုံးဟာလည်း ချိုင့်ကိုယ်စီနဲ့ ဆွမ်းထွက်လောင်းကြပါတယ်။
သပိတ်ထဲမှာ ပြည့်မောက်နေတဲ့ဆွမ်းတွေကို မြင်ရုံနဲ့ မြန်မာလူမျိုးတို့ရဲ့ သဒ္ဓါစိတ်ကို ခန့်မှန်းနိုင်ပါတယ်။
အခုလို သဒ္ဓါတရားထက်သန်စွာ လှူဒါန်းရခြင်းကြောင့် နောက်ဘဝမှာ ယခုဘဝထက် အဆင့်ပိုမြင့်မယ်လို့ မြန်မာလူမျိုးများက ယုံကြည်ကြပါတယ်။



ဆွမ်းလှူခြင်းတင်မကဘဲ ဘုရားကျောင်း
ဆောက်လုပ်ခြင်း၊ အဟောင်းပြုပြင်ခြင်း
ရွှေသင်္ကန်းကပ်ခြင်းများကြောင့်လည်း
နောက်ဘဝမှာ
ဒီထက်ကောင်းမွန်တဲ့ ဘဝကိုရရှိနိုင်ပါတယ်။
ဒါကြောင့်လည်း ဦးနေဝင်းဟာ ဘုရားကျောင်း
တော်တော်များများကို ပြုပြင်တည်ဆောက်
ခဲ့ခြင်း ဖြစ်ပါတယ်။
ဘာဖြစ်လို့လဲဆိုတော့ နောက်ဘဝရောက်ရင်
ဖားတွေကြွက်တွေရဲ့ နိုင်ငံမှာ အာဏာရှင်
မဖြစ်ချင်လို့တဲ့လေ။
ဘယ်လောက်
ကြည်နူးဖို့ကောင်း
လဲကွ ဟင်။
ကိုရင်လေး
တွေကလည်း
ချစ်စရာလေး
တွေနော်
ဒီနေ့ကစပြီး နေ့တိုင်း
ဆွမ်းလောင်းကြရအောင်
နောက်တစ်နေ့ ဘုန်းကြီးတွေကြွလာတဲ့အခါ
ZZZ!
မြန်မာလူမျိုးတွေဟာ ထေရဝါဒဗုဒ္ဓဘာသာကို
ယုံကြည်ကိုးကွယ်ကြပါတယ်။ ထေရဝါဒဆိုတာ
ဗုဒ္ဓလမ်းညွှန်ပြသခဲ့တဲ့ကျင့်စဉ်နည်းလမ်းနဲ့စည်း
ကမ်းချက်များကိုစုစည်းထားခြင်း ဖြစ်ပါတယ်။



ထေရဝါဒအယူတွင် ဗုဒ္ဓဟာ တန်ခိုးရှင်တစ်ပါး မဟုတ်ပေ။ ဗုဒ္ဓထံတွင် ဘာတစ်ခုမှ ဆုတောင်းလို့ရမှာမဟုတ်သလို ဗုဒ္ဓကလည်း ဘယ်သူ့ကိုမှ ကာကွယ်စောင့် ရှောက်မှာမဟုတ်ပါဘူး။
ဗုဒ္ဓကိုယ်တိုင်ကျင့်ကြံတဲ့ လမ်းစဉ်များကိုသာ ပြသပေးသွားမှာ ဖြစ်ပါတယ်။ ကိုယ်တိုင်လုပ်မှ ကိုယ်တိုင်ရမှာပါ။
နိဗ္ဗာန်ချမ်းသာရောက်ဖို့ရာအတွက်တော့ အင်မတန်ကြိုးစားအားထုတ်မှပဲ အောင်မြင်နိုင်မှာပါ။ နိဗ္ဗာန်ရဖို့ရာခက်ခဲတဲ့အတွက် ထေရဝါဒကို ကားငယ်လေးနဲ့ နှိုင်းယှဉ်ပါတယ်။
MAHAYANA
မဟာယာန
ထေရဝါဒ
လာအို
သီရိလင်္ကာ
ထိုင်း
အိန္ဒိယ၊ တရုတ်၊
ကိုရီးယား၊ ဗီယက်နမ်
အင်း နိဗ္ဗာန်ရောက်ရင်တော့ တကယ်ချမ်းသာသုခကို ခံစားရမှာပါလား။
ဒီကိုရောက်တုန်း ရောက်ခိုက်အကျိုးရှိ အောင်စမ်းသပ်ကြည့်ဦးမှ
ကျွန်တော့်အိမ်နားမှာပဲ နိုင်ငံခြားသားများ အတွက် အထူးရည်ရွယ်ဖွင့်လှစ်ထားတဲ့ တရားစခန်းတစ်ခုရှိပါတယ်။
INTERNATIONAL MEDITATION CENTER
ဝင်လေ့လာဦးမှ
မလွယ်ပါဘူး။ အနည်းဆုံး ဆယ်ရက် တရားစခန်းဝင်မှ လက်ခံမယ်ဆိုတာကြောင့်ခေတ္တခဏ လက်လျှော့ထားရပါတယ်။


ပုဂံခရီးသည်


HOTEL




MSF
နယ်စည်းမခြား
ဆရာဝန်များအဖွဲ့
မြန်မာပြည်မှာ MSF အဖွဲ့ သုံးဖွဲ့လာရောက် ကူညီလျက်ရှိပါတယ်။MSF ဟော်လန်MSF ဆွစ်ဇလန်နဲ့ ကျွန်တော်တို့ရဲ့ MSF ပြင်သစ်အဖွဲ့ တို့ဖြစ်ပါတယ်။
MSF
ထိုအဖွဲ့သုံးဖွဲ့စလုံးဟာ မြန်မာနိုင်ငံတွင်း အလွန်ဝေးခေါင်တဲ့ဒေသများဆီ သွားရောက်ကာ တာဝန် ထမ်းဆောင်လျက်ရှိကြပါတယ်။
INDIA
CHINA
BANGLA DESH
MYANMAR
LAOS
THAILAND
MSF HOLLAND
MSF SWITZERLAND
MSF FRANCE
အရေးပေါ်ကုသမှုများ၊ ဆေးထောက်ပံ့ရေးများ၊ ငှက်ဖျားတိုက်ဖျက်ရေးစီမံချက်များ စသဖြင့် များပြားလှတဲ့တာဝန်များကို ထမ်းရွက်လျက်ရှိပါတယ်။
MSF ပြင်သစ်အဖွဲ့ကတော့ ထိုင်း-မြန်မာနယ်စပ်ဖြစ်တဲ့ မွန်ပြည်နယ်နဲ့ ကယားပြည်နယ်တို့မှာ တာဝန်ယူကုသပေးပါတယ်။
MYANMAR
LAOS
KAREN STATE
MON STATE
THAILAND
YANGON
လွတ်မြောက်ရေးလို့ နာမည်ခံထားတဲ့ လက်နက်ကိုင်အဖွဲ့အစည်းများက နယ်မြေတော်တော်များများကို ချုပ်ကိုင်ထားပါတယ်။
SPDC
KPF
KNU
DKBA


MSF
နယ်စည်းမခြား
ဆရာဝန်များအဖွဲ့
မြန်မာပြည်မှာ MSF အဖွဲ့ သုံးဖွဲ့လာရောက် ကူညီလျက်ရှိပါတယ်။MSF ဟော်လန်MSF ဆွစ်ဇလန်နဲ့ ကျွန်တော်တို့ရဲ့ MSF ပြင်သစ်အဖွဲ့ တို့ဖြစ်ပါတယ်။
MSF
ထိုအဖွဲ့သုံးဖွဲ့စလုံးဟာ မြန်မာနိုင်ငံတွင်း အလွန်ဝေးခေါင်တဲ့ဒေသများဆီ သွားရောက်ကာ တာဝန် ထမ်းဆောင်လျက်ရှိကြပါတယ်။
INDIA
CHINA
BANGLA DESH
MYANMAR
LAOS
THAILAND
MSF HOLLAND
MSF SWITZERLAND
MSF FRANCE
အရေးပေါ်ကုသမှုများ၊ ဆေးထောက်ပံ့ရေးများ၊ ငှက်ဖျားတိုက်ဖျက်ရေးစီမံချက်များ စသဖြင့်များပြားလှတဲ့တာဝန်များကို ထမ်းရွက်လျက်ရှိပါတယ်။
MSF ပြင်သစ်အဖွဲ့ကတော့ ထိုင်းမြန်မာနယ်စပ်ဖြစ်တဲ့ မွန်ပြည်နယ်နဲ့ ကယားပြည်နယ်တို့မှာ တာဝန်ယူကုသပေးပါတယ်။
MYANMAR
LAOS
KAREN STATE
MON STATE
THAILAND
YANGON
လွတ်မြောက်ရေးလို့ နာမည်ခံထားတဲ့ လက်နက်ကိုင်အဖွဲ့အစည်းများက နယ်မြေတော်တော်များများကို ချုပ်ကိုင်ထားပါတယ်။
SPDC
KNU
DKBA


လူဦးရေထိန်းချုပ်ဖို့
ဆေးဝါးဌာန
လုပ်ပိုင်ခွင့်
လုံခြုံရေး
လူးဝစ်လေးနဲ့ပဲ ညတိုင်းအချိန်ကုန်နေရတာနေ ဒီနေ့တော့ လူကြီးတွေနဲ့ ဝိုင်းဖွဲ့ ဖြစ်ခဲ့ပါတယ်။
ကျွန်တော့်မိန်းမပါဝင်တဲ့ MSF အဖွဲ့သားများဖြစ်ကြပြီး တော်တော်များများကလည်း ကျွန်တော့်ကို သိကြပါတယ်။
လူ့အခွင့်အရေးတွေ ဆေးဝါးကုသမှုတွေ အကြောင်း တစ်ယောက်နဲ့တစ်ယောက် ရေပက်မဝင်အောင် ပြောဆိုနေကြပါတယ်။
ကျွန်တော်ကတော့ နားထောင်သမား သက်သက်ပါ။
ကျွန်တော့်မှာ ပြောစရာဆိုလို့ စီးတီးမတ်မှာ ကလေးသေးစိုခံ ဂွမ်းထုတ်တွေ အသစ်ရောက်နေပြီဆိုတာကလွဲလို့ ဘာမှမရှိပါဘူး။


ခိုးကူး
ဟွန်းမတီးရ
ဒီနိုင်ငံမှာ DVD တစ်ချပ်ကို ကော်ဖီတစ်ခွက်နှုန်းနဲ့ ဝယ်ယူနိုင်ပါတယ်။
MATRIX
NEW
SPIDERMAN
KUROSAWA
BERGMAN
W.ALLEN
နိုင်ငံတကာမှာရုံတင်ပြသဆဲကားများကို ဒီနိုင်ငံမှာ တစ်ပတ်အတွင်း အခွေ ဝယ်ယူကြည့်ရှုနိုင်ပါတယ်။
ရုပ်တွေကလည်း မှန်ဝါးတုန်ခါတာပဲနော်။
တယ်လီဖုန်းကင်မရာနဲ့များ ခိုးရိုက်ထားတာလားမသိဘူး။
ခိုးကူးခွေတွေဟာ တရုတ်နဲ့ထိုင်းတို့ကနေ ဝင်ရောက်လာတာဖြစ်ပါတယ်။ ကာဗာမှာ ရေးထားတဲ့စာတွေကတော့ အမှားအယွင်းတွေနဲ့ ကိုးရိုးကားယားနိုင်လွန်းပါတယ်။
ဒီကားက အော်စကာနစ်ခုတောင် ရတယ်ဆိုပါလား။
ဟုတ်ပုံမလား ဆရာသမားတို့ရယ်။
ခိုးကူးခွေပေါ်မှာ သတိပေးစာတောင်ပါပါသေးတယ်
ဩော် ဩော်
ထပ်မံကူးယူခြင်း ဖြန့်ချိရောင်းချခြင်း အများပြည်သူနှင့်သက်ဆိုင်သော နေရာများတွင် ပြသခွင့်မပြု
မှတ်သားလောက်စရာပါလားနော်။


တစ်ရက်မှာတော့ အစိုးရကနေ နိုင်ငံခြားရုပ်ရှင်များကို ရောင်းချခွင့် ပိတ်ပင်လိုက်ပါတယ်။
NEW RELEASES
အိုး ဆိုးလှချည်လား
ငါးရက်တစ်ကားပြီးအောင် ဗီဒီယိုကင်မရာအသေးစားနဲ့ ရိုက်ထားတဲ့ မြန်မာကားပဲ ရခဲ့တယ် ကြည့်ဦးမလား။
အင်္ဂလိပ်စာတန်းထိုးပါလို့လား
သိဘူးလေ
ဇာတ်လမ်းအသစ်တွေ ကြည့်ရှုဖို့ရာအတွက်တော့ ထိုင်းကပြန်လာတဲ့ မိတ်ဆွေတွေကိုပဲ အားကိုးရပါတော့တယ်။ တကယ်တော့ ထိုင်းမှာလည်း ခိုးကူးခွေရောင်းချခွင့်မရှိပါဘူး။ ဒါပေမယ့် ဥပဒေက ဥပဒေပဲလေ။
ဒါ ဘာကားလဲ
အာဏာရှင်လက်အောက်မှာတော့ ဘာမှ ပြန်လည်မေးမြန်းခွင့်မရှိပါဘူး။
ရုတ်တရက်ကြီး နိုင်ငံခြားကားတွေကို ဘာလို့ကြည့်ရှုခွင့် ပိတ်လိုက်ရတာလဲဗျ။
သိဘူးလေ
နိုင်ငံခြားရုပ်ရှင်တွေဟာ လိင်အကြမ်းဖက်ဖို့ တွန်းအားပြုတယ်လို့ ဆိုပါလားဗျ။
NEW LIGHT OF MYANMAR
သြော် ဒါကြောင့်ကိုး
ဘာကြောင့်မှန်း ရေရေရာရာမသိရဘဲ ပိတ်ပင်ခံထားတာတွေ အများကြီးကျန်ပါသေးတယ်။
နိုင်ငံတကာနဲ့ ပိုဝေးသွားတာပေါ့။
သိပ်မပူနဲ့ဗျာ အချိန်တန်တော့လည်း ဈေးကွက်ထဲ ပြန်ရောက်လာမှာပါ။


ဥပမာ ရန်ကုန်မြို့ထဲမှာ မော်တော်ဆိုင်ကယ် စီးနင်းခွင့်ကိုပေါ့။ လူတိုင်းမှာတော့ ထင်မြင်ချက်ကိုယ်စီရှိကြပါတယ်။
အဲဒါတွေက ပေါက်တက်ကာရတွေပေါ့ဗျာ။ တကယ်ဖြစ်ရပ်မှန်ကို ကျွန်တော်သိတယ်ဗျ
ဟင်
ဟဲ့
ခင်ဗျား သိတယ်။
တော်တော်များများကတော့ မော်တော်ဆိုင်ကယ်ဟာ အန္တရာယ်များလို့ ပိတ်ပင်ထားတယ်လို့ ဆိုကြပါတယ်။
အန္တရာယ်
ဘယ်သူ့အတွက် များတာလဲ
ပါးစပ်ပြောတစ်ခုကတော့ မော်တော်ဆိုင်ကယ် သမားတစ်ယောက်ဟာ စစ်တပ်အရာရှိကြီးရဲ့ ကားနားကိုကပ်ပြီးလက်ညှိုးထိုးကာ သေနတ်ပစ်သလိုပါးစပ်က အော်သွားတဲ့အတွက်ကြောင့်လို့ ဆိုပါတယ်။
ဒိုင်း
မော်တော်ဆိုင်ကယ်သမားတစ်ယောက်ဟာ ဟိုတယ်တစ်ခုကိုလက်ပစ်ဗုံးနဲ့ပစ်သွားပါတယ်တဲ့။ ဆိုင်ကယ်စီးလာတဲ့အတွက် ရဲတပ်ဖွဲ့က ဖမ်းလို့မမိတော့ဘဲ အလွယ်တကူလွတ်မြောက်သွားလို့ဆိုပြီး ပြောတဲ့သူက ပြောပါတယ်။
ဒီလို ဆိုင်ကယ်မျိုးနဲ့ ထွက်ပြေးဖို့လွယ်တယ်ဆိုရင်တော့ တော်တော်အံ့သြစရာပါပဲ။
၁၉၅၀ ထုတ် ဆိုင်ကယ်
ရုပ်ရှင်အကြောင်းပြန်ဆက်ရမယ်ဆိုရင်တော့ မြန်မာရုပ်ရှင်များဟာ တစ်ခေတ်တစ်ခါက ဒေသတွင်းနိုင်ငံတွေမှာ ထိပ်ဆုံးအဆင့်မှာ ရှိခဲ့ဖူးပါတယ်။
ရန်ကုန်
ဘုံဘေ
ဟောင်ကောင်


ဖခင်တစ်ယောက်ရဲ့ ကော်ဖီဖျော်နည်း
MILK
MILK



အင်း


တရုတ်မင်
အရေးထဲ
မင်ကုန်သွားပြန်ပြီ
စာမျက်နှာ ၃၂
အဲဒီလိုဖြစ်မှာစိုးတဲ့အတွက်ဟိုကနေ မင်ဘူးကြီး
နှစ်ဘူးဝယ်လာခဲ့ပေမယ့် ပထမညေ့ရှိပ်သာမှာ
ထူးဆန်းစွာ ပျောက်သွားပါတယ်။
ဘယ်ရောက်သွားပြီလဲ။
မင်ဘူးနှစ်ဘူးရဲ့ ဇာတ်သိမ်းကို
တော့ ဘုရားသခင်မှပဲ သိမှာပဲ
ဒီမှာ
စာရေးကရိယာအရောင်းဆိုင်တော်တော်များများ
ကို သွားရောက်ရှာဖွေကြည့်ပါတယ်။
ဖောင်တိန်မင်ကလွဲလို့ ဘာမှမရှိပါဘူး။
စမ်းကြည့်ရမှာပဲလေ
၄၀၀၀
ကျပ်
အလုပ်
မဖြစ်ပါဘူး
ငါထင်တဲ့
အတိုင်းပဲ


ကျွန်တော်လိုချင်တဲ့မင်မျိုး ဝယ်နိုင်တဲ့နေရာကို မြန်မာမိတ်ဆွေတစ်ယောက်က လမ်းညွှန်ပေးပါတယ်။
၃၂ လမ်း သွားချင်လို့ပါ
ရန်ကုန်မြို့လယ်ကိုအင်္ဂလိပ်တွေက လေးထောင့်ကွက်အတိုင်း ညီညီညာညာတည်ဆောက်ပေးခဲ့ပါတယ်။
ရောက်ပြီ
၃၂လမ်းထဲမှာတော့ ကျွန်တော်လိုချင်တဲ့မင်မျိုး အရိပ်အယောင်တောင်မတွေ့ရပေ။ ဆိုင်တိုင်းလိုလိုရဲ့ ရှေ့မှာ စက္ကူထုပ်ကြီးများသာ ချထားတာကိုတွေ့ရပါတယ်။
ဒုက္ခပဲ ငါလိုချင်တာ စက္ကူမဟုတ်ဘူးလေ။
နောက်တစ်လမ်းကို ရောက်သွားတဲ့အခါ DVD အခွေတွေနဲ့ မိတ္တူစက်ပစ္စည်းတွေရောင်းနေတာကိုတွေ့ရပါတယ်။
တော်သေးတာပေါ့ မင်အစအနတွေ့ပေလို့
ဒါတွေကပုံနှိပ်စက်တွေအတွက်လား


ကျွန်တော်လိုချင်တဲ့ပုံစံမျိုးနဲ့ နီးနီးစပ်စပ်တူတဲ့ မင်နှစ်ဘူးကို တွေ့ပါတယ်။
ဒီနှစ်ခုက ဘာကွာသလဲဟင်
၃၀၀၀ ကျပ်ပါ
ကျွန်တော်မေးတာက အရည်အသွေးကိုလေ
ဖုန်တွေတက်နေတဲ့ ထောင့်တစ်ထောင့်မှာ အင်္ဂလန်နိုင်ငံထုတ် နှစ်တစ်ခုကိုတွေ့ပါတယ်။
No. 40 HINKS WELLES & CO RED INK PEN ENGLAND
ဝါး၊ တကယ့်ရှားပါး ပစ္စည်းပါလား
ကျွန်တော်လိုနေတဲ့မင်ကို ကွက်တိတွေ့ပါပြီ။ ဒါပေမယ့်အဲဒီမင်ဟာ ဒီဆိုင်ကိုရောက်တာအတော်ကြာနေပုံရပါတယ်။ သက်တမ်းကုန်ဖို့ တစ်လလောက်လိုပါတော့တယ်။
တွေ့ပြီဗျာ
အင်း ဘာပဲပြောပြော ရေးလက်စကို တော့အဆုံးသတ်နိုင်မယ် ထင်တာပဲ။
၁၂
မင်ရှာပုံတော်ကြီးလည်း အခုမှပဲ အဆုံးသတ်နိုင်တော့တယ်။
နောက်ရက်တွေ ကုန်တိုက်ကို ဈေးဝယ်ထွက်တဲ့အခါမှာတော့ ကျွန်တော် ခက်ခက်ခဲခဲရှာခဲ့ရတဲ့မင်တွေကို ဖောဖောသီသီတွေ့ရပါတယ်။
"ROTRING" INK
သြော် ငါ့မှာ တော့ရှာလိုက်ရတာ။
ကဲကွာ ဒါလောက်ဖြစ်တဲ့ ဟာတွေ


မင် အသစ်နဲ့အဟောင်း လဲနေတဲ့အချိန်မှာပဲ
ဟာ ဒါငါရဲ့ နစ်ပဲ
ဒီထဲရောက်နေတာ ဘယ်နှစ်နှစ်တောင်ရှိနေပြီလဲ မသိ
ဒါကို ဘယ်တုန်းကပျောက်သွားတာပါလိမ့်
ငါဟာတော့ သေချာတယ်။ ဒါပေမယ့်
မှတ်ဉာဏ်ကလည်း တော်တော်အားနည်းပါလားနော်။
ဟာ ဟုတ်ပီ မှတ်မိပြီ။
ဟာ ငါ့နစ်
ကျွတ်・・・အရေးထဲ နစ်ကကျိုးရသေးတယ်။
ဟားဟားဟား တော်တော်ကိုကြာသွားပြီပဲ။အဲဒီတုန်းကအိမ်ထောင်တောင်မကျသေးဘူးပဲ။
ကျွန်တော့်စာအုပ်တွေလည်း တစ်အုပ်မှ ပုံနှိပ်ဖော်ပြခြင်းမခံရသေးဘူး။ အင်နီမေးရှင်းကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်နေခဲ့ကာလပါ။
ငါ့ကောင်ကြီး မင်းလက်ရာတွေက တော်တော်လိုပါသေးလားကွ ကြိုးစားနော်
သွားစမ်းကွာ၊ ငါဆွဲတာက်သလို ဆွဲမယ်
ပြောမရဆိုမရပါလား


ပမာပြည်မှ
စွန့်စားခန်းများ (၂)
မတ် ၁၅ရက်နေ့ တီဗီမှ နိုင်ငံတကာ
မိုးလေဝသသတင်း ကြေငြာနေချိန်
ဗန်ကူးဗား 2˚C
ချီကာဂို 6˚C
14˚C
ဟာ
နယူးယောက်3˚C
လန်ဒန် -5˚C
ပဲရစ် 3˚C
အိုစလို -11˚C
မော်စကို
-12˚C
အေသင်
10˚C
ဒါကာ 26˚C
. . . . 30˚C
ဘဂ္ဂဒက် 29˚C
ဘုံဘေ27˚C
ဘန်ကောက်
30˚C
ရန်ကုန် 31˚C
အာ
သတင်းများကို
ဆက်လက်ကြေညာ
ဟော့ ဟော့
ဟုတ်ပြီ
ကွ
ကမ္ဘာအအေးဆုံး
နေရာကနေ
အပူဆုံးနေရာကို ခရီး
ထွက်နိုင်တဲ့ကောင်ကွ
ဒီကမ္ဘာပေါ်မှာ
ငါတစ်ယောက်
တည်းပဲရှိမယ်။
ဟော့
ဟော့
ဒါမှ ငါကွ
ဟား ဟား


BRRBROARG
?
BRRBLORBL
ဘာသံတွေလဲဟ၊ တစ်ခုခုကုတ်ခြစ်နေပုံရတယ်
ဗုတ်
ဟဲ့၊ သောက်ခွေးဘာကြီးတုန်း
ဟင်၊ လူ့ပ်ရှားမှုလည်းမရှိပါလား သေများသွားပြီလား။
အောင်မလေးနည်းတဲ့ဖားပြုတ်ကြီးမဟုတ်ဘူး။ မျက်နှာကျက်ပေါ်ကနေ ဘယ်လိုလုပ်ကျလာတာပါလိမ့်။
မောင်အေးကိုသွားခေါ်မှပဲ၊ ဒီလိုကိစ္စမျိုးကို သူပဲကူညီနိုင်မှာပါ။
မောင်အေးကို အကူအညီတောင်းမိတဲ့အတွက် နောက်တော့မှနောင်တရမိပါတယ်။
ရပါတယ်။


မောင်အေးက အခန်းထဲကနေပြေးထွက်သွားပြီး အဝတ်စုတ်တစ်ခု ယူခဲ့ပါတယ်။
အဝတ်စုတ်နဲ့ ဘာလုပ်ဖို့လဲ၊ တော်ကြာခုန်ထွက်သွားဦးမယ်နော်
ဖားပြုတ်တွေဟာ တကယ်တော့ လူတွေကို ဘာမှအန္တရာယ်မပေးပါဘူး။ ဒီထဲကိုလည်း လမ်းမှားပြီး ရောက်လာပုံရပါတယ်။
ကျွန်တော်ငယ်ငယ်တုန်းကတောင် ဖားပြုတ်တွေတွေ့ရင် ဒုတ်နဲ့ထိုးပြီး စတတ်ပါသေးတယ်။
မောင်အေးရေ ဖမ်းပြီးရင် ဒီကောင်ကြီးကို အပြင်မှာသာ လွှတ်ပေး・・・・ပေး ပေး
SPLAT!
အ
သွားပြီ


ဖြုတ်-ထုတ်-ညှပ်
မြန်မာနိုင်ငံမှာမဂ္ဂဇင်း၊ ဂျာနယ်အမျိုးအစားစုံလင်စွာ ပုံနှိပ်ထုတ်ဝေလျက်ရှိပါတယ်။ မရှိဘူးဆိုရင်တောင် အနည်းဆုံး ၇၀ ထက်မနည်းရှိပါတယ်။
FOOTBA
BEAUTY
KIDS
ECO
အနည်းစုကတော့ရောင်စုံနဲ့ဖြစ်ပြီး အများစုကတော့စက္ကူအညံ့စားပေါ်မှာအဖြူအမည်းနဲ့ပုံနှိပ်ကြပါတယ်။
သတင်းစာကတော့ မရှိသလောက် နည်းပါးပါတယ်။ ထုတ်ဝေသမျှ မဂ္ဂဇင်းစာစောင်တိုင်းကို ပြည်သူတွေလက်ထဲမရောက်ခင် ဆင်ဆာအဖွဲ့မှ ကြိုတင်စစ်ဆေး ပါတယ်။
ဆင်ဆာအဖွဲ့ရဲ့ လက်ချက်များကို မကြာခဏတွေ့ မြင်နိုင်ပါတယ်။
တစ်မျက်နှာလုံး အဖြုခံထားရတဲ့ တိုင်းမဂ္ဂဇင်း
စာကွက်လပ်ပုံများ
အရင်တုန်းကဆို ပိုဆိုးပါတယ်။ ဆင်ဆာအဖွဲ့က ခွင့်မပြုတဲ့စာမျက်တိုင်းကို ငွေရည်သုတ်ပြီး ပိတ်ပစ်ရပါတယ်။
3,000
ကတ်ကြေးနဲ့ညှပ်ထုတ်လို့ရတဲ့ စာမျက်နှာများဆို ညှပ်ထုတ်ကာ ဖြတ်စများကိုရုံးသို့အပ်ရပါတယ်။
3,000



ခွင့်ပြုပြီးသားအကြောင်းအရာများကိုလည်း စိတ်
မထင်ရင် မထင်သလို ပြန်လည်ဖြုတ်ပယ်နိုင်း
တာမျိုးလည်း ရှိပါသေးတယ်။
ကြော်ငြာလုပ်ငန်းရှင်များကလည်း သူတို့ရဲ့ကြော်
ငြာများကို အဖြုတ်ခံရတဲ့စာမျက်နှာမှာ ပါသွား
မှာ စိုးရိမ်ကြပါတယ်။
ကာတွန်းတွေတော့ ထည့်လို့မဖြစ်ပါဘူးဗျာ။ ကာတွန်းဆို အရမ်းရစ်တာဗျ
ဖတ်လို့မရအောင်ပိတ်ထားတဲ့ စာကြောင်းတွေနဲ့
ဟိုဖြုတ်ဒီဖြုတ်စာမျက်နှာတွေကို ဖတ်ရတာ
လုံးဝအဆင်ပြေမှာ မဟုတ်ပါဘူး။
ဘာတွေလဲကွာ
ယခင်
အခုတော့ ကွန်ပျူတာရဲ့ကျေးဇူးကြောင့်ယခင်က
လို အကွက်လိုက်ပိတ်စရာမလိုတော့ဘဲ အခြား
သတင်းတစ်ခုခုနဲ့ အစားထိုးဖော်ပြလို့ရနေပါပြီ။
သြော် ဗမာပြည်ကြီး အတော်ကိုတိုးတက်နေပါလား။
ယခု
အနောက်တိုင်းစနစ်နဲ့ သတင်းစာတစ်စောင်ကို
မြန်မာပြည်မှာများ ပုံနှိပ်ထုတ်ဝေရမယ်
ဆိုရင်တော့
ကန့်ပြီပေါ့
ဖတ်စရာ တစ်ကွက်မှမပါ ပါလားဟ


The NEW LIGHT OF MYANMAR
အစိုးရထုတ်သတင်းစာ တစ်စောင်ဖြစ်ပါတယ်။ အင်္ဂလိပ်ဘာသာနဲ့ထုတ်ဝေတဲ့တစ်စောင်တည်း သောသတင်းစာလည်း ဖြစ်ပါတယ်။ သတင်းစာရဲ့ အဓိကရည်ရွယ်ချက်ကတော့ စစ်အစိုးရရဲ့ဝါဒများကို နိုင်ငံတကာထိ ဖြန့်ချိနိုင်အောင်ဖြစ်ပါတယ်။
သတင်းစာရဲ့မျက်နှာဖုံးမှာ စစ်အစိုးရရဲ့ ဦးတည်ချက်များကို အခန်းသုံးခန်းခွဲပြီး နေ့စဉ်ဖော်ပြပါတယ်။
နိုင်ငံရေးဦးတည်ချက် ၄ရပ်
စီးပွားရေးဦးတည်ချက် ၄ရပ်
လူမှုရေးဦးတည်ချက် ၄ရပ်
THE NEW LIGHT OF MYANMAR
ပြည်သူ့သဘောထားဆိုတဲ့ခေါင်းစဉ်စာသားများကိုတော့ စာမျက်နှာ၂မှာ ဖော်ပြထားပါတယ်။ မြန်မာနိုင်ငံမှာ အများဆုံးတွေ့နိုင်တဲ့စာသားများဖြစ်ပါတယ်။ ဘယ်လောက်ထိများသလဲဆိုရင်စာအုပ်တွေ၊ မဂ္ဂဇင်းတွေ၊ဗီဒီယိုအခွေတွေတိုင်းမှာရှေ့ဆုံးကပါတဲ့အပြင် ပန်းခြံတွေထဲမှာတောင်ကြော်ငြာဘုတ်ကြီးတွေအနေနဲ့တွေ့နိုင်ပါသေးတယ်။
PEOPLE'S DESIRES
* OPPOSE THOSE RELYING ON EXTERNAL ELEMENTS, ACTING AS STOOGES, HOLDING NEGATIVE VIEWS
* OPPOSE THOSE TRYING TO JEOPARDIZE STABILITY OF THE STATE AND PROGRESS OF THE NATION
* OPPOSE FOREIGN NATIONS INTERFERING IN INTERNAL AFFAIRS OF THE STATE
* CRUSH ALL INTERNAL AND EXTERNAL DESTRUCTIVE ELEMENTS AS THE COMMON ENEMY
ဘယ်သွားသွား မလွတ်ပါလား
အခုလိုဝါဒဖြန့်ချိတဲ့စနစ်မျိုးဟာ မြန်မာတစ်နိုင်ငံတည်းမှာမှ မဟုတ်ပါဘူး။ အာဏာရှင်နိုင်ငံတိုင်းလိုလို အသုံးချတဲ့စနစ်ပါ။
အာဏာရှင်တိုင်း ကြိုက်တဲ့စနစ် တစ်ခုပေါ့ဗျာ။
ခေါင်းကြီးသတင်းတွေ ဖတ်ကြည့်ရအောင် စလိုဗေကီးယားသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်ခြင်း။ ကျောက်စိမ်းပွဲတော်သို့ ကုန်သည် ၄၇၃၆ ဦး တက်ရောက်ခြင်း။ ပန်းအလှပြင်သင်တန်းဖွင့်လှစ်ခြင်း
ဟောဒီမှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ အမှာစကားပါလား・・・ဘာတဲ့・・လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးသည်သာ နိုင်ငံတော်အတွက်စစ်မှန်သော တိုးတက်မှုဖြစ်ပြီး ဒီမိုကရေစီစနစ်သည် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အာမခံချက်မရှိပါတဲ့
ဝူး


ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ မိန့်ခွန်းကောက်နုတ်ချက်များချည်းပဲ စာမျက်နှာတစ်ဝက်လောက် ပါပါတယ်။
ပိုမိုတောင့်တင်းသော၊ ပိုမိုခေတ်မီသော တပ်မတော်ကြီးကို တည်ဆောက်ရန် ကြိုးစားအားထုတ်ရမည်။
နံ့ပါတ် ၁
The New Light of Myanmar သတင်းစာကို အဓိကအားဖြင့် အပိုင်းသုံးပိုင်းခွဲခြားနိုင်ပါသည်။
နိုင်ငံတကာသတင်းများ
အီရတ်တွင်အသေခံဗုံးခွဲမှုဖြစ်ပွား
အိန္ဒိယတွင် လေယာဉ်ပျက်ကျ
အာဖကန်နစ္စတန်တွင် လျှင်လှုပ်
ဗီယက်နမ်တွင် ရေကြီး
နှစ်မျက်နှာပါပါတယ်။
ပြည်တွင်းသတင်းများ အစိုးရအဖွဲ့ဝင်အာဏာရှင်ကြီးများရဲ့ ခရီးသွားသတင်းများကို အဓိကဖော်ပြပါတယ်။
နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဦးညာဏ်ဝင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ခွာ
ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မိန့်ခွန်းပြောကြား
ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး စိုးဝင်း မလေးရှားနိုင်ငံမှ တည်းခင်းကျွေးမွေးသော ညစာစားပွဲသို့တက်ရောက်
ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမျိုးသားနေ့အခမ်းအနားသို့ တက်ရောက်
ဒုတိယဗိုလ်ချုပ်ကြီးမောင်အေးမှ ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်းကို လေဆိပ်၌ကြိုဆို
မြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဓါဇနီး ဒေါ်ကြည်ကြည် ပညာရေးကွန်ဖရန့်သို့ တက်ရောက်
စသဖြင့်


Senior General Than Shwe delivers ...
(from page 1)
Commander-in-Chief (Navy) Vice-Admiral Soe Thein, Commander-in-Chief (Air) Lt-Gen Myat Hein, Commander of Central Command Maj-Gen Khin Zaw, Ministers Maj-Gen Htay Oo, U Aung Thaung, Maj-Gen Saw Tun, Brig-Gen Ohn Myint, Brig-Gen Thein Zaw, Col Thein Nyunt, Maj-Gen Thein Swe, Brig-Gen Lun Thi, U Thaung, Dr Chan Nyein, Dr Kyaw Myint and Brig-Gen Thein Aung, Military Appointment-General Maj-Gen Hsan Hsint of the Ministry of Defence, Defence Services Inspector-General Maj-Gen Thein Htaik, Maj-Gen Kyi Win of the Ministry of Defence, Vice-Chief of Armed Forces Training Maj-Gen Aung
တချို့ဆောင်းပါးများမှာဆိုရင် လူနာမည်နဲ့ဘွဲ့တွေကို ရေးရတာနဲ့တင်စာမျက်နှာတစ်မျက်နှာလုံး ကုန်သွားပါတယ်။
နောက်ဆုံးကဏ္ဍဖြစ်တဲ့ အားကစားနဲ့အနုပညာကဏ္ဍကတော့ မြန်မာပြည်သူတွေ အများဆုံးဖတ်တဲ့ကဏ္ဍပဲ ဖြစ်ပါတယ်။
သတင်းစစ်စစ်များကို နားထောင်ချင်ရင်တော့နိုင်ငံခြားမှထုတ်လွှင့်နေတဲ့မြန်မာပိုင်းအစီအစဉ်ရေဒီယိုများကို အားကိုးရပါတယ်။
ဟာ
စစ်သားပုံတွေကိုဆွဲရင်းနဲ့ ကျွန်တော်သတိထားမိလိုက်တာတစ်ခုရှိပါတယ်။
ရိုးရိုးစစ်သားများရဲ့အင်္ကျီအိတ်ဟာ အပေါ်မှာရှိပြီး
ရာထူးကြီးမားသောဗိုလ်ကြီးများရဲ့အိတ်တွေကအောက်ရောက်သွားတာကို တွေ့ရပါတယ်။
ဒါမှလည်း သူတို့ရထားတဲ့ဆုတံဆိပ်တွေကိုရင်ဘတ်ပေါ်မှာဝင့်ဝင့်ကြွားကြွားချိတ်နိုင်မှာ မဟုတ်ပေလား။


ရွှေတောင်ကြား
ကျွန်တော်တို့နေတဲ့ရွှေတောင်ကြားရပ်ကွက်ဟာအခွင့်ထူးခံ ရပ်ကွက်ဖြစ်ပါတယ်။
အာဏာရှင်အသိုင်းအဝိုင်းနဲ့ နီးစပ်တဲ့စီးပွားရေးလုပ်ငန်းရှင်ကြီးများနဲ့ အာဏာရှင်မိသားစုဝင်များအများစုနေထိုင်ရာအရပ်ဖြစ်ပါတယ်။ ဒီတော့ နွေရာသီရောက်ရင်တောင် ရေရောမီးရောလုံးဝမပြတ်တဲ့ မြန်မာနိုင်ငံရဲ့ ရှားပါးလူနေရပ်ကွက်တစ်ခုပါ။
တချို့အိမ်တွေရဲ့ တံတိုင်းများဟာ လူနှစ်ရပ်စာလောက်မြင့်ပါတယ်။ ခြံဝန်းအထဲကိုဘာမှမမြင်ရဘဲ တိုက်ခေါင်မိုးလောက်ပဲမြင်ရပါတယ်။
အဲဒီလိုတံတိုင်းအမြင့်ကြီးကာထားတာတောင်အားမရသေးဘဲအပေါ်မှာသံဆူးကြိုးခွေတွေချထားပါသေးတယ်။


ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ အဟန့်အတားတွေကို တွေ့နိုင်ပါတယ်။
ဖန်ကွဲစများနဲ့ဆိုရင် အိမ်အသေးစား
သံချွန်တွေနဲ့ဆိုရင် အိမ်အလတ်စား
သံဆူးကြိုးခွေတွေ၊ လုံခြုံရေးကင်မရာတွေနဲ့ ဆိုရင်တော့
ဒီတံခါးမကြီးတစ်ချပ်တန်ဖိုးဟာ လက်လုပ်လက်စား မြန်မာတစ်ယောက်ရဲ့ တစ်နှစ်စာ ဝင်ငွေလောက်ရှိမယ်။
အဒါ
ထိုကဲ့သို့သော ခြံကြီးမျိုးတွေကို ယူနီဖောင်းဝတ် စစ်သားများက နေ့ညလုံခြုံရေးတာဝန်ယူထားပါတယ်။
ဒါကြောင့်လည်း ကျွန်တော်တို့ရပ်ကွက်ထဲမှာ ဖောက်ထွင်းခံရတယ်ဆိုတာမရှိသလောက်ကို ရှားပါတယ်။



ဒီနိုင်ငံရဲ့ စစ်တပ်အရာရှိကြီးများ အကြောက်ဆုံး အရာကတော့ ပြိုင်ဘက်အခြားအရာရှိကြီးများ ကိုပါပဲ။
ရာထူးအပြောင်းအလဲများကို မကြာခဏ ဖတ်ရှုရပါတယ်။
ဟော့ ဒီမှာ မီးရထားဝန်ကြီး ပြောင်းပြန်ပြီတဲ့
နောက် တစ်ခါ
၂၀၀၄ ခုနှစ်ကဖြစ်ပွားခဲ့တဲ့ ဝန်ကြီးချုပ်ခင်ညွန့် အထိန်းအသိမ်း ခံရတဲ့ကိစ္စဟာ ထင်ရှားတဲ့ သာဓကတစ်ခုပါ။
ခင်ညွန့်ဟာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့ကြား အဆင်ပြေအောင်ညှိနှိုင်းဖို့ကြိုးစား ခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။
နိုင်ငံတကာနဲ့ ဆက်ဆံရာမှာလည်း မျက်နှာပန်း ပွင့်သူတစ်ယောက်ဖြစ်ပြီး ဗိုလ်ချုပ်ကြီးများ အသိုင်းအဝိုင်းမှာ တစ်ဦးတည်းသောပညာတတ် ဘွဲ့ရတစ်ယောက်လည်းဖြစ်ပါတယ်။
အဆုံးသတ်ရလဒ်ကတော့ ခင်ညွန့်ကိုသာမက သူ့ရဲ့ထောက်လှမ်းရေးတစ်ဖွဲ့လုံးကိုပါ စစ်တပ်က ဖမ်းဆီးအကျဉ်းချလိုက်ပါတယ်။


ခင်ညွန့်ကိုဖယ်ရှားပြီးတဲ့နောက်မှာတော့ မြန်မာနိုင်ငံဟာ နိုင်ငံတကာအသိုင်းအဝိုင်းကြားကနေ နောက်ဆုတ်ထွက်ခွာသွားပါတော့တယ်။
ဟားဟားဟား
NGO နဲ့ နိုင်ငံတကာအဖွဲ့အစည်းများကိုလည်း စည်းကမ်းတင်းကျပ်ကာ အချိန်ပြည့်စောင့်ကြည့်နေပါတယ်။
ပြည်ပအားကိုး ပုဆိန်ရိုး၊ အဆိုးမြင် ဝါဒီများအား ဆန့်ကျင်ကြ
စိတ်ဓာတ်မကျပါနဲ့ဗျ၊ ခင်ဗျားတို့မှာမျှော်လင့်ချက်ရှိတာပဲ၊ သန်းရွှေအသက်က ၇၆ နှစ်တောင်ရှိပြီမဟုတ်လား။
သူသေသွားတဲ့အခါ အရာရာပြောင်းလဲသွားနိုင်တာပဲ။
ဦးနေဝင်းကို ဖြုတ်ချလိုက်နိုင်တုန်းကလည်းကျွန်တော်တို့အားလုံး အဲဒီလိုစိတ်ကူးယဉ်ဖူးတာပဲ အခုတကယ်လက်တွေ့မှာတော့ •
သူဆိုရင် ၁၉၆၂ နှစ်ကတည်း အာဏာသိမ်းခဲ့တာလေ။
၈၈ ခုနှစ်မှာဆန္ဒပြပြီးဖြုတ်ချလိုက်နိုင်ပေမယ့် ကောင်းသေတော့ ငွေ့ပေါ်လာတာပဲမဟုတ်လား။
ခင်ဗျားပြောတဲ့ မျှော်လင့်ချက်အရိပ်အယောင်မျိုးတော့ မတွေ့ရပေါင်ဗျာ


အားလပ်ရက်
ဘာမှရေးလို့မရမယ့်အတူတူ လမ်းလေးဘာလေးထွက်လျှောက်ရင်း စိတ်ပြေလက်ပျောက် ပုံကြမ်းလေးတွေ လျှောက်ဆွဲတာပေါ့
အိမ်ထဲမှာအချိန်ပြည့် ထိုင်ဆွဲနေမယ့်အစား အခုလို အပြင်ဘက် ခဏခဏထွက်ပြီးလေ့လာသင့်တယ်။
ဒါမှ ပိုပြီးပီပြင်မှာ မဟုတ်လား။


ဒီအပူချိန်နဲ့တော့ ပြဿနာ
အရိပ်ထဲထိုင်နေတာတောင် ချွေးတပြိုင်ပြိုက်ကျနေတယ်။ ချွေးတွေက စာရွက်ပေါ်ကကျ လာတော့ ဆွဲထားသမျှ ပုံတွေပျက်ကုန်ရော
ဓာတ်ပုံရိုက်သွားပြီး အိမ်ရောက်မှပဲ ပြန်ဆွဲတော့မယ်။
ကလစ်
ကျွတ်ဓာတ်ပုံကြည့်ဆွဲရတာ အပြင်မှာလက်တွေ့ဆွဲရတာ လောက်အဆင်မပြေပါဘူး
ဓာတ်ပုံရိုက်ပြီး ပုံပြန်ဆွဲ တဲ့နည်းက အကောင်းဆုံး ဆိုတာ ဘယ်ကောင်ပြော တာလဲကွ ဟော
ဟာ···ဟာ နေပါဦး ဟာ မီးအားလေးရယ် ကျမသွားပါနဲ့
ကလစ်


တပ်မတော်နေ့
လမ်းမတစ်လျှောက်စစ်သားများအပြည့် လုံခြုံ
ရေးယူထားတယကိုတွေ့ရပါတယ်။
တပ်မတော်နေ့ရောက်ရှိတော့မှာဖြစ်တဲ့အတွက်
ဖောက်ခွဲဖျက်စီးခံရမှာကို စိုးရိမ်ကာ လုံခြုံရေး
ထူထပ်စွာချထားခြင်းဖြစ်ပါတယ်။
ဘယ်လောက်ထိလဲဆိုရင် ပေ ၂၀၀ ကွာမှာ
စစ်သားတစ်ယောက်နှုန်းနဲ့ စောင့်ကြည့်နေပါ
တယ်။
ဒါတင်ပဲလားဆိုတော့ မြက်ခင်း
တွေပေါ်မှာလည်း ဗုံးတွေဘာ
တွေများ မြှုပ်ထားမလားဆိုပြီး
ရှာဖွေစစ်ဆေးနေပါသေးတယ်။


လမ်းလျှောက်ဈေးသည်များ
YAMAAANiAMANiÉÉÉÉÉÉÉ!
YAWANiYAWÉÉ Ē!
?









မြန်မာပြည်ကိုလာခါနီးတစ်ရက်မှာ ပဲရစ်မြို့လယ် မှာလမ်းလျှောက်ရင်း ဓားသွေးစက်တစ်ခုကို တွေ့လိုက်ရပါတယ်။
အရင်က ပဲရစ်မှာ အဲဒီလိုဓားသွေးစက်မျိုး တစ်ခါမှ မမြင်ဖူးပါဘူး။ ဒီလိုစက်မျိုးကို ဘယ်နိုင်ငံကတီထွင် ခဲ့သလဲဆိုတာကို သိချင်ခဲ့ပါတယ်။
သိပ်မကြာပါဘူး။ မြန်မာပြည်မှာလည်း အလားတူ စက်မျိုး ထပ်တွေ့ ပြန်ပါတယ်။
ပုံစံက ခေတ်မမီပါဘူး။ ဒါပေမယ့် အလုပ်ဖြစ် မယ့်ပုံပဲ။


သြစတြေးလျကလပ်
သြစတြေးလျကလပ်အသင်းဝင်တချို့ရဲ့ ဖိတ်ခေါ်မှုကြောင့် ကျွန်တော်တို့မိသားစု အားလပ်ရက်မှာ အလည်အပတ်သွားဖြစ်ခဲ့ပါတယ်။
ကစားကွင်း
ရေကူးကန်
နားနေခုံများ
ဒန်းလျှော
မြက်ခင်းပြင်
ဘူဖေး
ဘာဘီကျူး
တင်းနစ်ကွင်း
မဆိုးဘူးဟ
တကယ်သီးခြားကမ္ဘာတစ်ခုအလား
ဒီနေ့အတွက်တော့ ရေကူးမယ်၊ အသားကင်စားမယ်
CASCADE ဆိုတာဘာလဲဟ၊ သြစတြေးလျဘီယာလာ


ဟော့ကြည့်စမ်း၊ သူတို့ကဘီယာကို ကိုယ်ပိုင်ခွက်နဲ့သောက်ကြတာပါလား။
ဟွန့်
ဒီမှာ ခွက်ပိုင်ရှင်နာမည်ရေးထားတယ်။ ငါ့ကို သူများခွက်နဲ့မှားပြီးလာပေးတာထင်တယ်။
ပိုင်ရှင်ကိုအကြောင်းမကြားသင့်ဘူးလား
နိုး
အင်း၊ ဟုတ်ပါပြီ၊ ခွက်ပိုင်ရှင်အနေနဲ့ ငါ့ကို သူများခွက်တွေယူပြီး လိုက်သောက်နေတဲ့ကောင်လို့မထင်ဖို့ပဲ ဆုတောင်းရမှာပေါ့။
ညနေရောက်တော့ ဩစတြေးလျစတိုင် အသားကင်ဖြင့် ဧည့်ခံပါတယ်။
ဝါး။ မိုက်လိုက်တဲ့ အသားတွေ၊ ငါ့ရဲ့ကနေဒီယန်းငယ်ဘဝကိုသတိရလာပြီ။
ရက်ပေါင်းများစွာ တောထဲမှာဝက်ဝံတွေကို လိုက်ဖမ်းပြီးပြန်ရောက်လာတဲ့အခါ အသားကင်စားရတဲ့အရသာကိုဘာနဲ့မှမလဲနိုင်ဘူး။
ဘာ၊ ဝက်ဝံ ဟုတ်လား ချောကလက်ဝက်ဝံလား။
ဒီအသားတွေနဲ့ ဘီယာတွေက သံတမန်နည်းနဲ့ အထူးတင်သွင်းလာတာလား
ဒီနိုင်ငံမှာတော့ ဒီလိုအသားတွေလွယ်လွယ်နဲ့ ဝယ်လို့မရဘူးလို့ထင်တာပဲ
သယ်လာတဲ့ အသားတွေကို
မပုတ်မသိုးအောင် ဘယ်လိုလုပ်စီမံကြပါလိမ့်


ဩစတြေးလျှန်းများက ကျွန်တော့်ကို နွေးနွေးထွေးထွေးကြိုဆိုကြပါတယ်။ ခက်တာက သူတို့ပြောတဲ့လေယူလေသိမ်းကို နားမလည်တာပါပဲ။
ဗျာ
ဟေ့ မနေ့ကဘူတာကြီးမှာဗုံးပေါက်တယ်ဆို မင်းမသိဘူးလား
အင်းအလုပ်မှာတော့ ကြားမိတာပဲ
ငါ့ကိုဘာလို့ မပြောတာလဲ
ကလပ်မှာအဖွဲ့ဝင်ဖြစ်ဖို့ဆိုရင် သံရုံးကလူကြီးတစ်ယောက်ယောက်ကထောက်ခံချက်ပေးမှ ရမှာ
အဲ
ထားလိုက်ပါတော့ကွာ၊ ဒီအနီးအနားက ရေကူးကန်ပဲ သွားကြတာပေါ့
← MEN
WOMAN →
ဟောဒီမှာ ငါ့လက်ကိုကြည့်စမ်း၊ အရေပြားတွေဖူးယောင်နေပြီ၊ ဘယ်လိုဓာတုပစ္စည်းတွေရေကူးကန်ထဲကိုထည့်ထားသလဲမသိဘူး။ ငါတော့အလာဂျစ်ဖြစ်နေပြီ
ဟုတ်ပါရဲ့ ရေထဲမှာ ဘာတွေပါလဲမသိဘူးနော်။
ဒီမှာ ဆက်ကူးလို့တော့ မဖြစ်တော့ဘူး။ ဩစတြေးလျ သံရုံးက တစ်ယောက်ယောက်နဲ့ မသိဘူးလား။


ကွန်ပျူတာ
အင်တာနက်ဆိုင်တွေမှာ အသုံးပြုတာ အဆင်မပြေတဲ့အခါကွန်ပျူတာတစ်လုံးတော့မဖြစ်မနေဝယ်ရတော့မယ်လို့ ဆုံးဖြတ်ချက် ချလိုက်ပါတယ်။
ပိုက်ဆံချွေတာတဲ့သဘောနဲ့ MSFကကားအားတဲ့အချိန်မှသာ မြို့ထဲကိုသွားဖြစ်ကြပါတယ်။
လမ်းကြုံလေးတွေတော့ ဝင်စရာရှိတယ်နော်ဆရာ
သူပြောတဲ့လမ်းကြုံဆိုတာ နေ့တစ်ဝက်လောက်ကုန်မယ်မှန်းမသိခဲ့တာတော့ အမှန်ပါ။ ကျွန်တော်ကလည်း အလျင်မလိုတဲ့အတွက်ပြဿနာမရှိလှပါဘူး။
ရပါတယ် ဝင်ပါ
သစ်ရိပ်ဝါးရိပ်တွေကြောင့် မြို့လယ်ခေါင်သေးသေးလေးဟာထင်သလောက် မပူပါဘူး။



အင်္ဂလိပ်ကိုလိုနီလက်ရာ အဆောက်အဦအများအပြားကိုလည်း အကောင်းပကတိတွေ့ ခဲ့ရပါတယ်။
ဒါပေမယ့် လျှပ်စစ်မီးကြိုးသွယ်တန်းတဲ့စနစ်ကတော့ ဘယ်လို ပညာရှင်မျိုးလက်ဆော့ထားသလဲ မသိပါဘူး။
ပထမဆုံးအနေနဲ့ လျှပ်စစ်မီတာဆောင်ပါတယ်။ လျှပ်စစ်ရုံး ကိုယ်တိုင် မှောင်အတိကျနေပါတယ်။
ဘဏ်ကိုဒုတိယအနေနဲ့ဝင်ပါတယ်။ ကွန်ပြူတာ တစ်လုံးမှရှိပုံမရပါဘူး။ လယ်ဂျာစာအုပ်အထူကြီးတွေနဲ့ လှည့်ပတ်နေတဲ့ဘဏ်ပေါ့ဗျာ။


ကွန်ပျူတာ
ဆိုင်နော်
နောက်ထပ်ရောက်သွားတဲ့နေရာကတော့ ဂိုထောင်ကြီးတစ်လုံးနဲ့ တူပါတယ်။
ဒရိုင်ဘာက အထဲကိုဝင်သွားပြီး စကားပြောနေတဲ့အတွက် အဝ မှာပဲ စောင့်နေလိုက်တယ်။
ရုတ်တရက် လူတစ်ယောက် ထွက်လာပြီး အထဲကိုဝင်ခဲ့ဖို့ ဖိတ်ခေါ်တယ်။
ဘုမသိဘမသိနဲ့ပဲ မန်နေဂျာ ရုံးခန်းထဲရောက်သွားပါတော့ တယ်။
တွေ့ရတာ
ဝမ်းသာပါတယ်ခင်ဗျ
ကျွန်တော်က ကားဒရိုင်ဘာကို နား မလည်နိုင်သလိုပုံမျိုးနဲ့ လှည့်ကြည့် ပေမယ့် ဆရာသမားကတော့ သူနဲ့ မဆိုင်သလို ခပ်တည်တည်ပါပဲ။
ဟင်



မေးသမျှမေးခွန်းတွေ ဖြေရပါတော့တယ်။
သွင်းကုန်စည်းမျဉ်း ဥပဒေတွေကိုရော သိရဲ့လား
ဟို・・・အင်း ဥပဒေလား သိပါတယ်။
အခုတင်သွင်းလာတဲ့ ဆေးဝါး တွေက ဘာအမျိုးအစား တွေလဲ
ဟို
ဟို ဒင်း ဟိုဟာ
ငှက် ငှက်ဖျား
ဟုတ်တယ်・・・ ငှက်ဖျားဆေးတွေ အဓိကပါတယ်။
နောက်ပြီး တခြားဆေးတွေ အနည်းငယ်
တံဆိပ်တုံးသံ "ဂွပ်"ကနဲ ကြားလိုက်ရတော့မှပဲ အသက်ဝဝ ရှုနိုင်တော့တယ်။
နောက်ဆုံးကျမှပဲ ကွန်ပြူတာဆိုင်ကို ရောက်ပါတော့တယ်။ မြန်မာပြည်မှာ ကွန်ပြူတာတစ်လုံးရဲ့တန်ဖိုးက ထူးထူးခြားခြားမများပါဘူး။ ဒါပေမယ့် ငွေကြေးဖောင်းပွတဲ့အတွက် ကွန်ပြူတာတစ်လုံးကို ပိုက်ဆံတွေအုပ်လိုက်ပေးရပါတယ်။
ကဲ・・・ ရော့
ဝန်ထမ်းသုံးယောက်က ကျွန်တော်ပေးလိုက်တဲ့ ပိုက်ဆံအုပ်တွေကို ဝိုင်းဝန်းစစ်ဆေးကြပါတယ်။
သွားလို့ ရပြီလားဗျာ
ခုကွပဲ၊ မသိရင် မူးယစ်ဆေးဝါးမှောင်ခို ဝယ်တာကြပုံတာပဲ။


ငွေကြေးစနစ်
ငွေရှင်းပြီးတဲ့အခါ ပိုငွေတချို့ကို ဆိုင်ကပြန်အမ်းလိုက်တယ်။ ပြန်အမ်းငွေတွေထဲမှာ ကျွန်တော်တစ်ခါမှ မမြင်ဖူးတဲ့ပိုက်ဆံတစ်ရွက်ပါလာတယ်။
အို
ငါးကျပ်တန်အကြွေဟောင်းလေးပါ။ ပိုက်ဆံပေါ်မှာ မြန်မာ့သူရဲကောင်းအောင်ဆန်းပုံကို ဂုဏ်ပြုပုံနှိပ်ထားပါတယ်။
အဖေပုံက ပိုက်ဆံပေါ်မှာ ဂုဏ်ပြုဖော်ပြခံရတယ်။ သမီးကျတော့နေအိမ်အကျယ်ချုပ်တဲ့ တော်တော်ထူးဆန်းတဲ့တိုင်းပြည်ပဲ
ဗိုလ်ချုပ်အောင်ဆန်းပုံက ကျက်သရေရှိပါတယ်။ သူ့သမီးကလည်း သူ့အဖေလိုပဲ ခံ့ညားပါတယ်။ နိုဘယ်ဆုရှင်အမျိုးသမီးတွေထဲမှာ အချောဆုံးလို့တောင်ပြောလို့ရပါတယ်။
အခုနောက်ပိုင်းထုတ်တဲ့ ပိုက်ဆံတွေမှာတော့ ဗိုလ်ချုပ်ပုံအစား ဒဏ္ဍာရီထဲက ခြင်္သေ့ပုံတွေကိုပဲသုံးပါတော့တယ်။
ဂါး
ဒီထက်ပိုဆိုးတာရှိသေးတယ်။ အရင်အာဏာရှင်လက်ထက်မှာဆိုရင် ၁၅၊ ၄၅၊ ၉၀ ဆိုပြီး ပေါင်းရနှုတ်ရခက်တဲ့ငွေကြေးစနစ်တွေသုံးခဲ့ဖူးပါတယ်။ ပြည်သူတွေသင်္ချာဘာသာရပ်ထူးချွန်လာအောင် စေတနာထားပုံရတယ်။
15
45
၉၀
အင်း ၂၁၇ ဆိုတော့ ၉၀တန် ၂ရွက်၊ ၁၅ကျပ်တန် ၂ရွက်၊ ငါးကျပ်တန် တစ်ရွက်ရယ် ၁ကျပ် တန် နှစ်ရွက်
ဟုတ် အဲ . . . ဟို
ဟုတ်ပြီနော်


ကလေးများပါတီ
အပတ်စဉ်ဗုဒ္ဓဟူးနေ့နေ့လယ်ပိုင်းမှာကလေးတွေ အချင်းချင်း တွေ့ဆုံကစားစေလေ့ရှိပါတယ်။
ဘူး ဘူး
ကလေးပါတီ သွားကြစို့
လူးဝစ်လေးအတွက် ပေါင်းသင်းဆက်ဆံရေးအလေ့အကျင့် ရစေမှာပါ။
ကံကောင်းထောက်မစွာညြစ‌ကြေး လျှလူမျိုးတစ်ယောက်နဲ့မိတ်ဆွေဖြစ်ပြီးထောက်ခံချက်လေး ဘာလေးရချင်ရမှာပေါ့
?
ခြံကျယ်ကြီးထဲမှာပါ။
ဝါး
ခြံထဲမှာ ဖခင်ဆိုလို့ကျွန်တော်တစ်ယောက်တည်း ရှိပါတယ်။ ဝိုင်၊ အကင်၊ ကလေးတွေအတွက် ရေကူးကန်လေးနဲ့ ဒန်းတချို့ရှိပါတယ်။
TAXI


နိုင်ငံခြားဖြစ်အရုပ်တွေ အပြည့်ထည့်ထားတဲ့ ဘူးကြီးတွေ ခြံထဲမှာ ချထားပေးပါတယ်။
အောင်မလေး ဒီလောက်များတဲ့ အရုပ်တွေ ဘယ်လိုများသွင်းလာပါလိမ့်
မိခင်တွေတစ်ဖွဲ့
ကလေးထိန်းတွေ၊ အိမ်အကူတွေကတစ်ဖွဲ့
လူးဝစ်လေးကတော့ အခြားကလေးတွေနဲ့နေသား တကျဖြစ်ပုံမရသေးပါဘူး
ကာတွန်းဆွဲပါတယ်
ဩော် ကောင်း လိုက်တာ
အားလပ်ချိန်ရတိုင်း ဆွဲတာပေါ့ဟုတ်လား
မဟုတ်ဘူး အားမှဆွဲတာမဟုတ်ဘူး၊ စီးပွားဖြစ်ဆွဲတာ
မင်းရော ဘာလုပ်လဲ
ကိုယ်တို့က ယူအန်မှာ လုပ်တာလေ
ကိုယ်တို့ဆိုတာ
ကိုယ့်အမျိုးသားလေ
ဩော် အင်း
ဒီမှာ ဩစတြေးလျ သံရုံးက ဝန်ထမ်းတစ် ယောက်ယောက်များ မပါဘူးလားဟင်


ညနေ နေဝင်ချိန်မှာ အသီးသီးအိမ်ပြန်ကြတယ်။
ဥရောပနိုင်ငံထုတ်လေးဘီးယက်ကားသစ်ကြီးနဲ့ က
လေးထိန်းတွေကလေးတွေကိုလာကြိုပါတယ်။
ဒီမှာတွေ့ရခဲ့တဲ့ လေးဘီးယက်
ကားအသစ်
ကြီးပါ
ဒီလိုကားသစ်ကြီး
မျိုးကို ဒီနိုင်ငံကိုတင်
သွင်းဖို့ဆို အခွန်အခ
တော်တော်ပေးရမှာပဲ
ကျွန်တော်တို့သားအဖကိုလည်း
လာခေါ်ပါတယ်။
ဗုဒ္ဓဟူးနေ့တိုင်း သွားပါများလာတဲ့အခါ ကလေး
အမေတွေတော်တော်များများနဲ့ မျက်မှန်းတန်းမိ
လာပါတယ်။ အများစုကတော့ ကုလသမဂ္ဂရုံးက
ဝန်ထမ်းတွေ၊ သံတမန်တွေနဲ့ NGO အဖွဲ့အစည်း
များကပါ။
အခုလို
ပြန်လိုက်ပို့တာ
ကျေးဇူးပဲဗျို့


ဝေဒနာ
စာအုပ်ပြီးဖို့တစ်မျက်နှာပဲ ကျန်တော့ တယ်···ဟေ့···ဟေ
ရဟူး
မီးဖိုချောင်ထဲမှာလည်း တစ်ယောက်မှမရှိ။ ပန်းခြံထဲမှာလည်းတစ်ယောက်မှမရှိ။ လူးဝစ် လေးလည်း မတွေ့၊ ဘယ်တွေသွားနေကြ ပါလိမ့်
နာရီဝက်လောက်အကြာမှာ မောင်အေးက လူးဝစ်လေးကိုချီပိုးပြီး ပြန်လာပါတယ်။
ဒီလောက် အကြာကြီးဘယ် သွားနေတာလဲ
မောင်အေးက သူသွားခဲ့တဲ့နေရာကို တတ်သလောက်မှတ်သလောက်နဲ့ ရှင်းပြပါတယ်။
ဟိုဒင်း ဟိုဟာ
နောက်တစ်ခါ သွားရင် ငါ့ကိုပါ ခေါ်
နောက်နှစ်ရက်လောက်အကြာမှာအပြင်သွားဖို့ မောင်အေးက ပြောပါတယ်။
အိုကေ ငါ လည်းလိုက်မယ်



ဖြည်းဖြည်း
သွားပါဟ
တစ်ကွေ့လောက်သွားပြီးတဲ့အခါမောင်
အေးကခြံတစ်ခြံထဲဝင်သွားပါတယ်။
အိမ်ထဲမှာ မှောင်မည်းနေပြီး တီဗီကို အသံ
အကျယ်ကြီးဖွင့်ထားပါတယ်။
လူ့ဝစ်လေးက စိတ်ဆိုးပုံမရတဲ့အပြင် ပျော်နေ
ပုံတောင် ရပါသေးတယ်။
မောင်အေးကလည်း ပြုံးပြုံးရွှင်ရွှင်နဲ့ အခန်းတစ်ခန်းထဲကို
လာဖို့ ကျွန်တော့်ကိုခေါ်ပါတယ်။


ပိန်ပိန်ပါးပါးနဲ့ နာတာရှည်ဝေဒနာသည်ပုံပေါက်တဲ့ အမျိုးသမီးကြီးတစ်ယောက် ကုတင်ပေါ်မှာလဲလျောင်းနေပါတယ်။ သူ့ခေါင်းဘေးမှာ အသံဆူဆူညံညံနဲ့ ပန်ကာ တစ်လုံးဖွင့်ထားပါတယ်။
ဘယ်လောက်ဆိုးလိုက်တဲ့ တိုင်းပြည်လဲဟင်
ကျွန်မကတော့ ဘယ်သူ့ကိုမှ မကြောက်ဘူး၊ စိတ်ထဲမှာရှိတဲ့ အတိုင်း ပြောတာပဲ
လွန်ခဲ့တဲ့ဆယ့်သုံးနှစ်လောက်ကတည်းက မတော်တဆအဖြစ်အပျက်တစ်ခုကြောင့် ကုတင်ပေါ်က နေ မထနိုင်တော့တာလို့
စကားပြောရင်းနဲ့ သိလိုက်ရတယ်
ဂဂ မှာကျောင်းသားတွေကို ပစ်သတ်ပြီးတဲ့နောက် တက္ကသိုလ်တွေကိုအပြီးပိတ်လိုက်တယ်။ ပညာရေးစနစ်က ဇောက်ထိုးကျသွားပြီး အခုခေတ်လူငယ်တွေဆို အင်္ဂလိပ်လို မပြောတတ်တော့ဘူး။
သူ့သမီးနှစ်ယောက်က နိုင်ငံခြားမှာကျောင်းတက်နေပါတယ်။
သူတို့နှစ်ယောက်စလုံးကို ပြန်မလာစေချင်ဘူး
ဒေါ်အောင်ဆန်းစုကြည် ခံရသလို မခံရစေချင်ဘူးလေ
ဒေါ်စုကသူ့မိခင်ရဲ့ဆိုးရွားတဲ့ကျန်းမာရေးအခြေအနေကြောင့်မြန်မာပြည်ကိုပြန်လာခဲ့တာဖြစ်ပါတယ်


ကျွန်တော့်ကိုစိတ်ရှည်လက်ရှည်နဲ့ သူ့ငယ်ဘဝ
အကြောင်းတွေပြောပြပါတယ်။ ရန်ကုန် မြို့ကြီး
ရွှေထီးဆောင်းခဲ့စဉ် ကာလတွေ
အကြောင်းပေါ့။
အချိန်တော်တော်ကြာ စကားပြောဖြစ်ခဲ့ပါတယ်။
အခုလို နိမ့်ပါးတဲ့နိုင်ငံ
တစ်နိုင်ငံမှာ ဒုက္ခခံပြီးလာနေရတဲ့
အတွက် စိတ်မကောင်းပါဘူး။
ကျွန်မအိမ်ကိုအချိန်မရွေး
ဝင်ထွက်သွားလာနိုင်ပါတယ်။


လူငယ်လူရွယ်
လွတ်လပ်စွာပေါက်ကွဲချင်တဲ့လူငယ်တွေအတွက်တော့ မြန်မာနိုင်ငံဟာနေရာကောင်းမဟုတ်ပါဘူး။ စစ်တပ်အုပ်ချုပ်မှုအောက်မှာအရာရာကိုမျက်လုံးဒေါက်ထောက်ကြည့်နေကြပါတယ်။
ဒါပေမယ့် လူငယ်ဟာလူငယ်ပါပဲ။ သူတို့တတွေရဲ့ထွက်ပေါက်ကို သူတို့ဘာသာရှာဖွေကြတယ်။ အဝတ်အစားတွေကိုလေ့လာရင် သိသာနိုင်ပါတယ်။
AZUREA
လင့်ကင်ပတ်ခ်
ချိုကွေးဗားယား
ဆေးခြောက်ရွက်
ခွန်း
မာရီလင်မန်ဆမ်းပုံနဲ့အင်္ကျီတွေကို တွေ့ရပါလိမ့်မယ်။ဒါပေမယ့်မာရီလင်မန်ဆမ်းအခွေနားထောင်ချင်ရင်တော့ထိုင်းကိုသွားမှအဆင်ပြေပါလိမ့်မယ်။
KORN
ဆိုနစ်ယုဒ်ပါလား။ ဒီကတစ်ယောက်ယောက် ဆိုနစ်ယုအခွေနားထောင်ဖူးပါစေ။
နောက်ထပ်ခေတ်စားတဲ့ အဝတ်အစားပုံစံကတော့ ပြောက်ကျားဒီဇိုင်းတွေပါပဲ။
AZUREA
လမ်းပေါ်မှာ တကယ့်စစ်သားတွေ အပြည့်ချထားတာ တောင်မှကွာ


အင်္ဂျီတန်ဖိုးတွေက မသေးလှပါဘူး။ များသောအားဖြင့် အာဏာရှင်အသိုင်းအဝိုင်းက လူငယ်တွေပဲ ဝယ်နိုင်ကြတာပါ။
လူသတ်ဝါဒီတံဆိပ်ကို အမြတ်တနိုးဝတ်စားထားတဲ့လူငယ်တွေကိုလည်း တအံ့တသြတွေ့မိပါတယ်။
အို...ဒုက္ခ
အင်း...ဒီလိုလူငယ်တွေကြောင့်ပဲ ဒီနိုင်ငံမှာအာဏာရှင်စနစ်ဆိုးကြီး လွယ်လွယ်နဲ့ အမြစ်တွယ်နေနိုင်တာကို
အင်း
ဆိုးလိုက်တာ
နာဇီနဲ့ ချေချွေးဗားရားကို တစ်တန်းစားထဲထားပြီး ဝတ်ဆင်နေတာတော့ မဟုတ်သေးပါဘူး။
တောက် နေရောင် ပျောက်သွားပြန်ပြီ


ကျောင်းထိုင်ဆရာတော်
ဒီနေ့တော့ ဘုန်းကြီးကျောင်းတစ်ကျောင်းကိုသွားဖို့ရှိပါတယ်။ ကျွန်တော့်မိန်းမရဲ့ မိတ်ဆွေ တစ်ယောက်က ဘုန်းကြီးဝတ်တဲ့အတွက် သိမ်ဆင်းလောင်းဖို့အတွက်ပါ။
ကျွန်တော့်မိန်းမမိတ်ဆွေမှာ မိန်းမရော၊ ကလေးတွေရောရှိပါတယ်။ ဒါပေမယ့်ထေရဝါဒမှာ အိမ်ထောင်ရှိရှိ သားသမီးရှိရှိ သာသနာ့ဘောင်ကို ကူးပြောင်းဖို့လွယ်ပါတယ်။
သူ့ကိုသိလား
ဟင့်အင်း
သူကလယ်ဂျာစာအုပ်ကြီးထဲမှာ စာရင်းဇယားတွေ အကုန်လတ်စသတ်လိုက်ပြီး နောက်တစ်နေ့မှာတော့ သာသနာ့ဘောင်ကိုကူးပြောင်းသွားပါတော့တယ်။
ပြောင်နေအောင်တုံးထားတဲ့ ခေါင်းကို ရောင်စင်ဖြာလင်းနေတဲ့ မီးလုံးလေးတွေနဲ့ သပ္ပာယ်စွာ ဖူးမြော်ရပါတယ်။



သူ့အတွက်လက်ဆောင်ပစ္စည်း ဝယ်သွားပေးပါတယ်။
သံဃာတော်အတွက်လက်ဆောင် ပစ္စည်းရှာရတာ မလွယ်ပါဘူး။
ကံကောင်းချင်တော့ ဘုန်းကြီး အသုံးအဆောင်အပြည့်စုံပါတဲ့ ရယ်ဒီမိတ်ခြင်းတစ်ခြင်းရှာတွေ့ ပါတယ်။
ထီး
သွားပွတ်တံ
သွား တိုက်ဆေး
သိမ်ဆင်းတဲ့နေ့မှာ လှူထားသမျှ သွားပွတ်တံတွေကသူ့တစ်ဘဝလုံး တိုက်လို့တောင် ကုန်ပါ့မလား မသိဘူး။
တရားပြခန်းမထဲမှာ အစားအသောက်နဲ့ တည်ခင်းပါတယ်။
သက်န်းနဲ့ ပိုကြည်ညို စရာမကောင်းဘူးလားဟင်
သင်္ကန်းနဲ့ မျက်မှန်က တော်တော်လိုက်ဖက်တယ် နော်
ဒလိုင်းလားမားလည်း ဒီလိုသင်္ကန်းနဲ့ ဒီလို မျက်မှန်ပဲနော်။ မျက်မှန်က သင်္ကန်းရဲ့တစ်စိတ် တစ်ပိုင်းလိုဖြစ်နေတယ်။
ဒါကတော့ ကျွန်တော်နဲ့ မိတ် ဆက်ပေးတဲ့ ကျောင်းထိုင်ဆရာ တော်ကြီးပါ။



ကြားခဲ့ရသော သတင်းများ
ကျွန်တော့်မိန်းမက နောက်တစ်ကြိမ်ခရီးထွက်ရပြန်ပါတယ်။ ကျွန်တော်ဒီကိုရောက်တာ ခြောက်လရှိပါပြီ။
ကျွန်တော့်မိန်းမရဲ့စီမံကိန်းနယ်မြေကို တစ်ခါမှ မရောက်ဖူးသေးပါဘူး။
ငါကဘာဖြစ်လို့ လိုက်ခွင့်မရှိတာလဲ
အခုရက်ပိုင်းအတွင်း နယ်စွန်နယ်ဖျားကိုသွားခွင့်ရဖို့ တော်တော်ခက်နေတယ်။ အစိုးရက ငါတို့က မခက်ခက်အောင်လုပ်ပြီး တားနေတယ်။
ဘာအတွက်လဲတော့ မသိဘူး
ဒီညတော့ လူစုံတက်စုံပါလား




အန်ဂျီအိုအသိုင်းအဝိုင်းမှာ စိုးရိမ်မှုတွေတိုးလာပါတယ်။
ခရီးသွားခွင့်ကို ခြောက်လကနေ တစ်ပတ်ထိပဲ ပေးတော့မယ်တဲ့။
ဒါဆို ငါတို့က ရန်ကုန်ကို တစ်လလေးကြိမ်ပြန်လာရမယ် ဆိုတဲ့ သဘောလား။
အဲလိုလဲ မဖြစ်နိုင်ဘူး။ ခွင့်ပြုမိန့်ကျဖို့ကိုသုံးပတ်လောက်စောင့်ရသေးတယ်လေ။
တစ်လမှ တစ်ပတ်ထဲနဲ့ ဘယ်လိုလုပ်ဆေးဝါးတွေ ဖြန့်ဖြူးနိုင်မှာလဲ။
ခွင့်ပြုမိန့် မပါဘဲနဲ့သွားရင်ကော
ဖြစ်ချင်တော့ အခုမှ ရန်ကုန် ရောက်လာတဲ့သူကလည်း ရှိသေးတယ်။
သေမယ့်အပတ်မှ စစ်ထဲလိုက်လာမိသလိုဖြစ်နေပြီ
အခုဆိုရင် ပြည်ဝင်ခွင့်ဗီဇာရဖို့တောင်ခက်လာပြီ။ ဒီကိုဝင်ခွင့်ရဖို့အချိန်တော်တော်စောင့်ခဲ့ရတယ်။
နောက်ထပ်စီမံကိန်းအသစ်တစ်ခုလောက် လျှောက်ကြည့်ရင်ကော မကောင်းဘူးလား။
အခုပဲကြည့်လေ စာရွက်စာတမ်းတွေကျလာဖို့အတွက် ဒီမှာသက်သက် တစ်လလောက် အချိန်ဖြုန်းပြီးစောင့်နေရမှာ။
သူတို့ဘက်ကတစ်ခုခု လုပ်တော့မှာမို့လို့ ငါတို့ကို မျက်မြင်သက်သေမရှိအောင် ပထုတ်လိုက်တာများလား။
ခွင့်ပြုချက်မပါဘဲ သွားမယ်ကွာ။
MSF ပြင်သစ်အဖွဲ့လည်း အဲဒီကိုသွားတယ်မဟုတ်လား။
အင် မသိဘူးလေ။


အချိန်တော်တော်လင့်သွားတော့မှာပဲ။
သွားပြီဗျို့ အားလုံးကံကောင်းပါစေ။
ဂွတ်နိုက်
အိုး
လုပ်ပါဦး
ရန်ကုန်မြို့ရဲ့ ညဘက်တွေမှာ လမ်းဘေးခွေးတွေက မင်းမူလေ့ရှိပါတယ်။
အကွေ့တိုင်းလိုလိုမှာ တစ်ဖွဲ့စီ စောင့်ကြပ်နေကြတယ်။
ဂရား
သွားစမ်းကွာ ခွေးစုတ်တွေ
ဝုတ်
ဟ ဟ
လိုက်လာပြီ
တော်သေးတယ် ဒီကိုမလာခင် ခွေးရူးရောဂါကာကွယ်ဆေးတွေ ယူလာခဲ့ပေလို့


လွန်ခဲ့သောခြောက်လက ပါရီမြို့ရှိ ကျောင်းတစ်ကျောင်း၌
ငှက်ဖျားဆေး၊ ဦးနှောက်အမေးရောင်ဆေး၊ နောက်ပြီး ခွေးရူးကာကွယ်ဆေး အကုန်လုံးယူသွားရမယ်။
အင်း‥ ခွေးရူးကာကွယ်ဆေး ဆိုပါလား‥ဟိုနိုင်ငံမှာ တကယ်ပဲ ခွေးရူးတွေသိပ်များနေလို့လား
ဟုတ်ပီ၊ ရော့ ဒီထဲမှာ ဆေးမျိုးစုံပါတယ်။ ကိုယ်နဲ့မကွာဆောင်ထားပေတော့။ ဝေးတဲ့နေရာမှာမထားနဲ့နော်။
ရေခဲအိတ်ပါတဲ့ အဝတ်အိတ်နဲ့ သေချာထုပ်ပိုးထားပါတယ်။
HOTEL
SUBWAY
TRAIN
AIRPORT
PLANE
TRANSIT
PLANE
TAXI
မြန်မာပြည်ထိကို အေးအောင်ထားရမယ် ဟုတ်လား
ဟုတ်တယ်
!
My dear sir, I am not in the habit of arguing with puppies. Get out! At once!.. I have to be at the Central Station in fifteen minutes.
And I must get to the hospital urgently...
... as I've just been bitten by this mad dog!
ဟုတ်ပ
တင်တင်ရေ၊ အဲ့သလိုလူစားမျိုးက နေရာတိုင်းမှာရှိတယ်။



ဟော
ဟဲ
ဟော
ခလုး !
ကလစ်
zzz
zzz
zzz
zzz


မီးစက်
ကစ်ပလင်၊ ဆမ်မားဆက်မွန်၊ ဂျိုးဆက်ကာဆယ် အစရှိတဲ့ကမ္ဘာကျော်အနုပညာရှင်တွေတည်းခိုသွားတဲ့ စထရင်း ဟိုတယ်ပါ။
အဲဒီဟိုတယ်ကြီးမှာပဲ ဒတ်ရှ်ဘုရင်မွေးနေ့အခမ်းအနားကျင်းပပါတယ်။ နယ်သာလန်နိုင်ငံရဲ့အမျိုးသားအားလပ်ရက်လည်း ဖြစ်ပါတယ်။
ဒတ်ရှ်ကရောက်လာတာမကြာသေးတဲ့ပုဂ္ဂိုလ်တစ်ဦးနဲ့ ရုပ်ပြတွေအကြောင်း ပြောဖြစ်ခဲ့တယ်။
အဲဒီအပတ်ထဲမှာပဲ ကားတစ်စီးရောက်လာပြီး နေ့လယ်စာစားဖို့ ဖိတ်ပါတယ်။
?
အဲဒီမှာပဲ အန်နီမေးရှင်းပညာရပ်ကို သင်ယူလိုတဲ့မြန်မာအနုပညာရှင်တချို့နဲ့တွေ့ခဲ့ပါတယ်။
တနင်္ဂနွေမနက်တိုင်း သူတို့အဖွဲ့ထဲကတစ်ယောက်အိမ်မှာ ကျွန်တော့်အန်နီမေရှင်းပညာရပ်တွေကို မျှဝေပေးခဲ့ပါတယ်။



အန်နီမေးရှင်းပညာရပ်မှာ အခြေခံအကျဆုံးဖြစ်တဲ့ ဘောလုံးလေးခုန်တာကနေစပြီး သင်ကြားပြသပေးခဲ့ပါတယ်။
အခုလို လေပေါ်မှာရပ်နေရင်
အသက်မဝင်ဘူး
အလေးချိန်မရှိဘူး
ဒီဘောလုံးလေးလှုပ်ရှားဖို့ဆိုရင် အခုလိုအဆင့်ဆင့်လုပ်ဖို့လိုတယ်
အဲဒီအဆင့်တွေကို ပေါင်းလိုက်တဲ့အခါ လှုပ်ရှားသက်ဝင်နေတဲ့ ဘောလုံးလေးဖြစ်သွားရော
သင်ကြားပြသချိန်လုံလုံလောက်လောက်မရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရပ်ကွက်တွေထဲမှာ တစ်နေ့ကို လေးနာရီပဲလျှပ်စစ်မီးရပါတယ်။ ကျန်တဲ့အချိန်တွေမှာ အင်ဗာတာနဲ့ပဲသင်ကြားရပါတယ်။ အင်ဗာတာကလည်း အချိန်အများကြီး အသုံးမခံပါ။
အာဏာပိုင်မိသားစုတွေနေထိုင်တဲ့ရပ်ကွက်တွေကို လျှပ်စစ်လုံလုံလောက်လောက်ပေးပြီးမှ ကျန်ရှိတဲ့လျှပ်စစ်တွေကို ပြည်သူတွေထံ ဖြန့်ဝေပါတယ်။
ကျွန်တော့်အိမ်မှာ ပြောင်းသင်ရင်ကော
ရပါတယ်
ကျေးဇူး
လက်ဖက်ရည်ဆိုင်သွားရအောင်
မလုပ်ပါနဲ့



လမ်းမတစ်လျှောက်မီးစက်သံတခြိမ်းခြိမ်းနဲ့ ဆူညံပွက်လောရိုက် နေပါတယ်။
ကွန်ပျူတာနဲ့ အင်တာနက်တွေအကြောင်းဆွေးနွေးခဲ့ကြပါတယ်။
ဒီက အင်တာနက်တွေအကုန်လုံးကို စစ်တပ်ကမျက်ခြည်မပြတ်စောင့်ကြည့်နေတာ၊ဝက်ဆိုဒ်တော်တော်များများကိုပိတ်ထားသလို အင်တာနက်လိုင်းတွေကလည်း မတရားနှေးတယ်
ခင်ဗျားကကျွန်တော်တို့အိမ်မှာ ညအိပ်မယ်ဆိုရင်သက်ဆိုင်ရာကိုအကြောင်းကြားရတယ်။
ဘာဖြစ်လို့လဲ ကျွန်တော်ကနိုင်ငံခြားသားမို့လား
မဟုတ်ဘူး ဗမာဆိုလည်း အကြောင်းကြားရတာပဲ
သူတို့ထဲက တစ်ယောက်က ပီတာလာရီနဲ့ တော်တော်လေးတူပါတယ်။
နိုင်ငံတိုင်းမှာ ပီတာလာရီတွေ ရှိနေသလားလို့တောင် အံ့သြရပါတယ်။
ခဏကြာတော့ နှုတ်ဆက်ပြီးပြန်ခဲ့ပါတယ်။ နောက်တစ်ခါတော့ ကျွန်တော့် အိမ်မှာပဲသင်ပါတော့မယ်။
တက္က
TAX


မကျေမနပ်
ရန်ကုန်မြို့မှာ ဗုံးသုံးလုံး တစ်ပြိုင်တည်းပေါက်တယ် ဆိုတဲ့သတင်းကို ကြားရတဲ့အခါ အတော်အံ့သြတုန် လှုပ်မိပါတယ်
သောင်းကျန်းသူတွေ မြို့ပေါ်ရောက်လာပြီလား
ဘယ်မှာလဲ
ဘာ မဖြစ်နိုင်တာ၊ ငါတို့တောင် ဒီနေ့ ဈေးဝယ်ထွက်ဖို့ စီစဉ်ထားသေးတယ်
နှစ်ဦးသေ၊တစ်ရာ့ခြောက်ဆယ် ဒဏ်ရာရတယ်တဲ့။
ဘာဖြစ်လို့ အပြစ်မဲ့ပြည်သူတွေ ရှိရာ ဈေးဝယ်စင်တာတွေကို ဗုံးခွဲရတာလဲ။
အင်း အကုန်လုံး ရှိပါတယ်
မင်းတို့ ရော
တော်ပါသေးရဲ့


နောက်ဆုံးတော့ ဝင်ခွင့်ကဒ်ရခဲ့ပြီပေါ့
အင်း အဆက်သွယ် ကောင်းဖို့လိုတယ်လေ
ကလေးအဖွဲ့ကတစ်ဆင့် ရတဲ့အဆက်အသွယ်လေ
ဒါပေါ့ အဖေတစ်ယောက်ရဲ့ စွမ်းအင်တွေလေ
AUSTRALIAN CLUB
IYS
ဒီနေ့အတွက်တော့ အထူးညှော်သည် တော်ပေါ့
မိုက်တယ်
ငါ့အထင်တော့ ဖုံးခွဲတဲ့လက်သည်က မွန်တွေများလား
မဟုတ်ဘူး ရှမ်း
ဟင့်အင်း ကရင်
အင်း အဲ
နာဂ
ရှိဟင်ဂျာ
ရခိုင်
စစ်တပ်
ကချင်



အားကစားလုပ်တာ
များသွားလို့ထင်တယ်
တံတောင်တွေ နာ
လိုက်တာ
နောက်တစ်နေ့
အီး…အား အင်း
ဒုက္ခပဲ၊ ဒီတံတောင်ဆစ်ဒုက္ခပေးတာနဲ့
ဘာပုံမှ မဆွဲနိုင်တော့ဘူး
နောက်လေးမျက်နှာလောက်
လို
သေး
တယ်
ဆေးဘက်ဆိုင်ရာအန်ဂျီအိုတွေနဲ့ အတူတူနေနေမှ
တော့ ဆရာဝန်တွေဝိုင်းဝိုင်းလည်နေတာပေါ့။
အနားယူရမယ်
နားရမယ်
အလုပ်
မလုပ်ရဘူး
ဒါပေမယ့်နားလို့မရ
သေးဘူး။ လေးမျက်နှာ
လောက်ရေးဖို့ကျန်
သေးတယ်
ဒါဆိုဆေးသောက်
သောက်ဆေး
ပေးမယ်
နေ့တိုင်းသောက်ရမယ်
ကဲ ဘာဖြစ်ဖြစ်
ဆက်ရေးရမှာပဲ
ဗိုက်ကြွက်သား
တွေပါမနာလို့
တော်သေးတယ်


ပန်းခြံ



ယတြာအချို့
သုံးလကြာသည့်အခါ
ခြောက်လကြာသည့်အခါ


ကော့တေး
ကုလသမဂ္ဂကဝန်ထမ်းတွေအတွက် ကော့တေးပါတီရှိတယ်နော်။
ပါတီဟုတ်လား။ တော်ပြီ သုံးရက်တစ်ခါလောက် ပါတီတွေလုပ်နေကြတယ်
ပွဲတော်ကအကြီးအကျယ်ကျင်းပမှာနော်၊ သွားကြည့်သင့်တယ်ထင်တယ်
ဒါနဲ့ဘာဖြစ်လို့ မင်းတို့အဖွဲ့ကို ဖိတ်တာလဲ၊ ကုလသမဂ္ဂနဲ့ မင်းတို့နဲ့ ဘာဆိုင်လို့လဲ
တကယ်တော့ ကျွန်မတို့အဖွဲ့ခေါင်းဆောင်အာဆစ်ကိုဖိတ်တာ၊သူကကရင်ပြည်ရောက်နေတော့ကျွန်မဆီဖိတ်စာလွှဲပေးလိုက်တာ
အာဆစ်ရှိလည်း အဲဒီလိုပွဲတွေကို သွားမှာမဟုတ်တာ သေချာတယ်။ သူက ပါတီတွေကို သိပ်မုန်းတာ
လုပ်ပါကွာ၊ သွားရအောင်နော်၊ သိပ်အကြာကြီးမနေပါဘူး
လုပ်ပါ
ကျွတ်


ဒီမှာ မဟုတ်လား
ဟိုမှာကြည့်စမ်း ဒိုင်နိုဆော အရုပ်ကြီး မလှဘူးလား
ဒိုင်နိုဆော
ပါတီပွဲကလည်း အဘိုးကြီးအဘွား ကြီးတွေချည်းပါပဲလား။ စိတ်ပျက် စရာပဲ
ဒါက ဝိုင်လား
ဒီလို ဆွဲခံ ရရောလား
ခင်ဗျားက ကာတွန်းဆရာရဲ့ မိတ်ဆွေလား
ဒုက္ခပဲ
အင်း..လူချင်း တော့ ရင်းနှီး ပါတယ်။
ဒါနဲ့ပဲ ကာတွန်းတွေအကြောင်း စကားဆက်စပ်ပြောဖြစ်ကြပါတယ်
တစ်ကွက်ခြင်းစီကို မှတ်မိနေ တာဗျ
အရုပ်တွေက သိပ်အသက် ဝင်တာ
ဟား ဟား
အတည် ရေးပေ မယ့်ကျွန် တော့်အ တွက်တော့ သိပ်ရယ်ရ တာပဲ
ဟား ဟား
ဟုတ်တယ် ဟုတ်တယ်
ဟုတ်ပ
ပြန်ကြရအောင်
ပြန်တော့ မှာလား




သင်္ကြန်
မနေနိုင်မထိုင်နိုင်လောက်အောင်ပူပြင်းတဲ့ကာလမှာဗမာလူမျိုးများဟာ ရေသဘင်ပွဲတော်ကိုဆင်နွှဲကြပါတယ်။ ဗုဒ္ဓဘာသာလူမျိုးများရဲ့ နှစ်သစ်ကူးပွဲတော်လည်းဖြစ်ပါတယ်။
တစ်နှစ်တာလုံး စွဲကပ်နေတဲ့အညစ်အကြေးများကို အတာရေနဲ့ဆေးကြောတယ်ဆိုတဲ့ အယူလည်းရှိပါတယ်။
ကျွန်တော့်ရပ်ကွက်
ပွဲတော်ကိုများသောအားဖြင့် ၄ ရက်ကျင်းပပါတယ်
ပထမနေ့
ရေခဲတုံးထည့်ထားတဲ့တိုင်ကီ
ရေသေနတ်
မီးသတ်ပိုက်ကြီးတွေနဲ့လည်းပက်ပါတယ်။


သင်္ကြန်
မနေနိုင်မထိုင်နိုင်လောက်အောင်ပူပြင်းတဲ့ကာလ
မှာဗမာလူမျိုးများဟာ ရေသဘင်ပွဲတော်ကိုဆင်
နွှဲကြပါတယ်။ ဗုဒ္ဓဘာသာလူမျိုးများရဲ့
နှစ်သစ်ကူးပွဲတော်
လည်းဖြစ်ပါ
တယ်။
တစ်နှစ်တာလုံး စွဲကပ်နေတဲ့အညစ်အကြေးများ
ကို အတာရေနဲ့ဆေးကြောတယ်ဆိုတဲ့ အယူ
လည်းရှိပါတယ်။
ကျွန်တော့်
ရုပ်ကွက်
ပွဲတော်ကိုများသောအားဖြင့် ၄ ရက်ကျင်းပပါတယ်
ပထမနေ့
ရေခဲတုံးထည့်
ထားတဲ့
တိုင်ကီ
ရေသေနတ်
မီးသတ်ပိုက်ကြီးတွေနဲ့လည်းပတ်ပါတယ်။


ဒုတိယနေ့
ရေပက်ခံမထွက်တော့ဘဲ ရေပက်ဖို့ပဲ ဆုံးဖြတ်လိုက်ပါတယ်။
ဇိမ်ကျတယ်လေ။
← ပုရစ်ကျော်
ဟော့
ဒီမှာနေတုန်း တစ်ကောင်လောက်စားဖူးတယ်ရှိအောင်စားမယ်လို့ ဆုံးဖြတ်လိုက်တယ်။
လက်တွေတောင်ပံတွေ ဖယ်စားရပါမယ်။
ပြတ် ပြတ်
အင် သိပ် မကောင်းပါဘူး
မာမာကြွမ်းကြွမ်းကြီး
စားကြည့်ချင်လို့လား ရော့
ဘယ်လိုနေ••• နေ•••နေ
ဟိုက်အကျီခုလေးတင်လဲထားတာ


တတိယနေ့
ပြန်လာမယ် မကြာဘူး
ဟား
ဟား
ဟား
ကားမရှုပ်တဲ့လမ်းကြိုလမ်းကြားတွေထဲစက်ဘီးတစ်စီးနဲ့လျှောက်လည်ပါတယ်။
ဟာ ဟိုမှာ နိုင်ငံခြားသား
ဒီလိုလည်ရတာ ပိုပြီးအဆင်ပြေပါတယ်။ ရေပက်ချင်ရင် ကျွန်တော့်ကိုတားပြီးစိမ်ပြေနပြေပက်ကြပါတယ်။
အိမ်ပြန်ရောက်တဲ့အခါ တံခါးမကြီးပိတ်ထားပြီး ကျွန်တော်တို့ခြံစောင့်ကအသင့်စောင့်နေပါတယ်။
ကျွန်တော်တို့အိမ်ရှေ့မှာဓားထိုးမှုတစ်ခုဖြစ်သွားပါတယ်။ တရားခံကို ရဲကဖမ်းသွားပြီးအထိုးခံရသူကိုတော့ ဆေးရုံကိုခေါ်သွားပါပြီတဲ့။
တကယ်



စတုတ္ထနေ့
ဒီနေ့တော့ ရေမကစားတော့ဘဲ ခြောက်ခြောက်သွေ့သွေ့နေဖို့ဆုံးဖြတ်လိုက်တယ်။ ဒါပေမယ့် နယ်စည်းမခြားဆရာဝန်ရုံးခန်းမှာအင်တာနက်သုံးဖို့ အကြောင်းပေါ်လာတယ်။
အရေးကြီးအီးမေးတစ်စောင်သွားစစ်ဖို့အတွက်ပါ။



ကလေးရုပ်ပြ
LOUIS GOES SKIING
ပြီးပြီကွ
ဒီကမပြန်ခင် အပြီးဆွဲမယ်လို့ ဆုံးဖြတ်ထားတဲ့ ကလေးရုပ်ပြစာအုပ်ကိုအပြီးသတ်လိုက်နိုင်ပါပြီ။
အွတ်
ဆေးတွေသောက်ပေမယ့် ကျွန်တော့် လက်မောင်းတွေက အောင့်နေဆဲပါပဲ။
အနာသက်သာဖို့အတွက် ကိုယ့်ကိုယ်ကိုယ် အပန်းဖြေရမယ်လို့ ဆုံးဖြတ်လိုက်တဲ့အခါ
ဟုတ်ပြီ
စိတ်အပန်းဖြေဖို့အတွက်
စိတ်လွတ်ကိုယ်လွတ်
အနားယူပစ်လိုက်တယ်။


ကျွန်တော့်အိမ်နားက အိမ်ကြီးတစ်အိမ်ရှေ့မှာ အသုံးမပြုတာကြာပြီဖြစ်တဲ့ ကားကြီးတစ်စီးကို တွေ့ရပါတယ်။ မြန်မာပြည်လွတ်လပ်ရေးရပြီးကာစကတည်းက ပိုင်ရှင်တွေပြန်အလာကို စောင့်နေပုံရပါတယ်။
၁၉၆၈ ခုနှစ်ထုတ်တန်ဖိုးကြီး ဓိမ်ခံကားကြီးပါ
ရေကူးနေရတာ စိတ်မပါတော့ဘဲ
လဲနေတဲ့ အပင်ကြီးကို တစ်စစီဖြတ်နေတဲ့ လူတွေဆီကိုပဲ စိတ်ရောက်နေမိတယ်။
"ဘဝသည် တဖြည်းဖြည်းအခြေကျလာကာ ပုံမှန်အချိန်ဇယားအတိုင်း နေ့စဉ်လှုပ်ရှားသွားလာနေပြီဖြစ်သည်"
ဂျိုးဆက်ကဲဆဲလ်ရေး မိုးကုတ်(သို့)ပတ္တမြားတောင်ကြား၊ ၁၉၅၅ စာအုပ်မှ



နယ်စည်းခြားခံရသော
ဆရာဝန်များ
အာဆစ် ပြန်ရောက်လာပါတယ်။ ကရင်ပြည်နယ်အတွင်း နယ်စည်းမခြားဆရာဝန်များအဖွဲ့ ဝင်ရောက်ကုသနိုင်ရန်အတွက် KNU လက်နက်ကိုင်အဖွဲ့နဲ့ တွေ့ဆုံ ဆွေးနွေးခဲ့ပါတယ်။
ဒီမှာရော့ သတင်းအသစ်တွေ
အိုကေ
ဘန်ကောက်ပို့စ်သတင်းစာကတော့ ဖုံးသုံးလုံးပေါက်တယ်ဆိုတာ မဟုတ်ဘဲ လေးလုံးလို့ ဆိုပါတယ်။ သေဆုံးသူအရေအတွက်ကလည်း ဒီမှာကြေညာသလို ဆယ့်တစ်ယောက်မဟုတ်ဘဲ အနည်းဆုံး လေးဆယ်ရှိတယ်လို့ ဆိုပါတယ်။
ဟူး
ဘယ်သူလက်ချက်လဲဆိုတာတော့ မသိကြဘူးလား။
ဒါနဲ့ထိုင်းခရီးစဉ်က ဘယ်လိုလဲဗျ
အောင်အောင်မြင်မြင်ပါပဲ။သူတို့ထိန်းချုပ်ထားတဲ့ဒေသတွေကို ပေးဝင်ဖို့ သဘောတူလိုက်ပါတယ်။
ကောင်းလိုက်တာ
နယ်စည်းမခြားဆရာအဖွဲ့ဟာ ၁၉၈၃ ခုနှစ်ကတည်းက ထိုင်းနိုင်ငံအတွင်းမှာရှိတဲ့ ကရင်ဒုက္ခသည်စခန်းမှာ အလုပ်လုပ်ခဲ့ပါတယ်။ အဆိုပါ ဒုက္ခသည် စခန်းတွင် လူဦးရေ ၄၀၀၀၀ ခန့် ရှိပါတယ်။
← ဒုက္ခသည်စခန်း
မဲဆောက်
မြန်မာ
ထိုင်း
တစ်ခါတလေမှာတော့ နယ်စပ်ကိုကျော်ပြီး မြန်မာပြည်ထဲထိ တရားမဝင် ဝင်ရောက်ကာ အကူအညီများပေးခဲ့ဖူးပါတယ်။


ထိုကဲ့သို့ တရားမဝင် ဝင်ရောက်ဆေးကုသဖို့ဆို
တာ အမြဲတမ်းတော့မဖြစ်နိုင်ပါဘူး။ ဒါကြောင့်
နယ်စပ်ကို တရားဝင်သွားဖို့ ကြိုးစားရပါတယ်။
THAIL
RANGOON
PLAN A
THAILA
RANGOON
PLAN B
ဒီလိုဆိုရင် သွားချင်တဲ့နေရာ
တွေ သွားနိုင်ပြီပေါ့။
အင်း
အကုန်လုံးတော့
သွားလို့မရသေးဘူး။
ဆေးရောမှန်မှန်သောက်
ဖြစ်ရဲ့လား။
အင်း အခုပုံတွေ
လည်းမဆွဲတော့ဘူး
ဟော့ ဒီမှာ ငါ့ကွန်ပျူတာကို
လာစစ်ကြည့်စမ်း၊ ထူးခြားတယ်
ဟုတ်လား
ဘာတွေများ
ထူးခြားပါလိမ့်
လွန်ခဲ့တဲ့ရက်တွေက ပဲရစ်ရုံးချုပ်ကိုပို့လိုက်တဲ့
စာတွေအကုန်လုံး ဒီထဲကိုပြန်ဝင်လာတယ်။ ကျန်
တဲ့လိပ်စာတွေကိုတော့ ဆိုက်ဆိုက်မြိုက်မြိုက်
ရောက်သွားတယ်။ ဗိုင်းရပ်ကိုက်တာများလား
အင်း မဟုတ်
လောက်ဘူး ဗိုင်း
ရပ်က ဒီလိုမ
ဟုတ်ဘူး။
နည်းနည်းတော့ မသင်္ကာစရာပဲ။
နေဦး အက်တာနက်ဆိုင်သွားပြီး
စစ်ကြည့်ဦးမယ်
လုပ်ပါဗျာ၊ ဒီမှာရုံးချုပ်ကို
မဖြစ်မနေပို့ရမယ့် စာတွေ
အများကြီးဖြစ်နေပြီ။


ထူးဆန်းတယ် ဒီမှာတော့ပို့လို့ရတယ်။
ဒီမှာတော့ ပို့လို့ရပြီး ဟိုမှာပို့လို့ မရဘူးဆိုတော့ • • • အင်း • • •
ကျွန်တော်ထင်တာကတော့ ဒီကအင်တာနက်လိပ်စာတွေကို တစ်ဆင့်ခံထားပုံရတယ်။ ဒါကြောင့် ကျွန်တော်တို့ပို့သမျှစာတွေက တိုက်ရိုက်မရောက်ဘဲ ကြားတစ်နေရာကို ရောက်သွားတာ
အင်တာနက်ကုမ္ပဏီကို အကြောင်းကြား ကြည့်ပါလား
တစ်နာရီလောက် မောကြီးပန်းကြီး ဆက်သွယ်ကြည့်တော့မှပဲ ဘယ်ကိုသွားရမလဲဆိုတဲ့ အဖြေရပါတယ်။
ကွန်ပျူတာပညာရှင်တစ်ယောက်ယောက်နဲ့ စကားပြောပါရစေ
ဟဲလို
မဟုတ်ပါဘူး သုံးလို့ရပါတယ်
ဟုတ်
ဟဲလို
ဗမာပြည်မှာ အင်တာနက်ကုမ္ပဏီကြီးနှစ်ခုရှိပါတယ်။ တစ်ခုကို စစ်တပ်ကပိုင်ပြီး နောက်တစ်ခုကို သူတို့သားသမီးတွေပိုင်ပါတယ်။
MPT MAiL
ဒီမှာပဲ
ကျေးဇူး
ယခင်လက ပေါက်ကွဲမှုတွေဖြစ်ပွားပြီးကတည်းက နေရာတကာမှာ လုံခြုံရေးတွေ တင်းကျပ်ထားပါတယ်။ ကျွန်တော့်အခက်အခဲလေးကို စာရွက်ပိုင်းလေးပေါ်မှာ ရေးပြီး ပေးပို့ရပါတယ်။
ကွန်ပျူတာပညာရှင်နဲ့ တွေ့ရဖို့အရေး ခြံစည်းရိုးအတွင်းထဲမှာ ထိုင်စောင့်ရပါတယ်။ ကျွန်တော်တို့လိုပဲ စောင့်နေရတဲ့သူတွေ မနည်းပါဘူး။
အီးမေးလ်ဆိုဒ်အကြီးကြီး တစ်ခုရောက်လာလို့လေ။ ဒေါင်းလုတ်လုပ်တာလည်းမရတော့ ဖျက်ပစ်ချင်တာ၊ ဘယ်လိုဖျက်ရမလဲမသိလို့
ဒါလား • • • ဘယ်လိုလုပ်ရမလဲဆိုတာ ကျွန်တော်ရေးပေးလိုက်မယ်လေ



ပညာရှင်ဆိုတဲ့ ဆရာသမားနဲ့တွေ့ ပြန်တော့လည်း ကျွန်တော်ပြောတာကို နားလည်ပုံ မရပါဘူး။
လိပ်စာတစ်ခုကို ပို့လိုက်သမျှအီးမေးတွေ အကုန် ပြန်ရောက်နေတယ်
ဘာမှလည်း ပြန်မပြောပေ။
ဖြစ်နိုင်တာကတော့ ခင်ဗျားတို့ဆီမှာတစ်ဆင့်ခံထားတဲ့ နေရာမှာ တစ်ခုခုလွဲနေပုံရတယ်
နောက်ဆုံးတော့ ကျွန်တော့်ကို အင်တာနက်အထိုင်စက်ရုံထဲကို ခေါ်သွားပါတယ်။
!
တခြားပညာရှင်တစ်ယောက်နဲ့ထပ်တွေ့ရပါတယ်။ သူကကျွန်တော်ရဲ့ အင်တာနက်လိပ်စာယူထားပြီး မကြာမီဖြေရှင်းပေးမယ်လို့ပြောပါတယ်။
MPT MA
တချို့ငါတို့ရဲ့အီးမေးတွေဘာကြောင့် တစ်ပတ်လောက်နောက်ကျပြီးမှ ရောက်လာတာလဲဆိုတာ ခုမှ သဘောပေါက်တော့တယ်။


ဘာကြောင့် ငါတို့စာတွေ ကို ခိုးဖတ်ချင်ကြတာလဲ
တချို့ အီးမေးလ်တွေဆို ကူးတောင်ယူထားမယ့် ပုံပဲ
အား၊ ဒီလိုဟာမျိုး တွေပေါ့
FROM: MSF PARIS
TO: ASSIS DAS
DATE: 28.05.2005
SUBJECT: MEETING WITH HEAD OF KNU
DEAR ASIS
PLAN. YOU
SET THE LI
UNLESS WE
SEE YOU SOON,
ဒီလို KNU အကြောင်းပါတဲ့ စာမျိုးကိုပေါ့
KNU ဆိုတာ စစ်တပ်ရဲ့ အဓိကရန်သူပဲလေ။ နှစ်ပေါင်းများစွာပစ်ခတ်သတ်ဖြတ်လာခဲ့ကြတာ အခုထိမရပ်သေးဘူး။
KNU တို့ ဆွေးနွေးပွဲတို့ပါသမျှ ကိုတစ်ဆင့်ခံဖတ်ထားပုံရတယ်။
စာပို့ရင်လျှို့ဝှက် သင်္ကေတတွေနဲ့ပို့မှ ဖြစ်မယ်ထင်တယ်
သူတို့မကြိုက်တဲ့ စာသားတွေဆိုရင်လျှို့ဝှက် စာသားတွေအစားထိုး အသုံးပြုရမယ်
အွန်၊ ငါတို့က အဲ့သလို ပို့ပေမယ့် ပဲရစ်ရုံးချုပ်က ဖတ်တတ် ဦးမှကို
နောက်ဆို ဒီလိုရေးပေါ့ ဟဲလို ဟဲလို ပဲရစ်၊ မြင် သစ်ကနေပြင်သစ်ကို စကား ပြောနေပါတယ်။ "ချစ်ခြင်း များစွာပို့လိုက်ပါပြီ"
အဲဒါ ဘာ အဓိပ္ပာယ်လဲ
သိဘူးလေ ပြောလို့ကောင်း လို့ပြောကြည့်တာ


မိုးတွင်းသို့
ရုတ်တရက်သက်ဆင်းခြင်း
ဟာ
ကြည့်
ရတာ
မိုး
ရွာတော့
မယ်


ငှက်များ
မြောက်ပိုင်း အစွန်အဖျားတိုင်းပြည်တွေမှာပဲ ကျီးကန်းတွေရှိတယ်ဆိုတာ မမှန်ပါဘူး။ မြန်မာပြည်မှာလည်း ကျီးကန်းတွေအပြည့်ပါပဲ။
ဒီမှာ တစ်ကောင်
ဟော၊ ဒီမှာ နောက်တစ်ကောင်
အာ ငှူး
အမှိုက်သရိုက်တွေပေါတဲ့ ဒီလိုနေရာမျိုးမှာ ကျီးကန်းတွေရှိနေတာ မဆန်းလှပါဘူး။
ကဲ ဖေကြီးတို့ကျွေးထားတဲ့ပေါင်မုန့်တွေလည်း ကုန်ပြီ
ကျောင်းသွားဖို့ အဆင်သင့်ဖြစ်ပြီလား
ကျောင်း
တီနေ့
ဟုတ်တယ် ဒီနေ့
ဩော် ဒီနေ့က အမှိုက်ပစ်ရမယ့် နေ့ပါလား
တစ်ပတ်မှာတစ်ခါထရပ်ကားကြီးတစ်စီးက တစ်ရပ်ကွက်လုံးက အမှိုက်တွေကိုလိုက်သိမ်းပါတယ်။


မီးရှို့လို့မရတဲ့အမှိုက်တွေ၊ ခွေးတွေ ကျီးကန်းတွေ မစားတဲ့ စားကြွင်းစားကျန်တွေကို လွှင့်ပစ်ကြပါတယ်။
တော်တော်များများ အမှိုက်တွေကို ပြန်လည်သန့်စင်အသုံးပြုပုံမရပါဘူး။ အနံ့တွေက မခံမရပ်နိုင်အောင် ဆိုးရွားလှပါတယ်။
ဒုက္ခပဲ၊ ဒီအပူချိန်နဲ့ ဒီအနံ့တွေနဲ့ကတော့ မလွယ်ကျောပဲ
သနားစရာလူပဲ ဒီအနံ့တွေကြားထဲမှာ တစ်နေကုန် ဘယ်လိုများ အလုပ်လုပ်ပါလိမ့်
တော်တော် ဆိုးရွားတဲ့ အမှိုက်သိမ်း စနစ်ပဲ
တက်ဆီ
ဘုရား ဘုရား
ညာဘက် ကွေ့
လူးဝစ်လေးကို ပြင်သစ် နေ့ကလေးထိန်းကျောင်း ပို့ထားပါပြီ။


ဟူး
ဟစ်ကော့ရဲ့ လျှို့ဝှက်
သည်းဖိုရုပ်ရှင်တွေထဲကလို
တော့ မဖြစ်လောက်ဘူး
ထင်ပါရဲ့
ထွက်ပြေး
ရင်ကောင်း
မလား



ခရီးရှည်
ကျွန်တော့်မိန်းမတာဝန်ကျရာ နယ်စွန်နယ်ဖျားကို ပထမဆုံးအကြိမ် လိုက်ခွင့်ရပါပြီ။
ခြေအိတ်
ပါပြီ
ဦးထုပ်
အဲ မပါဘူး၊ လိုလို့လား
အစိုးရကဘယ်လိုတွေသဘောကောင်းသွားသလဲ မသိပေ။ အခုလို နယ်စွန်နယ်ဖျားသွားခွင့်ရဖို့အရေး စောင့်နေရသည်မှာ ကြာခဲ့ပြီ။
စွန့်စားခန်းကြီး စပါပြီ
ကျွန်တော့်တွင် ခရီးသွားခွင့်ပါမစ် မပါရှိသော်လည်း သိပ်တော့အခက်အခဲရှိမည်မထင်။ ခရီးစဉ်၏ ပထမတစ်ပိုင်းဖြစ်သောမော်လမြိုင်မြို့သည် နိုင်ငံခြားသည့်သည်များဝင်ထွက်သွားလာနေကျမြို့ဖြစ်ပြီး၊ နောက်တစ်ပိုင်းဖြစ်သည့် နယ်စပ်ကိုတော့ MSF မှ ကားဖြင့်သွားမည်ဖြစ်သည်။
THAILAN
YANGOUN
MOLUMEIN
KAWKA REIK
MUDON
တစ်ညလုံးကားစီးပြီးသည့်နောက်မနက်စောစောမော်လမြိုင်သို့ရောက်မည်။
ရန်ကုန်မြို့အထွက်မှာပင်ပထမဆုံးစစ်ဆေးရေးဂိတ်ကိုတွေ့ရလေသည်။



နောက်ထပ်နာရီအနည်းငယ်အကြာတွင် နောက်တစ်ဂိတ်။ ပြီးတော့နောက်ထပ်တစ်ဂိတ်၊ ပြီးတော့ နောက်တစ်ဂိတ်။ တချို့နေရာများတွင်ဆိုလျှင် လမ်းပင်ဆင်းလျှောက်ရသည်။
တော်ပြီ မဆင်းနိုင်တော့ဘူး။ အရမ်းအိပ်ချင်နေပြီ။
ခေါ် ခလူး
ဂိတ်တစ်ဂိတ်ကိုရောက်တော့သားအဖနှစ်ယောက်လို့ ယူဆရသူနှစ်ယောက်ဟာ ခုံနောက်မှာဝပ်ပြီး ပုန်းနေကြတယ်။ သူတို့မျက်နှာတွေမှာ ကြောက်စိတ်တွေအထင်းသားပေါ်နေပါတယ်။


စစ်ဆေးရေးဂိတ်တွေကြောင့် ဘယ်လိုမှ
အိပ်မရတဲ့ အပြင် .....
ဦးထုပ်မယူခဲ့မိတာ အခုမှပဲနောင်တရမိပါတယ်။
လမ်းတလျှောက်လုံး အဲယားကွန်းက
အဆုံးစွန်ထိအအေး မြှင့်ထားပုံရပါတယ်။
အချို့ခရီးသည်တွေကျတော့ အင်္ကျီအပါးလေးနဲ့
အိပ်နေနိုင်တာ တွေ့ရပါတယ်။
အံ့ဩစရာပဲ
ခိုက်ခိုက်တုန်အောင်ချမ်းလို့ စိတ်ညစ်ရတဲ့ အထဲ
တီဗီကနေ မြန်မာလို သံသေးသံကြောင်အော်
သံများကြောင့် ဘယ်လိုမှ အိပ်မရတော့ပေ။
မော်လမြိုင်
ဘယ်လိုလဲ
စွန့်စားခရီး
သည်ကြီး
ကောင်း ကောင်း
ကောင်းပါတယ်


ဆိုရှယ်လစ်စနစ်ကြီးရဲ့ ပြယုဂ်သင်္ကေတ ရုပ်တုတွေကို မြို့လယ်မှာအထင်းသား မြင်တွေ့နိုင်ပါသေးတယ်။
ယောက်ျားကြီးငါးယောက်ကလက်ချင်းချိတ်ရပ်နေကြတယ်။ အစွန်းတစ်ဖက်မှာ အလုပ်သမားကတူကိုကိုင်ထားပြီး ကျန်အစွန်းတစ်ဖက်မှာ လယ်သမားက တံစဉ်ကို ကိုင်ထားပါတယ်။
လက်နက်ကိုင်သုံးယောက်က အလယ်မှာရပ်နေပါတယ်။ စစ်သားတစ်ယောက်၊ ရဲတစ်ယောက်နဲ့ နောက်ထပ်စစ်သားတစ်ယောက်ပါ။ ငါးယောက်စလုံးပြုံးရွှင်နေကြပါတယ်။
ဒီလူငါးယောက်ပုံက အဲဒီခေတ်အဲဒီအခါက မြန်မာနိုင်ငံကြီးရဲ့ အဓိကလူတန်းစားငါးရပ်ဖြစ်ကြောင်း ပုံဖော်ထားပုံရပါတယ်။
ဘယ်လိုဖြစ်ပါလိမ့်၊ အမှန်တကယ်ဆိုရင် ဒီကိုလာကြိုရမယ့်ဟာကို ဘာများလွဲသွားပါလိမ့်၊ ကဲ သူတို့လာမကြိုတော့လည်း ကိုယ့်ဘာသာကိုယ် ဘတ်စ်ကားစီးပြီးသွားကြတာပေါ့။
ကောင်းပြီလေ


ဂျော့အိုဝဲလ်ရဲ့ပုံရိပ်တွေကို မြင်ယောင်ကြည့်မိပါတယ်။ အသက် ၁၉နှစ် အရွယ်ဂျော့အိုဝဲလ်ဟာ မော်လမြိုင်မှာ ရဲတပ်သားတစ်ယောက်အနေနဲ့ တာဝန်ထမ်းဆောင်ခဲ့ဖူးပါတယ်။
၁၉၀၃ နှစ်လောက်ကတည်းကတည်ရှိခဲ့တဲ့ ရှေးဟောင်းအင်္ဂလိပ်လက်ရာ အိမ်ကြီးတွေကိုတွေ့ရတဲ့အခါ အမောတွေအကုန် ပြေပျောက်ကုန်ပါပြီ။
ခေါင်းပဲ ကိုက်တယ်
နောက်ဆုံးမှာတော့ မုဒုံသွားမယ့်ကားဂိတ်ကို ရှာတွေ့ ခဲ့ပါပြီ။
မုဒုံ
မုဒုံ
မုဒုံ
တောင်ကြိုတောင်ကြား သဘာဝရှုခင်းတွေကြား မောင်းနှင်နေပေမယ့် ကျွန်တော့်ကတော့ အလုအာပ မခံစားနိုင်ပါဘူး။
အိုး
အဆင် ပြေရဲ့လား


ပထမအချက်အနေနဲ့ နေရာလွတ်တစ်နေရာမှ မရှိအောင် လူတွေအပြည့်အသိပ်တင်ထားတဲ့အတွက် အပြင်ရှုခင်းတွေ ဘာမှမမြင်ရပေ။
ဒုတိယအချက်ကတော့ "ဖုန်"။ကားပေါ်စတက်ကတည်းက ဖုန်မှုန့်တွေက ကျွန်တော့်မျက်လုံးတွေကိုမတရားဒုက္ခပေးပါတယ်။ ခရီးတစ်လျှောက်လုံးမျက်နှာကိုလက်ဝါးနဲ့အုပ်သွားရပါတယ်။
သုံးနာရီခန့် ကားစီးလိုက်ရပါတယ်။
ဝူး
ကဲ ရောက် ပြီ
နေဦးဟ
အင်မတန်ကြီးကျယ်ခမ်းနားတဲ့ ကျွန်းသစ်အိမ်ကြီးကို MSF အဖွဲ့က ငှားထားပါတယ်။ ထိုအိမ်ကြီးဟာ မြန်မာပြည်အောက်ပိုင်းကို အင်္ဂလိပ်အစိုးရသိမ်းပိုက်ထားစဉ်က ဆောက်ခဲ့တဲ့အိမ်ကြီးပါ။
ဂျပန်ခေတ်ရောက်တော့ ကင်ပေတိုင်ရုံးအဖြစ်အသုံးပြုခဲ့ပါတယ်။ ဒီအိမ်ကြီးကိုရောက်ခဲ့သမျှ အကျဉ်းသားတွေတစ်ယောက်မှ အသက်ရှင်ပြီး ပြန်မထွက်ရဘူးလို့ ပြောလေ့ရှိပါတယ်။ တစ်နည်းအားဖြင့် သရဲခြောက်တယ်လို့လည်း နာမည်ကြီးပါတယ်။




ကန်တာရီးဆိုတဲ့ ဂျပန်ဆရာဝန်တစ်ယောက်က မုဒုံမှာတာဝန်ကျနေပါတယ်။ သူကပဲ ကျွန်တော့် မျက်လုံးကို စစ်ဆေးပေးပါတယ်။
MSF နဲ့ခရီးသွားရတာကတော့ရှယ်ပဲ။ လူပုံစံတွေကတော့ ဆရာဝန်ပုံတစ်ယောက်မှ မပေါက်ဘူး။ နယ်စည်းမခြား လူရှင်တော်များအဖွဲ့လို့ နာမည်ပြောင်းလိုက်ပါလား။
ဟားဟားဟ
မရယ်ရဘူးလား။ ထားလိုက်ပါတော့
ကျွန်တော့်မိန်းမကိုထားခဲ့ပြီး အနီးတဝိုက် စက်ဘီးတစ်စီးနဲ့ လှည့်လည်ခဲ့ပါတယ်။
အိမ်ရှေ့တိုင်းလိုလိုမှာ ဥယျာဉ်လေးတွေနဲ့ သာသာယာယာရှိတဲ့ ကျေးရွာလေးတွေထဲ ရောက်ခဲ့ပါတယ်။
ခေတ်ပေါင်းတဲလေးတွေနဲ့ တူပါတယ်။


အိမ်ခေါင်မိုးတွေလုပ်ထားပုံက တော်တော်
စိတ်ဝင်စားဖို့ကောင်းပါတယ်။
အရွက်ကြီးတွေကို
အခြောက်ခံပါတယ်။
ပြီးတော့ သစ်သား
တန်းမှာ ချည်ပါတယ်။
နောက်ဆုံးမှာတော့...
ကိုလိုနီခေတ်လက်ရာအဆောက်အအုံတစ်ခုရဲ့အောက်ထပ်မှာဖွင့်ထားတဲ့စားသောက်ဆိုင်မှာစားသောက်ကြပါတယ်။
အဆိုပါစားသောက်ဆိုင်မှာ ညဘက်ဆို ဝီစကီသောက်လို့ရပါတယ်။ မြန်မာပြည်ဖြစ် ဝီစကီတွေက ဈေးပေါပေ
မယ့် နောက်နေ့မနက်ဆို သေလောက်အောင်ခေါင်းကိုက်တတ်ပါတယ်။
ကျွတ် ကျွတ်
ထိုင်းအစားအစာများလည်းရှိပါတယ်။
ဒါတစ်ပွဲပေး
မကောင်း
ဘူးလား
ဟင့်အင်း
တကယ် မ
ကောင်းတာ
ဒီကိုရောက်နေတာ
ကြာပြီလား
တစ်နှစ်နီးပါးရှိပြီ
ဟုတ်လား
ဂုဏ်ယူပါတယ်။


ထို့နောက်မှာတော့ဒီမြို့ရဲ့ ဒုတိယနာမည်အကြီးဆုံး နေရာကို သွားကြပါတယ်။ အများသုံး တယ်လီဖုန်းဆိုင်ပါ။
MSF အဖွဲ့ဟာ အီးမေးလ်သုံးဖို့အတွက် ဒီဆိုင်က နေ သီးသန့်လိုင်းတစ်လိုင်းငှားထားပါတယ်။
ကိုယ့်ကွန်ပျူတာကိုယ် ယူလာရတဲ့အင်တာနက်ဆိုင်ပေါ့လေ။
ရွှေလျားဆေးခန်းအဖြစ် နီးစပ်ရာကျေးရွာတွေမှာ ဆေးကုဖို့ ကျွန်တော့်ကို ထားခဲ့ကြပါတယ်။
ငါရောလိုက်ခွင့် မရှိဘူးလား
ဟင့်အင်း။ မင်းမှာ ခရီးသွားခွင့်ဗီဇာမရှိဘူး။ အရမ်းအန္တရာယ်များတယ်
ကျွတ်
ဒီမှာကျတော့ ဆိုင်ကယ်ပေးစီးသားပဲ



ညနေကျတော့ ကန်တာရီးက ဂျပန်စာနဲ့ ညှော့ခံပါတယ်။ ဂျပန်ကယူလာတဲ့ ပစ္စည်းတွေနဲ့ ချက်ပြုတ်တာပါ။
ဘယ်တော့မှ မမေ့နိုင်တော့မယ့်ညနေ စာပါပဲ။ ပန်းကန်ထဲမှာရှိသမျှ ပြောင် သလင်းခါသွားအောင် စားပစ်လိုက်ပါ တယ်။
ကောင်းလိုက် တာ
ငှက်ဖျားရောဂါဇုန်ဖြစ်တဲ့အလျောက် အခန်းတိုင်း မှာ ခြင်ထောင်တွေရှိပါတယ်။
ဖူး
ဖူး
ဖူး
တော်တော့ ဒီမှာ အသက်ရှူလို့မရ တော့ဘူး
အလုံပိတ်ကြီးထဲမှာ ဘယ်လိုမှ အိပ်လို့မရပါဘူး။ ခြေထောက်လေးတော့ အပြင်ထုတ်ထားလိုက် တယ်။
ရှင်အခု MSF ရဲ့ စည်း ကမ်းကိုဖောက်ဖျက်နေပြီ။
ဘယ်သူမှ မသိပါဘူး
နောက်တစ်နေ့မနက်ရောက်တော့ ကန်ပေါင်ရီးပေါ်မှာ စေတီတည်ထားတဲ့ကန်ကြီးတစ်ကန်ဆီ သွားကြပါ တယ်။ ထိုကန်ထဲမှာ ယောကျ်ားလေးတွေပဲ ရေကူးခွင့်ရှိပါတယ်။ ကမ်းစပ်က ဘုန်းကြီးကျောင်းကြောင့် ထင်တာပဲ။
ဗုဒ္ဓဘာသာဝင် တွေကမိန်းမတွေဆိုရင် မသန့်ရှင်းဘူးလို့ ထင် ကြတယ်။
ဒီနေ့ ပူလိုက်တာ


ရေကန်ကြီးရဲ့ အနီးအနားမှာ တော်တော်စားကောင်းတဲ့ မုန့်တီဆိုင်တစ်ဆိုင်ရှိပါတယ်။ ဒီဆိုင်မှာ နိုင်ငံခြားသားဧည့်သည်တွေ တစ်ယောက်တစ်လေမှမရှိပါဘူး။ စစ်တပ်ဂုန်အနီးအနားမှာရှိတဲ့အတွက် နိုင်ငံခြားသားဧည့်သည်တွေ မရောက်တာဖြစ်နိုင်ပါတယ်။
Glycerin
ခရီးထပ်ဆက်ကြပါတယ်။ ဒီတစ်ခါတော့ကော့ကရိတ်ကိုသွားကြမှာပါ။ ထိုင်းနိုင်ငံနယ်စပ်ကို နာရီပိုင်းအတွင်း ရောက်နိုင်မယ့် မြို့လေးတစ်မြို့ပါ။
ဒီတစ်ခါလည်း ရှုခင်းတွေခံစားဖို့ အခွင့်မကြုံပြန်ဘူး။ နောက်ခန်းအလယ်မှာ လိုက်ခဲ့ရလို့ပါ။
မြို့ထဲဝင်ဝင်ခြင်းများ မီးသတ်ဌာနတစ်ခု တွေ့ရပါတယ်။ မီးသတ်ဌာနရှေ့မှာရပ်ထားတဲ့မီးသတ်ကားကိုမြင်မိတော့ဒုတိယကမ္ဘာစစ်များပြန်ရောက်သွားသလားလို့အောက်မေ့ရပါတယ်။
!
ကော့ကရိတ်မြို့ဟာ မုဒုံထက်စာရင် ပိုပြီးကျေးလက်ဆန်ပါတယ်။


ဒီတစ်ခါတော့ ပါရှန်းလူမျိုးဆရာဝန်တစ်ယောက်နဲ့တွေ့ခဲ့ရပါတယ်။သူတာဝန်ကျနေတာလအနည်းငယ်ကြာသွားပါပြီ။
ကော့ကရိတ်မှာလျှပ်စစ်မီးရဖို့ခက်ခဲပါတယ်။ ကွန်ပျူတာသုံးချင်ရင် မီးစက်နဲ့သုံးရပါတယ်။
ရေခဲသေတ္တာစနစ်ကလည်း အင်မတန်ကောင်းပါတယ်။ နှစ်ရက်တစ်ခါ ရေခဲတုံးကြီးတွေ ထည့်ပေးရတယ်တဲ့။
အအေးသောက်ကြမလား။
ကျေးဇူးပဲ
ပလတ်စတစ်ပုံး
မီးပူစနစ်ကလည်း စိတ်ဝင်စားစရာပါပဲ။ မီးသွေးတွေကို မီးပူထဲထည့်ပြီး တိုက်ရပါတယ်။
ငါ့အမေငယ်ငယ်တုန်းက သုံးခဲ့ဖူးမယ်ထင်တယ်။
ဗိုက်အောင့်လိုက်တာ


နောက်တစ်နေ့နဲ့တစ်ညလုံးလုံးအိမ်သာနဲ့ အိပ်ရာထဲမှာပဲ အချိန်ကုန်သွားပါတယ်။
ဒီကတာဝန်ရှိပုဂ္ဂိုလ်ဆိုတဲ့လူတွေက တော်တော်ဒုက္ခပေးတယ်။ တကယ်အကူအညီလိုတဲ့ရွာတွေကိုသွားခွင့်မရသေးဘူး။
ဒီမှာဘိုထိုင်အိမ်သာရှိတာပဲကျေးဇူးတင်ရပါတယ်
နယ်ခံဝန်ထမ်းတချို့ကိုပဲ လွှတ်နေရတာအားမရဘူး ကိုယ်တိုင်သွားကြည့်ချင်တယ်။
ဟာ
မင်းကြည့်ရတာ စက္ကူစလိုပဲ ပိန်သွားလိုက်တာ။
အင်း
ဒေါက်တာဘားဘတ်က ကျွန်တော်သောက်ဖို့ ဓာတ်ဆားရည် လုပ်ပေးပါတယ်။
နောက်တစ်နေ့မှာချွေးတွေထွက်လာပြီးတစ်ကိုယ်လုံးတုန်တုန်ယင်ယင်ဖြစ်လာပါတယ်။တော်တော်များများ စိုးရိမ်ကုန်ကြပါပြီ။
စိုးရိမ်ရသလားဆရာ
ငှက်ဖျားပိုး ရှိ မရှိ စစ်ပေးကြပါတယ်။


ကနဦးစစ်ဆေးချက်အရတော့ ကျွန်တော့်မှာ ငှက်ဖျားပိုးမရှိပါဘူး။
ဟူး
ပိုပြီးသေချာအောင် ဓာတ်ခွဲစစ်ဆေးဖို့ ပြင်ဆင်ကြပါတယ်
မင်္ဂလာပါ
LOOKING FOR A WEAPON OF MASS DESTRUCTION?
MSF
Malaria (ငှက်ဖျား)ဆိုတဲ့စကားက ဘယ်ကလာလဲသိလား။ (Maf)ဆိုတာက (ဆိုးရွားသော) (Aria)ဆိုတာက(လေ) ဆိုးရွားသော လေတဲ့
MSF
နောက်ဆုံးမှာတော့ ကျွန်တော်ဘာမှ ပြင်းပြင်းထန်ထန်ရောဂါပိုး မရှိကြောင်း အဖြေထွက်လာပါတယ်။
ဟူး တော်ပါသေးရဲ့
ဒီကနေမပြန်ခင် မြို့ထဲကို မပြတ်မကွက် လှည့်လည်လေ့လာကြည့်ပါသေးတယ်။
MSF
ငါတင်ပါးက မီးလိုပူနေပါလား။ မီးသတ်ဌာနကို အရင်ဆုံးသွားကြည့်မှ ....


သွားကြည့်ရကျိုးနပ်ပါပေ့ .....
ISUZU
TOYOTA
ဂျပန်တွေ မြန်မာပြည်ကိုအုပ်စိုးစဉ်ကာလဖြစ်တဲ့ ၁၉၄၃ နဲ့ ၁၉၄၅ ကြား တင်ပို့ခဲ့တဲ့ မီးသတ်ကားတွေပါ။
နောက်ဆုံးမှာတော့ ဘတ်(စ်)ကားတစ်စီးနဲ့ ရန်ကုန်ကို ပြန်ခဲ့ကြပါတယ်။


ဇူလိုင် (၁)
ကနေဒါနေ့ အထိမ်းအမှတ်ပွဲတော်တစ်ခုကို သွားရပါတယ်။
ကမ္ဘာ့ဟိုဘက်ခြမ်းက ပွဲတော်ကို ဒီဘက်ခြမ်းမှာလည်း လုပ်တယ်နော်။
ကနေဒါရိုးရာအစားအသောက်တွေနဲ့ တည်ခင်းဧည့်ခံပါတယ်။
ဒီနိုင်ငံမှာ ကနေဒါလူမျိုး ဘယ်နှယောက်များ ရှိလို့လဲ
ဒါဘာတွေလဲဟင်
တချို့အစားအစာတွေဆိုရင် ဒီကလူတွေ သိဖို့မပြောနဲ့ ကျွန်တော်တောင် မသိဘူး။
အင်း ဒါဘာလဲဆိုတော့ . . .
ဟိုဒင်း ဟိုဟာ
ပွဲတော်အတွင်းမှာ WHO က ဝန်ထမ်းတစ်ဦးနဲ့ ကြက်ငှက်တုပ်ကွေး(Bird Flu) ရောဂါအကြောင်း ဆွေးနွေးဖြစ်တယ်။
ကုသလို့ ရတော့မှာပါ။
H5N1 ဗိုင်းရပ်ရဲ့ ပြန့်နှံ့မှုနှုန်းက အရမ်းမြန်တယ်။
အစိုးရက သတင်းတွေကို ချက်ချင်းမထုတ်ပြန်ဘဲ ထိန်ချန်ထားလေ့ရှိတော့ အန္တရာယ် အရမ်းများတယ်။
ဒီနိုင်ငံကို ရောဂါကူးစက်ခြင်းခံရတဲ့ နိုင်ငံအဖြစ်ကြေညာခံရပြီဆိုရင်တော့ ငါတို့လဲ ဘယ်နိုင်ငံကိုမှ သွားလို့ရတော့မှာ မဟုတ်ဘူး။
ငါတို့ကို ကမ္ဘာက သီးသန့်ခွဲထားတော့မှာ
!
ဒီမှာ အပိတ်ခံရပြီ


အင်ဒိုနီးရှား၊ ဟောင်ကောင်၊ ဗီယက်နမ်
နိုင်ငံတွေကိုလည်း ပိတ်ပစ်လိုက်ပြီး၊
UN မှာဆိုရင်သူ့ဝန်ထမ်းတွေအတွက်
ဆေးဝါးတွေအရန်သင့်ပြင်ထားပြီးပြီ၊
မင်းနေရာမှာ ငါသာဆိုရင် မင်း
အဖွဲ့အစည်းအတွက်ဆေးဝါးတွေ
ကြိုတင်စုဆောင်းထားသင့်တယ်
တုပ်ကွေးကာကွယ်ဆေး၊
တုပ်ကွေးကာကွယ်ဆေး
တွေ အမြန်လိုနေပြီ
ယောကျ်ား ဒါက ဗမာ
နိုင်ငံဆိုင်ရာ ဥရောပ
သမဂ္ဂက ပုဂ္ဂိုလ်လေ
သြော် အင်း
ဟုတ်ကဲ့
ငါတို့နယ်စည်း
မခြားဆရာဝန်အဖွဲ့
အတွက်တုပ်ကွေး
ဆေးတွေမမှာရ
သေးဘူးမဟုတ်
လား၊ပဲရစ်ကိုအခု
ချက်ခြင်းစာပို့မှ
ဖြစ်မယ်
ကျွန်တော်မှန်းထားသလိုပါပဲ၊
နောက်တစ်လအကြာမှာတော့
ဒီမှာလည်း
ကြက်ငှက်တုပ်
ကွေးပျံ့နှံ့နေပြီ
ဟင်
ဆေးဝါးကာကွယ်ကုသမှုတွေ
အတွက် ကျွန်တော့်သံရုံးကို
ဆက်သွယ် မေးမြန်းပါတယ်။
ဘာ ကျုပ်တို့
ကိုအမေရိကန်က
ကာကွယ်ပေးမယ်
ဟုတ်လား
ကျွန်တော့်မိန်းမကို ဒီကအခြေအ
နေတွေကိုအစီရင်ခံဖို့ ဖိအားပေး
ရပါတယ်။
ပဲရစ်ကို တုပ်
ကွေးဆေးတွေပို့ဖို့
ပြောပြီးပလား
အင်း


အင်တာနက်ထဲမှာ ကြက်ငှက်တုပ်ကွေးနဲ့ ပတ်သက်တဲ့ကာကွယ်မှုတွေကိုလေ့လာရင်းနဲ့ အချိန်တွေကုန်နေပါတယ်။
ဟောင်ကောင်ကိုသွားမယ့် လူကြုံကိုလည်း ဆေးဝါးတွေမှာလိုက်ပါတယ်။
ဒါပေမယ့် ကျွန်တော့်လိုချင်တဲ့ဆေးတွေကတော့ မရခဲ့ပါဘူး။ ရောင်းစရာမကျန်တော့ပါဘူးတဲ့။
အရေးထဲ TV သတင်းတွေက တစ်မျိုး။
လူပေါင်းသန်း ၄၀ခန့် အသက်ဆုံးရှုံးခဲ့ရသော စပိန်တုပ်ကွေးထက် ဆိုးဝါးမည့်ဟု ခန့်မှန်း
နောက်ဆုံးမှာတော့ MSF ရုံးချုပ်ကနေအာရှဒေသရုံးခွဲများအားလုံးအတွက် တုပ်ကွေးရောဂါ ကုသဆေးတွေရောက်ရှိလာပါတယ်။
အောင်ပြီ
သေချာရဲ့လားကွာ။သူတို့ပို့ပေးလိုက်တဲ့ဆေးတွေက ရာသီပေါ်တုပ်ကွေးတွေအတွက်ပဲ ကုသနိုင်တဲ့ဆေးတွေ၊ အခုပြန့်နေတဲ့ ကြက်ငှက်တုပ်ကွေးကို ပျောက်အောင်ကုသ
နိုင်တယ်လို့ ဘယ်သူမှသက်သေ မပြနိုင်ဘူး။
အကောင်းဆုံးကတော့ အပြင်ထွက်ရင် မျက်နှာဖုံးသာ တပ်သွားပေတော့။


မိုးရာသီအပိုင်း ၂
AUSTRALIAN CLUB


အနုပညာသင်တန်း
ကာတွန်းမဆွဲနိုင်တဲ့အချိန်ကနေစပြီးတော့ ကျွန်တော့်မှာအားလပ်ချိန်တွေ တော်တော်များလာပါတယ်။ မောက်(စ်)ကိုဘယ်လက်နဲ့ကိုင်နိုင်အောင်ကြိုးစားလေ့ကျင့်ခဲ့ပြီး အန်နီမေရှင်းသင်တန်းအတွက် အချိန်ပိုပေးဖြစ်ခဲ့ပါတယ်။
ဒီတစ်ပတ်တနင်္ဂနွေမှာတော့ ကျွန်တော့်သင်တန်းသားတွေထဲက အသက်အငယ်ဆုံးသင်တန်းသား တစ်ယောက်ရဲ့ အိမ်မှာသွားရောက်သင်ကြားပါတယ်။ သူ့တိုက်ခန်းက နေရာကောင်းမှာရှိပြီး လျှပ်စစ်လည်းမှန်တဲ့အတွက် ရွေးချယ်လိုက်တာပါ။
သင်တန်းသားတွေက လွယ်လွယ်ကူကူကြမ်းပြင်မှာပဲထိုင်ကြပြီး မှတ်စုစာရွက်လေးနဲ့ လိုက်လံမှတ်သားပါတယ်။
အရင်အပတ်က လေ့ကျင့်ခန်းတွေအိမ်မှာ လုပ်ခဲ့ကြလား
နိုး
ဟင့်အင်း
မလုပ်
ဘယ်အိမ်မှာသင်သင် အဲဒီအဖြေကတော့ ဘယ်တော့မှမလွဲပါဘူး
ကောင်းပါပေ့
ဒါဆိုလည်း ကျွန်တော့်လုပ်ထားတာလေးကိုပဲ ကြည့်ကြတာပေါ့။
ဟုတ်
အင်း


နောက်တစ်ပတ်မှာ ပြန်ဆုံဖို့ချိန်းချက်ပြီးတဲ့အခါ လက်ဖက်ရည်ဆိုင်ကို သွားကြပါတယ်။
ဒီတစ်ခေါက်ရော လေ့ကျင့်ခန်းတွေလုပ်ခဲ့မှာလား
အင်း
ဒါပေါ့
အင်း
စိတ်ချ
ကျွန်တော့်သင်တန်းသားတွေထဲကတစ်ယောက်က ကာတွန်းဆရာ ၃၀၀လောက်ပုံဆွဲရတဲ့အလုပ်ရုံကြီးတစ်ရုံမှာလုပ်ပါတယ်။ ကိုရီးယားက လာဖွင့်ထားတာပါတဲ့
ကျွန်တော် လာလည်ချင်တယ်ဗျာ
မရဘူးဗျ။ ဒုတိယထပ်မှာအလုပ်လုပ်တဲ့သူတောင် တတိယထပ်ကိုသွားခွင့်မရှိဘူး။စည်းကမ်းသိပ်ကျပ်တာ
ဆိုးပါ့
ရန်ကုန်မြို့မှာ အမြင့်ဆုံးဖြစ်တဲ့ Trader ဟိုတယ်ရှေ့မှာ ထိုင်ကြပါတယ်။
ဒါကြီးက ဘိန်းဘုရင်ခွန်ဆာဆောက်တာပေါ့
ခွန်ဆာ
ဆာ၊ ခွန်ဆာ၊ရှမ်းပြည်ကလေ။ တပ်သား ၇၀၀လောက်နဲ့ ဖွဲ့စည်းထားတဲ့ သူပုန်အဖွဲ့ခေါင်းဆောင်
ဒါပေမယ့် အမေရိကန်အစိုးရက သူ့ကို ဖမ်းနိုင်မယ်ဆိုရင် ဒေါ်လာ ၂သန်းဆုချီးမြှင့်မယ်လို့ ကြေညာလိုက်ပြီးကတည်းက ဗမာစစ်တပ်နဲ့ ငြိမ်းချမ်းရေးယူပြီး ရန်ကုန်မြို့ပေါ်မှာပဲ စီးပွားရေးသမားအဖြစ် နေနေတော့တယ်။


ဒီကော်ဖီဆိုင်ကလည်း ဟိုတလောကမှ အဖမ်းခံရတဲ့ ဗိုလ်ချုပ်ကြီးရဲ့သား ဖွင့်ထားတဲ့ဆိုင်လေ။ သူတို့အဖမ်းခံရတုန်းကတော့ခဏပိတ်သွားသေးတယ်။ အခုတော့ တခြားဗိုလ်ချုပ်ရဲ့သားက ပြန်ဖွင့်ထားတာ။
ဒီမှာက သတင်းအစစ်အမှန်တွေကို ဘယ်တော့မှ ထုတ်ဖော်ကြေ်ငြာလေ့မရှိတဲ့အတွက်တစ်ဆင့်စကားနဲ့တစ်ဆင့်သတင်းတွေ ဝေမျှကြရပါတယ်။
ဒီဆိုင်ကို မကြာခဏလာလေ့ရှိလား
ဒါ ပထမဆုံးပဲ
အင်း・・・နောက်ပြီးတော့ ခင်ဗျား ကွန်ပျူတာထဲမှာ နောက်ဆုံးပေါ် ဆော့ဝဲလ်တွေအစုံရှိပါလား။ ဘယ်လိုလုပ် ရသလဲ
ဒါလား ဟိုဆိုင်ကရတာလေ
ကော်ဖီသောက်ပြီးတော့ သူတို့ ညွှန်တဲ့ဆိုင်ကိုသွားပါတယ်။
CD WORLD
အချပ်ရာနဲ့ချီတဲ့ CD တွေကို သူ့အခန်းကဏ္ဍအလိုက် ခွဲခြားထားပါတယ်။ အားလုံးကတော့ ခိုးကူးတွေဖြစ်ပြီး တစ်ခွေမှ ကော်ဖီတစ်ခွက်စာတောင် မရှိပါဘူး။
ဝါး
အားတဲ့အချိန်တွေအသုံးချဖို့ နေရာတွေပြီ
မိုက်တယ်ဗျို့ ဝက်ဆိုဒ်တည်ဆောက်ပုံတွေ၊ ဗီဒီယိုတည်းဖြတ်တာတွေ လေ့လာချင်နေတာနဲ့ အတော်ပဲ
ဟာ ဒီမှာ
ဂိမ်းတွေ ချည်းပါပဲလား
Warcraft နောက်ဆုံးပေါ် ဗားရှင်းပါလား


WARCRAFT
(III)
တံတောင်ဆစ်ကနာနေပေမယ့် ဒီနေ့တော့ အလုပ်လုပ်ဦးမှပဲလို့ ဆုံးဖြတ်လိုက်တယ်။
ဘယ်လက်နဲ့ ကြိုးစားပြီး ဆွဲကြည့်မယ်
ဘယ်လက်နဲ့ စာရေးရတာ သိပ် မခက်လှပါဘူး။ အနည်းငယ်ကျင့်ရုံနဲ့ အဆင်ပြေပြင်ပေမယ့်
ပုံဆွဲရတာတော့ တော်တော်ခက်ပါတယ်။ ညာလက်ဆွဲတဲ့ပုံမျိုးရဖို့ဆိုရင် သုံးလေးလလောက်ကျင့်ယူရမယ့်ပုံပါပဲ
အကောင်းဆုံးဖြစ်အောင် ကြိုးစားပြီးဆွဲတဲ့ပုံတောင်မှ ညာလက်လို သပ်သပ်ရပ်ရပ်မရှိပါဘူး။
ဘယ်လက်နဲ့ ကြိုးစားပြီးဆွဲကြည့်မယ်
ရန်သူတာဝါတိုင်တွေကို ဖြိုဖို့ဆိုရင် အဆင့်၁၂ ထိတိုးအောင်လုပ်မှ
ဘယ်လက်နဲ့ပုံဆွဲဖို့ တစ်ခါမှမကြိုးစားဘူးပါဘူး။ အခုမှ ပထမဆုံးအကြိမ်ပါပဲ။



အာဏာရှင်နိုင်ငံများ
NORTH KOREA
BELARUS
IRAN
CUBA
BURMA
ZIMBABWE
မိတ်ဆွေ ဂျာနယ်လစ်တစ်ယောက်က ကျွန်တော်တို့နဲ့အတူလာရောက်နေထိုင်ပါတယ်။ အာဏာရှင်နိုင်ငံများအကြောင်း လေ့လာရေးသားရန်အတွက်ဖြစ်ပါတယ်။ မြန်မာနိုင်ငံက စတင်ရေးသားမှာပါ။
မြောက်ကိုရီးယားကိုဝင်ခွင့်ရဖို့ကတော့ ခေါင်းကိုက်လိမ့်မယ်။
အိမ်နားပတ်ဝန်းကျင်ကနေ လေ့လာမှုကိုစတင်ပါတယ်။
ဒီဂိတ်ရဲ့နောက်ကအိမ်က အောင်ဆန်းစုကြည်အိမ်ပဲ
မြန်မာပြည်သူတွေကတော့ အောင်ဆန်းစုကြည်လို့ ဘယ်တော့မှ မခေါ်ဘူး။ အမေစုလို့ပဲ ခေါ်ကြလေ့ရှိတယ်။
MPPE
တော်ပြီ ဒီလောက်ဆိုရင် ဒီဂိတ်ထဲကိုဝင်ခွင့်မရှိဘူး
နိုင်ငံတကာခရီးသည်တွေ သွားလေ့ရှိတဲ့ အထင်ကရနေရာများကိုပါ လိုက်လံပို့ဆောင်ပေးခဲ့ပါတယ်။
ကြီးကျယ်ခမ်းနားလိုက်တာနော်


ဘုန်းကြီး
မိသားစုလိုက်အပန်းဖြေနေခြင်း
အမျိုးသမီးများ
တက်ခွင့်မရှိ
အနုစိတ်လက်ရာများ
ပလပ်စတစ်အမိုးအောက်
တွင်တရားကျင့်ကြံနေသူ
ရွှေတိဂုံ
တကယ့်အကြီး
ကြီးပါလား
ရွှေပြားအစစ်
တွေနဲ့လေ


ဟေ့ • • • ဟိုမှာသူတို့ ထီးသယ်လာပုံတွေ သတိထားမိလား
တစ်မျိုးကခါးကြားထဲမှာ ပိုက်ဆံအိတ်နဲ့အတူ ထိုးထည့်ထားတယ် နောက်တစ်မျိုးက ပိုတောင် ထူးဆန်းသေး။ အင်္ကျီကော်လံမှာချိတ်ထားတယ်။
လမ်းဘေးဆိုင်တစ်ဆိုင်မှာထိုင်ကြတယ်။
တားကောင်းရဲ့လား
ဟင့်အင်း
ခင်ဗျားရော
နိုင်ငံခြားသားဘုန်းကြီးတစ်ပါးကို တွေ့ရပါတယ်။ သူ့နောက်က ကလေးတချို့ ပြေးလိုက်နေကြတယ်။
သူ့ပုံစံက တော်တော်ထူးခြားပါတယ်။
လက်ပွေ့စာအုပ်သည်လေးဆီက တိုင်းမဂ္ဂဇင်း တစ်စောင်ဝယ်လိုက်ပါတယ်။ ၁၉၉၀ ခုနှစ်၊ မေ လထုတ်စာစောင်ဖြစ်ပြီး အဖုံးမှာ ဒေါ်စုပုံနဲ့ပါ။
TIME
၉၀ ခုနှစ်ရွေးကောက်ပွဲမှာဒေါ်စုအဖွဲ့က အပြတ်အသတ်နိုင်ခဲ့ကြပါတယ်။
စီးပွားရေးချွတ်ခြုံကျနေတဲ့နိုင်ငံတစ်နိုင်ငံကို ကယ်တင်နိုင်မလားလို့ အယ်ဒီတာက မှတ်ချက်ပေးထားတယ်။
အဲဒီတစ်စောင်ထွက်ပြီးမရှေးမနှောင်းမှာပဲ ဒေါ်စုကို ငြိမ်းချမ်းရေးနှောင့်ယှက်တယ်ဆိုပြီး ဖမ်းဆီးခဲ့ပါတယ်။
အခု ၁၆နှစ်ကျော်သွားပြီ အရင်အတိုင်းပဲ


ငါးရှဉ့်
MSF ပြင်သစ်အဖွဲ့နဲ့ နယ်စွန်နယ်ဖျားတွေကိုလိုက်ခွင့်မရတဲ့အခါ MSF ဟော်လန်အဖွဲ့နဲ့ပေါင်းပြီးလိုက်ခွင့်ရဖို့ကြိုးစားပါတယ်။
မြို့အပြင်ကိုသွားရမှာ တက်စီငှားပြီးသွားမယ်။
HIV ရောဂါသည်အများစုကို ပြုစုစောင့်ရှောက်ပေးတဲ့ ဆေးခန်းလေးပါ။
ကောင်းလိုက်တာ
ဆရာဝန်က ရှင်းလင်းပြသပါတယ်။
ဒါကတော့ လူနာအသစ်တွေလာရင် လက်ခံပေးတဲ့ မှတ်ပုံတင်ကောင်တာ
ကလေးငယ်တစ်ယောက်ကို ပွေ့ထားတဲ့မိန်းမကြီးတစ်ယောက် နောက်ဘက်အခန်းမှာ ထိုင်နေတာတွေ့ရပါတယ်။ မိန်းမကြီးပုံက အခြေအနေသိပ်မကောင်းပါဘူး။
ဟိုတစ်ယောက်လေ တွေ့လား


အင်း・・・အဲဒီလောက်ပိန်ကပ် နေပြီဆိုရင်တော့အလားအလာ သိပ်မကောင်းလှပါဘူးလေ
ဘုရားသခင် ဒီလိုအလုပ်မျိုး ငါလုပ်နိုင်မှာ မဟုတ်ဘူး
သွားကြမလား
MSF ဟော်လန်အဖွဲ့ရဲ့ လုပ်ဆောင်ချက်တွေက တကယ်ကို အံ့မခန်းပါပဲ။ ရန်ကုန်မြို့တစ်မြို့ထဲမှာတင် အခုလိုဆေးခန်း သုံးခု ရှိပြီး မြန်မာနိုင်ငံအနှံ့အပြားမှာလည်းရှိပါတယ်။ မြန်မာပြည်မှာ အကြီးဆုံးနဲ့ သက်တမ်းအရင့်ဆုံး NGO အဖွဲ့ကြီးပါ။
လူနာဟောင်းတွေကိုလည်း ညှိနှိုင်းကြိုကောင်တာမှာ တာဝန်ပေးတာတို့၊ ကျန်းမာရေးပို့စတာတွေ ရေးခိုင်းတာတို့အစရှိသဖြင့် အလုပ်တွေပေးထားပါတယ်။
၁၀
ကူးစက်ရောဂါသည်တွေကိုအဓိကလက်ခံကုသပေးပါတယ်။ အိမ်သာအထွက်မှာ လူနာတစ်ယောက်က ရေကန်ထဲအန်ချတာကို သတိထားမိပါတယ်။
အွှန်
ရွှဲစရာကြီး



တက္ကစီမငှားခင် လမ်း
နည်းနည်း လျှောက်
ကြည့်ကြရအောင်
အင်း • • •
ဟုတ်ပြီလေ
ဟော့ ဒီမှာကြည့်စမ်း
သူတို့ရဲ့ငါးရှဉ့်ဖမ်း
ကိရိယာ
အနီးအနားကလူတစ်ယောက်က
ထီးလာမပေးမခြင်း သစ်ပင်ကြီး
အောက်မှာမိုးဝင်ခိုနေရပါတယ်။
သူနောက်ကိုလိုက်ခဲ့ဖို့ခေါ်တဲ့
အတွက်
သူ့အိမ်ထဲဝင်ပြီး မိုးခဏခိုလိုက်
ပါတယ်။


တစ်မိသားစုလုံးနဲ့ မိတ်ဆက်ပေးပါတယ်။
စုစုပေါင်း ၆ယောက်ရှိပါတယ်။
ကျွန်တော်တို့ကိုလက်ဖက်ရည်နဲ့ဧည့်ခံပါတယ်။ မိုး
သံတဖြောက်ဖြောက်ကိုပဲနားထောင်နေကြပါတယ်။
သူ့သားတစ်ယောက်က စက်ဘီးနဲ့
ထွက်သွားပြီးအင်္ဂလိပ်လိုပြောတတ်
သူတစ်ယောက်ခေါ်လာပေးပါတယ်။
How Are You
နောက်ထပ် တစ်ယောက် ထပ်
ရောက်လာပြီးသူပြောချင်တဲ့စကား
တွေကို ဘာသာပြန်ပေးရပါတယ်။
ကြည့်ရတာ တာဝန်ရှိသူတစ်
ယောက် ဖြစ်ပုံရပါတယ်။
နောက်ဆုံးတော့ တက္ကစီးတစ်စီး
ငှားလိုက်နိုင်ပါပြီ။


စစ်သမိုင်းပြတိုက်ကိုလည်း သွားကြပါသေးတယ်။ဒါ ပေမယ့် ကျွန်တော်တို့ရောက်တော့ ပိတ်သွားပါပြီ။
ဟော့ ဒီမှာ ရေးထားတော့ ၄ နာရီမှ ပိတ်တာဆို၊ အခုမှသုံးနာရီ တောင်မထိုးသေးဘူး မဟုတ်လား
ပြတိုက်ထဲမှာ ထည့်ထားသင့်တဲ့ ဆက်သွယ်ရေး ကိရိယာကို လုံခြုံရေးရုံးခန်းထဲမှာတွေ့ ခဲ့မိပါ တယ်။
မော့စ် ကြေးနန်းစက်
ကြည့်ရတာ အခုထက်ထိ အသုံးပြုသေးပုံရပါတယ်။ အစွန်းနှစ်ဘက်မှာ ဝါယာတွေနဲ့ဆက်ထားတယ်လေ
အိမ်နားက စားသောက်ဆိုင်တစ်ဆိုင်မှာပဲတစ်နေ့တာ လေ့လာမှုကို အဆုံးသတ်လိုက်ပါတယ်။
ဟော့ ငါးရှဉ့်စားရအောင် မှာလိုက်မယ်လေ
မှာပေါ့
အင်း မဆိုးဘူး
ဘယ်လိုလဲ ကြိုက်ရဲ့လား


လုံခြုံရေးရုံးခန်းထဲက ကြေးနန်းစက်အဟောင်းကြီးကို သတိထားမိလား
အင်း ထားမိတယ်။ ဒီမှာရှိတဲ့စစ်တပ်က ခေတ်မမီပါဘူး
စစ်တပ်က ထရပ်ကားကြီးတွေ တွေ့ရင်ပိုတောင် ဆိုးသေးတယ်
ဒီလိုရှေးဟောင်းစစ်တပ်ကြီးနဲ့ ဘယ်လိုလုပ်ပြီး ဒီနိုင်ငံကိုအာဏာသိမ်းထားနိုင်တာပါလိမ့်
ဖြစ်နိုင်တာကတော့ နိုင်ငံရေးသမားတွေကိုဖမ်းဆီးနှိပ်စက်တဲ့နည်းနဲ့ အာဏာမြဲနေတာထင်တယ်။
အင်း・・・
ဖြစ်နိုင်တယ်
နောက်တစ်ပတ်ထိအောင် ကျွန်တော့်အာရုံထဲမှာ ဆေးခန်းက ပိန်ပိန်ပါးပါးကလေးအမေကို မြင်ယောင်နေမိပါတယ်။ ဒါနဲ့ အဲဒီဆေးခန်းကဆရာဝန်ကို ဆက်သွယ်မေးမြန်းကြည့်သေးတယ်။ လူနာတွေ အများကြီးဝင်ထွက်နေတဲ့အတွက် မမှတ်မိပါဘူးတဲ့။



ဇူလိုင် ၁၄*
* ပြင်သစ်အမျိုးသားနေ့
သံရုံးအဝင်ဝမှာ ကမ်းလွန်ရေနံစင်ဓာတ်ပုံ တစ်ပုံချိတ်ထားတာ သတိထားမိပါတယ်။
အင်း ကောင်း သားပဲ
ဘယ်သူပိုင်တဲ့ကမ်းလွန်ရေနံစင်ကြီးလဲဆိုတာ ခန့်မှန်းလိုရပေမယ့် ကုမ္ပဏီနာမည်တော့ တရားဝင်ရေးမထားပါဘူး။
ဟင်
ကောင်စစ်ဝန်လား ဒါမှမဟုတ်သံအမတ်ကြီးလား မသိတဲ့ အတွဲတစ်တွဲက ကျွန်တော်တို့ကို ကြိုဆိုကြပါတယ်။
မင်္ဂလာပါ
မိန့်ခွန်း →
ပြင်သစ်ကိုလိုနီမှ ကြိုဆိုပါတယ်
ကိုလို
ကိုလိုနီ
ကိုလိုနီ


RED CROSS, UN, TOTAL, MSF ဘူးဖေးစားဖို့ အတွက် တိုးဝှေတန်းစီရပါတယ်။
နည်းနည်း
ဆဲလ်မွှန်
ဘဲသားပေါင်း
ပေါင်မုန့်ကြမ်း
အချဉ်
အသားညှပ်ပေါင်မုန့်
ကြည့်ရတာ စားကောင်းမယ့် ပုံပဲ
ဗိုင်းလော်
ကြောင်ကြောင်ကျားကျားအဝတ်အစားတွေနဲ့ ထူးထူးဆန်းဆန်းတစ်တွဲကိုလည်း တွေ့မိပါတယ်။
ဝါး
အသားစိမ်းတွေ၊ အချဉ်တွေစားပြီးတဲ့ ရလဒ်က တော့ တစ်ညလုံးအိမ်သာထဲက ထွက်လို့မရ တော့ပါဘူး။
အီး


ကျောက်မျက်ပြပွဲ
ဂျိုးဆက်ကားဆဲလ်ရဲ့ "ပတ္တမြားတောင်ကြား သို့မဟုတ် မိုးကုတ်" ဆိုတဲ့စာအုပ်ကို ဖတ်ပြီးတဲ့အခါ ကျောက်မျက်ရတနာအကြောင်းဗဟုသုတ တော်တော်ရလိုက်ပါတယ်။
ကျွန်ုပ်တို့၏ဇာတ်ကောင်သည် ဗမာပြည်အလယ်ပိုင်းရှိမိုးကုတ်ဆိုသည့်အရပ်သို့သွားကာ ကျောက်ကုန်သည်တချို့နှင့် အရောင်းအဝယ်ပြုခဲ့သည်။ ကမ္ဘာပေါ်တွင် အလှအပဆုံး ပတ္တမြားများကို ဗမာပြည်တွင် ရှာဖွေတွေ့ရှိခဲ့ကြသည်။
အရိုင်းကျောက်တုံးတစ်တုံးကို ဝယ်ကာလှီးဖြတ်ပြီး အချောသွေးရတဲ့အလုပ်ဟာ လောင်းကစားနဲ့တောင်တူပါသေးတယ်။ ကံမကောင်းရင် ဘာမှသုံးစားလို့မရတဲ့ကျောက်တုံးတစ်တုံးဖြစ်သွားနိုင်သလိုကံကောင်းရင် တန်ဖိုးဖြတ်လို့မရအောင် အဖိုးတန်ရတနာတစ်ပါးလည်း ဖြစ်သွားနိုင်ပါတယ်။
ငါအခု ဘယ်သွားမလို့လဲ သိလား
ကျောက်မျက်ခန်းမ
ဒါပေါ့
စိန်မှအပတန်ဖိုးကြီးကျောက်မျက်ရတနာများ ခင်းကျင်းပြသထားပါတယ်။
နီလာ
ကျောက်စိမ်း
ဂေါ်ဒန်
မြ
မဟူရာ
ဟာ ဒီမှာကြည့်စမ်း၊ ပတ္တမြားအရိုင်းတုံးကြီး


စားပွဲများထဲမှာ ရောင်စုံမီးရောင်ထိန်ထိန်များနဲ့ အလှ ဆင်ထားပါသေးတယ်။
ဒါပေမယ့် မီးကြိုးတွေသွယ်တန်းထားတဲ့ စနစ် ကတော့ တော်တော်ဂွကျလှပါတယ်။
တစ်မျိုးတော့ လည်း လှသား
ခန်းမအပြင်ဘက်မှာလည်း ကျောက်စိမ်းတုံးကြီး များကို စီတန်းချထားပါသေးတယ်။
တစ်နှစ်တစ်ခါကျင်းပတဲ့ လေလံပွဲမှာ ရောင်းချပါ တယ်။
တစ်ကမ္ဘာလုံးရဲ့ကျောက်စိမ်းတွင်း ၉၀%ဟာ ဗ မာပြည်မှာရှိပါတယ်။ စစ်အာဏာရှင်များအတွက် များစွာအထောက်အပံ့ရတဲ့ တွင်းထွက်ရတနာ များလည်း ဖြစ်ပါတယ်။
သယံဇာတတွေကို အတားအဆီးမရှိ မတရားထုတ်နေကြတယ်။ နိုင်ငံခြား ကုမ္ပဏီကြီးတွေနဲ့ပေါင်းပြီး အစွမ်း ကုန်ထုတ်နေကြတာ
ကျွန်းသစ် တွေလည်း အ တူတူပါပဲ


ဟေး ဟိုမှာ မီးနီနေပြီလေ
အာ
ကျီ
ရဲဖမ်းပြီ
ဘယ်လိုပြောရမလဲ မီးနီဖြတ်မိတာ သေချာတယ်မဟုတ်လား
အိုကေ
ဟဲလို
ယာဉ်စည်းကမ်းချိုး ဖောက်မှုယာဉ် မှုးစစ်ရုံးသို့ လာရောက်ရန်
ဒုက္ခပဲ ငါကမနက် ဖြန်နယ်စပ်သွားရမှာလေ
ဘယ်လို လုပ်ကြမလဲ
ပိုက်ဆံပေး ကြည့်ပါလား
ဘယ်လောက် ပေးရမလဲ
ငါးထောင် လောက်ပေး ကြည့်လေ
အိုကေ စမ်းကြည့် မယ်
ဘယ်လိုလုပ်မလဲ၊ ဟိုမှာတုပ်တုပ်တောင် မလှုပ်ဘူး
ပတ်စပို့စာအုပ်ထဲ ထည့်ပေးကြည့်ဦး
ကျွတ်၊ ဒါမှန်းသိရင်သုံးထောင်လောက်ပဲထည့် ပေးလိုက်ပါတယ်။
MSF ရန်ပုံငွေတွေ ထဲက ငွေတွေ ဖြုန်းတီးမိလိုက်ပြီ



ဖခင်တစ်ယောက်ရဲ့
တစ်နေ့တာ
အချိန်ဖြုန်းတာတွေရပ်ပြီး ပုံပြန်ဆွဲနိုင်ဖို့အတွက် ပြန်လည်ပြင်ဆင်ရပါတယ်။
အွတ်အီး
လူးဝစ်လေးကိုလည်း နေ့ကလေးထိန်းဌာနသို့ မိခင်တစ်ဦး သဖွယ် ပို့ပေးနေရပါသေးတယ်။
မဆိုးဘူး
ညှော်ခန်းမမှာ အင်မတန်လက်ရာမြောက်တဲ့ပန်းပု ရုပ်ကြီးနှစ်ရုပ်ရှိပါတယ်။
ကျောပိုးအိတ်ထဲထည့်ယူ သွားလို့ ရရင်တောင် ယူ သွားချင်သေးတယ်။
ကလေးတွေက နိုင်ငံခြားဖြစ်နောက်ဆုံးပေါ်အရုပ် များနဲ့ ဆော့နေကြပါတယ်။ စက်ရုပ်တစ်ရုပ်ဆိုရင် ရုပ်ရှင်ထဲကလို ကပါ ကနိုင်ပါသေးတယ်။



မိခင်တွေစကားဝိုင်းကို ဝင်ဆန့်ဖို့ရာမလွယ်ကူပါဘူး။သူတို့ပြောတဲ့အလုကကန်ပစ္စည်းတွေစားသောက်ကုန်ပစ္စည်းတွေအကြောင်း ကျွန်တော်မှ မသိဘဲ။
ဘီယာရဲ့အစွမ်းပဲလား၊ သူတို့တတွေရဲ့စကားတွေနားထောင်ရလို့ပဲလား မသိဘူး။ တစ်ခါတလေနားထောင်ရင်းနဲ့ ခေါင်းတွေချာချာလည်သွားတတ်ပါတယ်။
သူတို့ပြောတဲ့စကားတွေထဲမှာ ထူးထူးဆန်းဆန်းမှတ်မိနေတာတစ်ခုရှိတယ်။ ၁၄နှစ်အရွယ် ဗမာကောင်လေးတစ်ယောက် ကျောင်းကို မာစီဒီးကားကိုယ်တိုင်မောင်းပြီး ကျောင်းတက်ပါတယ်တဲ့။ ညဘက်တွေဆိုရင်လည်း လမ်းတွေမှာကားပြိုင်မောင်းကြတယ်တဲ့။ ထိုကောင်လေးရဲ့ကားကို ဘယ်ရဲမှမတားရဲကြပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့အဖေက အာဏာပိုင်အသိုင်းအဝိုင်းထဲက ရာထူးအကြီးစားကြီးမို့လို့ပါတဲ့။
အဲဒီကျောင်းကနေ ငါ့သားကို ထုတ်ပြီး အပြင်ပုဂ္ဂလိကကျောင်းပြောင်းထားလိုက်ရတယ်လေ။
တကယ်
တာတာ့
ကျေးဇူး


တာတာ
?
ကျွန်တော်တို့အိမ်ရှေ့မှာ ခပ်ဝဝ ဘုန်းကြီးတစ်ပါးထိုင်နေပါတယ်။
ဘာကိစ္စများ ရှိလို့ပါလိမ့်
ထိုဘုန်းကြီးကအော်ကြီးဟစ်ကျယ် အော်ကာ သူ့ဗိုက်မှာစည်းထားတဲ့ ခါးစည်းကိုလှန်ပြပါတယ်။
ဗိုက်ဆာနေကြောင်းပြောတာတော့ မဟုတ်လောက်ဘူးထင်တယ်။ကျွန် တော်သိသလောက်ဘုန်းကြီးတွေ ဟာနေ့မွန်းတည့်ပြီးရင် ဆွမ်း စားခွင့်မရှိတော့ပါဘူး။
ခြံစောင့်များရောက်လာမလားလို့ လှည့်ပတ်ကြည့်လိုက်ပါသေး တယ်။
ကဲရော ဒီလောက်ဆိုရင် အဆင်ပြေမလား
ကျွန်တော်ပေးလိုက်တာကို မြင်ပြီး တော့မှ မောင်အေးက အမောတ ကောနဲ့ လာပြောတယ်။
ဒီလိုဘုန်းကြီးတွေကို လှူဒါန်း တာ ကုသိုလ်မရပါဘူးတဲ့။
ကျွန်တော်လည်း ဘာ ပြန်ပြောရမယ်မှန်း မသိတော့ပါ။
ကျွတ် ကျွတ်



နေ့လယ်က ခြံထဲကိုလူစိမ်းဝင်သွားတဲ့အတွက် စိတ်မသက်မသာဖြစ်နေပုံရတဲ့မောင်အေးဟာ ညအထိအောင် ခြံဝမှာနီးနီးကြားကြားစောင့်နေပါတယ်။
ကျွန်တော်ကလည်း ညဘက်သွားစရာရှိတဲ့အတွက် မောင်အေးကို အိမ်ထဲမှာကလေးထိန်းရင်း TV ကြည့်ဖို့မှာခဲ့ပါတယ်။
NGO အဖွဲ့က မိတ်ဆွေတွေနဲ့ အတူတူမသောက်ရတာအတော်ကြာသွားပါပြီ။
ဒီနေရာမှာ ရပ်ခဲ့ရတာ စိတ်ချရပါ့ မလား
ကမ္ဘာ့ရန်ပုံငွေအဖွဲ့က မြန်မာနိုင်ငံကနေထွက်တော့မယ်တဲ့
ဟုတ်လား သူတို့က ဘာလုပ်တဲ့အဖွဲ့လဲ
ဒီနိုင်ငံမှာ TB, AIDSနဲ့ ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးတွေအတွက် ငွေထုတ်ပေးနေတဲ့အဖွဲ့ကြီးလေ
မထူးဆန်းပါဘူးလေ၊ ဒီမှာက အလုပ်မှာကောင်းကောင်းလုပ်လို့မရဘဲ
နယ်စွန်နယ်ဖျားနေရာတွေမှာဆို တစ်ပတ်ထက်ပိုနေလို့မရဘူး။ရန်ကုန်ကို ဗီဇာသက်တမ်းတိုးဖို့ တစ်ပတ်တစ်ခါပြန်လာနေရတယ်လေ။
ငါတို့ဆီက ခွဲစိတ်ဆရာဝန်တစ်ယောက်ဆို ရောဂါဖြစ်ပွားရာနေရာကိုသွားဖို့စောင့်နေတာ နှစ်လကျော်သွားပြီ ခုထိမသွားရသေးဘူး။
တကယ့် ဟာသပဲ


ICRC* လို အဖွဲ့ကြီး တွေကိုတောင် ပြဿနာ ရှာသေးတာပဲ
မြောက်ဘက်ပိုင်းတွေဆို ဘယ် NGO မှသွားခွင့်မရ တော့တာ နှစ်လလောက် ရှိပြီ
တစ်ခုခုတော့ လုပ်သင့်နေပြီနော်
ငါကြားတာကတော့ MSF ပြင်သစ်အဖွဲ့က အစိုးရကနောက်ဆုံး ထုတ်ပြန်ထားတဲ့ စည်း ကမ်းတွေကို လျစ်လျူရှု မလို့ဆိုပဲ။
အမြဲတမ်းအနှောင့် အယှက်ပေးတဲ့အစိုးရပဲ
ဟော့ မင်းမိန်းမတောင် ခရီးသွားခွင့်မပါဘဲ ခရီး ထွက်သွားတယ်ဆို
ဟော့ • • • ဟုတ်လား ငါ့လည်း ဘာမှပြော မသွားပါဘူး
*နိုင်ငံတကာကြက်ခြေနီအဖွဲ့ချုပ်
မြောက်ကိုရီးယားမှာ အချိန်တော်တော်ကြာ နေ ခဲ့တဲ့ဂျာမန်ကြီးတစ်ယောက်နဲ့လည်းတွေ့ခဲ့ပါတယ်။
ပြူယမ်းအကြောင်းပြောကြရင်းနဲ့ စကားကောင်း ခဲ့ပါတယ်။
ပွင့်လင်းမြင်သာတဲ့သတင်းထုတ်ပြန်မှုမရှိတဲ့ ဒီ လိုနိုင်ငံမျိုးမှာ အတင်းအဖျင်းများသာ မင်း မူနေပါတယ်။
သန်းရွှေသေပြီတဲ့
ဟား ဟားဟား
ငါကြားတာကတော့ သူတို့တတွေရဲ့ မြို့တော်သစ် ကိုပြောင်းသွားကြပြီ
ဟား ဟား ဟား
ပြောကြဆိုကြ၊ သောက်ကြစားကြ၊ ငြင်းကြခုန် ကြရင်း ပြန်မယ်ဆိုပြီးနာရီကြည့်လိုက်တော့ မနက်လေးနာရီတောင်ထိုးနေပြီ။
ဂရုစိုက်ဦးနော်
စိတ်ချ
ခွေးတွေတောင် အိပ်ကုန်ပြီ


ချွတ်
တောက်
အရေးထဲ
စက်ဘီးက
တမျောင့်
မင်္ဂလာပါ
မင်္ဂလာပါ


ချွတ်
တောက် အရေးထဲ စက်ဘီးက တမျောင့်
မင်္ဂလာပါ
မင်္ဂလာပါ

ဒီလိုအဆင့်မြင့်အဖိုးတန်ကားတွန်းတွေကိုလည်း ရှားရှားပါးပါး တွေ့လိုက်ရပါတယ်။




တနင်္ဂနွေမနက်မှာ ကျွန်တော့်သင်တန်းသား တွေနဲ့ ထပ်မံတွေ့ဆုံသင်ကြားပေးပါတယ်။
ဒီကနေ ဖရိန်တစ်ခု ထုတ်ပြီး
သင်တန်းပြီးတဲ့အခါမြို့ပြင်မှာရှိတဲ့ ကာတွန်းဆရာကြီး တစ်ယောက်အိမ်ကိုသွားဖို့ကျွန်တော့်ကိုဖိတ်ခေါ်ပါတယ်။
ရတယ်လေ လိုက်ခဲ့ တာပေါ့
လမ်းမှာ ထူးထူးဆန်းဆန်းကားတစ်စီးကို တွေ့ လိုက်ရပါတယ်။
အသုဘကားလေဗျာ
အင်း ဒီထက်ဖြည်းဖြည်း မောင်းသင့်တာပေါ့ဗျာ
အသံလည်း ခပ်တိုးတိုးပဲ ဖွင့်သင့်တာပေါ့
မြန်မြန်သွားမှာပေါ့ဗျ။ နောက်ကျ လို့မှောင်သွားရင် သရဲကြောက်လို့ ထင်တယ်။
ကျန်ရစ်သူမိသားစုက ပြာတွေပြန်သိမ်းထားတယ်မဟုတ်လား။
ဟင့်အင်း။ မသိမ်းပါဘူး။
တကယ့် ကျွန်တော်က ရက်လည်တဲ့အထိ အိမ်မှာ ထားတယ်ထင်နေတာ
အိမ်ထဲမှာ ပြာမရှိမှ သရဲမရှိ မှာပေါ့ ဟား··· ဟား
အော် အင်း
သူ့မိတ်ဆွေတစ်ဦးက သုသာန်ကဝန်ထမ်းဖြစ်ပြီး သူ့ကိုယ်တွေ့တွေ ပြောပြပါတယ်။
အသုဘရှင်တွေရှေ့မှာ ဟန်ပြသက်သက်မီးရှို့ပြ ပြီး အသုဘရှင်ပြန်သွားတဲ့ အခါမှ တစ်နေကုန်ရောက် လာတဲ့အလောင်းတွေကို စုပေါင်းမီးရှို့ပစ်တာတဲ့။ ဒါမှ ဆီကုန်သက်သာတာပေါ့။
အင်း ကောင်းသား ပဲ


ကာတွန်းဆရာကြီးက အိမ်ပေါက်ဝကနေ ကြို ဆိုပါတယ်။ သူ့သမီးလေးက ကျွန်တော်တို့ အ တွက် အအေးသွားဝယ်ပေးပါတယ်။
ထိုဆရာကြီးရဲ့အိမ်မှာ အခန်းတစ်ခန်းသာရှိပြီး အိမ်သာကအပြင်မှာ သီးသန့်ရှိပါတယ်။
စကားအနည်းငယ်ပြောပြီးတဲ့အခါ ထိုဆရာကြီးရဲ့ ၁၉၇၀ ခုနှစ်လောက်ကပုံနှိပ်စာမူများကို ယူလာ ပြပါတယ်။
သူ့ကာတွန်းတွေကငါ တို့မျိုးဆက်သစ်တွေ အ ကုန်လုံးပေါ်မှာ ဩဇာ လွှမ်းမိုးမှုရှိတယ်။
သူ့သမီးငယ်က ကိုကာကိုလာပုလင်းကိုင်ပြီးပြန်ဝင် လာကာ ကျွန်တော်တို့ကိုဧည့်ခံပါတယ်။ ကျွန်တော် ပါလာတဲ့အတွက် အခုလို ကိုကာကိုလာ နဲ့ဧည့်ခံပုံရပါတယ်။
ငါ့အတွက်နဲ့ ပိုက်ဆံတွေ ပို ကုန်တော့မှာပဲ
ကာတွန်းဆရာကြီးရဲ့ အိမ်လေးထဲမှာ သူ့ကာတွန်းတွေနဲ့အတူ မျော လွင့်ရင်း ဘာကြောင့်မှန်းမသိ ကျွန်တော့်စိတ်တွေ လေးလံထိုင်းမှိုင်း လာပါတော့တယ်။



ကွမ်း၊ ပန်းသီးနှင့် ကွတ်ကီး
ပုံလေးတစ်ပုံဖွင့်ဖို့ စောင့်နေရင်းနဲ့ အင်တာနက်လိုင်းက ကျသွားပြန်ပါတယ်။
ဘာလဲကွာ
ဒီလောက်ကြာနေမှတော့ မစောင့်နိုင်တော့ဘူး။ အင်တာနက်ဆိုင်သွားမယ်။
စိတ်ရှုပ်တယ်
ဟေ့ တက္ကစီ
ဒီနိုင်ငံကတက္ကစီတွေမှာ မီတာမရှိပါ။ မစီးခင်ဈေးစကားအရင်ပြောရပါတယ်။
5,000
6,000
3,000
4,000
6,000
တက္ကစီဒရိုင်ဘာ အများစုဟာ ကွမ်းကိုနစ်နစ်မြိုက်မြိုက်စားလေ့ရှိပါတယ်။
အိုကေ
ကားဒက်ရှ်ဘုတ်ပေါ်မှာ ထောင်ထားတဲ့ လိုင်စင်ပုံကိုကြည့်ပြီးတော်တော်လေးအံ့သြမိပါတယ်။
!
တခြားကြောင့်မဟုတ်ပါဘူး။ လိုင်စင်ဓာတ်ပုံရိုက်တဲ့အချိန်မှာပါ ကွမ်းစားမပျက်ပါဘူး။
OFFIC
Nº 8AT
ဘယ်လိုကြီး ပါလိမ့်
ရှေ့ဘူးအလွတ်လေးထဲကို ကွမ်းတံတွေးတွေ ထွေးထည့်သူရှိသလို တချို့ကျပြန်တော့ လမ်းပေါ်ကို စည်းကမ်းမဲ့ထွေးကြပါတယ်။
PTT
မိုက်ဆာ လိုက်တာ




တကယ်တော့ ကွမ်းစားတဲ့ဓလေ့ဟာ မြန်မာ့ရိုးရာဓလေ့တစ်ခုပါပဲ။
ဗုံသံနှင့်အတူ ဘုရင်သီပေါမင်းသည် ခန်းမထဲသို့ ကြွချီလာ၏။ ပလ္လင်ပေါ်၌နေရာယူပြီးသည့်အခါ အမျိုးသမီးတစ်ယောက်သည် ရွှေရောင်ကွမ်းအစ်ကို ဘုရင်မင်းမြတ်ဘေး၌ ချထားပေးရသည်။ (မြန်မာပြည်ရောက် ပြင်သစ်တစ်ယောက် ၁၈၈၀)
ကျေးဇူးပဲဗျို့
အင်တာနက်ဆိုင်မှာတော့ အာရှဖွားနိုင်ငံခြားသားတချို့က Voip သုံးနေကြသလိုမြန်မာလူငယ်တချို့ကလည်း အွန်လိုင်းဂိမ်းကစားနေတာကို တွေ့နိုင်ပါတယ်။
နက်ဝပ်အကြောင်း နားလည်တဲ့ဆိုင်ဝန်ထမ်းဆီက အကူအညီ တောင်းခံနိုင်ပါတယ်။
အီးမေးလ်ဖွင့်လို့ မရဘူးဖြစ်နေတယ်။ ကူညီပါဦး။
ဟုတ် ကြည့်ပေးပါ့မယ်
ဟီး ဟီး
အခုမှပဲ အဆင်ပြေတော့တယ်
ကဲ ကွန်နက်ရှင်လေကောင်းတုန်း စွန့်စားခန်းတချို့လုပ်ကြည့်ဦးမှပဲ
ကျွန်တော်အရင် ဒီစက်မှာအသုံးပြုသွားတဲ့သူတွေဟာ ဘယ်လိုဆိုဒ်မျိုးကိုသုံးသွားခဲ့သလဲဆိုတာကိုလေ့လာနိုင်ပါတယ်။
GOOGLE
Anti - Virus
Updates
Sex Belgium
Sex Austria
Sex Poland
Sex France
Enlarge Your
Penis
ဝါး အထီးကျန်လူပျိုကြီးတွေများလာသုံးသွားတာလား



ဒီထဲရောက်လာမှတော့ ဟိုနားဒီနားလှေ့လာဦးမှ
အင်း၊ ဒီနေရာက ဟိုတလောလေးကပဲ ဗုံးပေါက်ထားတဲ့နေရာမဟုတ်လား
ဗုံးပေါက်ပြီးကတည်းက အစောင့်တွေအများကြီးချထားတယ်
ဒီက နိုင်ငံခြားဖြစ်အသီးအနှံတွေကဟိုမှာနဲ့ ပြောင်းပြန်ဖြစ်နေတယ်
ဟိုမှာတန်ဖိုးမရှိတဲ့ ပန်းသီးဟာ ဒီမှာတော့ ဈေးကြီးလှပါတယ်။ ဟိုမှာ ဈေးကြီးပါတယ်ဆိုတဲ့သရက်သီးတို့ နာနတ်သီးတို့ထက် သုံးဆလောက် ဈေးပိုကြီးနေပါတယ်။
ဘာပဲပြောပြော ဒီတစ်ခေါက်တော့ဒါပဲယူသွားတော့မယ်။သဘော်သီးတွေသရက်သီးတွေစားတာများနေပြီ။
UHT ကို ရှာလို့မတွေ့တာတစ်လလောက်ရှိပါပြီ။
အင်း အခုထိရောက်မလာသေးပါလား
ဒီနေ့ နွားနို့၊ မနက်ဖြန် ဆန်ကြမ်းဆန်ပြုတ် တစ်ခုမဟုတ်တစ်ခုတော့ ရှိရမှာပေါ့
ပြည်တွင်းဖြစ်နွားနို့လတ်လတ်ဆတ်ဆတ် သောက်ချင်တယ်ဆိုရင်တော့ နှစ်ရက်တစ်ခါဈေးဝယ်ထွက်ဖို့ လိုအပ်ပါတယ်။
နွားနို့တွေကို နိုင်ငံခြားကနေဘာလို့မတင်သွင်းတာပါလိမ့်။ စီပွားရေး ပိတ်ဆို့ထားလို့များလား။
ကြည့်စမ်း ကွတ်ကီးတန်းထဲမှာ ဘုန်းကြီးတစ်ပါးပါလား


8.5 x 11
စက္ကူသိမ်းတဲ့ အံဆွဲ ထဲမှာမီးလုံးလေးနဲ့ပါလား
ဟုတ်တယ် မိုးရာသီမှာ စက္ကူတွေ အစိုမပြန် အောင်လို့
အင်း
ကျွတ်
ဘာပဲ ဖြစ်ဖြစ်
မိုးရာသီမှာ ပုံဆွဲရတာ တော်တော်လေးအဆင်ပြေပါတယ်
မိုးရွာရုံလောက် နဲ့တော့ ကမ္ဘာ မပျက်ပါဘူး
ဒီလိုပုံတွေ ထွက်ရုံက လွဲလို့ပေါ့
အကုန်လုံး အဆင်ပြေပါ တယ်။



မြန်မာပြည်မှ
စွန့်စားခန်းများ (၃)
အာ
ဘာမှမလုပ်ဖြစ်တာကြာလာတော့
ဘာအလုပ်မှ မလုပ်ချင်တော့ဘူး
သေပြီ ငါ့ရေသုတ်
ပဝါ မေ့ကျန်ခဲ့ပြီ
အခုတော့ ဘယ်လို
လုပ်မလဲ
ဝေးလွန်းအား
ကြီးနေတယ်
အလုပ်မဖြစ်
ဘူး။
ဘုရားသခင်
ဘယ်သူမှ ဝင်မ
လာစေဖို့ပဲ ဆု
တောင်းပါတယ်။



BANG!
အင်း ဒီလောက်
ဆိုရလောက်ပါပြီ
?
သေပြီဆရာ



မမေ့နိုင်စရာ
မုန့်ပဲသရေစာ
Cheez Whiz
ဒီနေ့မနက်မှာတော့ ကျွန်တော့်ဇိမ်းမဟာ အမေရိကန်ကလပ် မှကြီးမှူးကျင်းပတဲ့ ဘောလီဘောပြိုင်ပွဲကြီးရဲ့ နောက်ဆုံး ဗိုင်နယ်ပွဲမှာပါဝင်ရ ပါတယ်။
လူးဝစ်လေးနဲ့ ကျွန်တော်တို့ကတော့ အားပေး ဖို့အတွက် ရောက်ရှိနေပါပြီ။
အို
ချစမ်း ဟုတ်ပြီ
UCLA
အမေရိကန်ကလပ်ဟာ အင်းယားကန်ရဲ့ မြောက်စွန်း စွန်းမှာတည်ရှိပါတယ်။ ဒေါ်စုအိမ်နဲ့ အလှမ်းဝေးပေ မယ့် မြေပုံထဲမှာတော့ တည့်တည့်ရှိပါတယ်။
ကလပ်
ဒေါ်စု
ဒေါ်စုရဲ့မွေးနေ့ရောက်တိုင်း အမေရိကန်ကလပ် ကနေ ရောင်စုံဘောလုံးများလွှတ်ကာအထိမ်းအ မှတ်ပွဲလေးကျင်းပပေးတယ်လို့ သိရပါတယ်။ (သူများပြောတာကို သိရတာပါ။) ကျွန်တော် ကတော့ တစ်ခါမှ မကြုံလိုက်ပေ။
ဟက်ပီးဘတ်ဒေး အောင်ဆန်း
ကလပ်ထဲမှာ အကုန်ရှိပါတယ်။ ရေကူးကန်၊တင်း နစ်ကွင်း၊ အားကစားခန်းမ အစရှိသဖြင့် အားက စားနဲ့ပတ်သက်လာရင် အကုန်လုပ်လို့ရပါတယ်။


၂၀၀၃ ခုနှစ်က စတင်ပြီးတင်းကျပ်ခဲ့တဲ့ စီးပွား ရေးပိတ်ဆို့မှုများကြောင့်အနောက်နိုင်ငံကုမ္ပဏီ များဟာမြန်မာပြည်ထဲကထွက်ခွာသွားကြပါတယ်။
ဒါပေမယ့်လည်းအကျိုးအမြတ်များစွာရှိတဲ့ကမ်းလွန် ရေနံတူးဖော်ခြင်းလုပ်ငန်းများကိုတော့ မသိမသာ မှိန်းပြီးဆက်လက်လုပ်ကိုင်နေကြဆဲပါ။ ဥပမာပြ ရရင် ပြင်သစ်နိုင်ငံက TOTAL ကုမ္ပဏီလိုမျိုးပေါ့။
အမေရိကန်သံရုံးတော့ရှိသေးပေမယ့် သံအမတ်ကြီးအဆင့်တော့ မခန့်အပ်တော့ပါ။ ယာယီသံမှူးအဆင့်ပဲ ထားပါတော့တယ်။ စက်တင်ဘာ ၁၁ ပြီးကတည်းက အမေရိကန်သံရုံးကိုလုံခြုံရေးတိုးမြှင့်လိုက်ပါတယ်။ ကားလမ်းတွေကိုပိတ်ပစ်တဲ့အပြင် ဓာတ်ပုံရိုက်ခွင့်လည်း မပြုတော့ပေ။
ထူးဆန်းတာတစ်ခုကအင်းယားကန် တောင်ဘက်ခြမ်း မှာ သံရုံးသစ်တစ်ခုတည်ဆောက်နေတာပါပဲ။ ရိုးရိုး သာမာန်အဆောက်အဦမျိုးမဟုတ်ဘဲ ဒေါ်လာသန်း ၅၀နီးပါး အကုန်ခံကာတည်ဆောက်နေတဲ့ ရောမ ပရောဂျက်ကြီးပါ။
ဒါကလည်း အမေရိကန်ရဲ့ ထူးဆန်းတဲ့နိုင်ငံခြားရေးပေါ်လစီ တစ်ခုပါပဲ။ စီးပွားရေးပိတ်ဆို့မှုတွေ လုပ်ထားတဲ့နိုင်ငံတစ် နိုင်ငံမှာ အခုလောက်ကြီးကျယ်တဲ့သံရုံးကြီး တည်ဆောက် နေတယ်ဆိုတာ သာမာန်ဦးနှောက်နဲ့တော့ စဉ်းစားလို့လိုက် မမီနိုင်ပေ။


ဟာ··ကြည့်စမ်းဒီထဲမှာ စတိုး ဆိုင်အသေးလေးတောင် ရှိပါ သေးလား။
ဂျယ်လီတွေ၊ ကွတ်ကီးတွေ၊ ဝေဖာတွေ၊ မြေပဲထောပတ်တွေ အားပါး ပါး
အကုန်လုံးက အမေရိကန်က ဒိတ်ဒိတ်ကြဲစား သောက်ကုန်တွေ ပါပဲလား
ဟာ ဒါငါငယ်ငယ်တုန်းက တီဗီကြည့်ရင်းစားနေကျမုန့်ပဲ
ငါရဲ့ ငယ်ဘဝက ဒီပုံးလေးထဲမှာ
အခုချိန် ပြန် စားလည်းကောင်း ဦးမယ့် ပုံပါပဲ
ဟာ ဒီမှာ နောက်တစ်မျိုး ဒီမုန့်ကိုလည်း မေ့နေတာ ကြာပြီ
ဒါ ရိုးရိုးစတိုးဆိုင် မဟုတ်တော့ဘူး ကာလယန္တရား စက်ကြီးဖြစ်နေပြီ
ဒီမုန့်တွေနဲ့ ဖြတ်သန်းခဲ့ ရတဲ့ ငါ့ရဲ့ငယ်ဘဝပုံရိပ် တွေကို အလိုလိုပြန် မြင်ယောင်လာပါလား
လွမ်းစရာပဲ
ရှုံးသွားပြီ
စိတ်မပျက်နဲ့ကွာ၊ ဒီမှာ မင်းကို အားပေးဖို့ မုန့်တွေပါလာတယ်


အင်းလေးကန်သို့
အလည်တစ်ခေါက်







TOTAL
ဗမာပြည်ကိုရောက်မလာခင်ကတော့ ကျွန်တော့် အမြင်က ရှင်းပါတယ်။ TOTALလို အာဏာရှင်ကို ထောက်ပံ့နေတဲ့အဖွဲ့ကလူတွေကို လူဆိုးလို့ထင်ပြီးMSF လိုလူနာတွေအတွက် လှုပ်ရှားနေတဲ့အဖွဲ့ကိုလူကောင်းတွေလို့ထင်ပါတယ်။
အဲ့ဒီအတွေးက နည်းနည်းတော့ အစွန်းရောက်ပါတယ်။
ဟဲလို
NURSERY SCHOOL
TOTAL
ဟဲလို
TOTAL က လူတချို့နဲ့ မိတ်ဆွေဖြစ်ပြီးတဲ့အခါမှာတော့ ကျွန်တော့်အတွေးတွေမှားကြောင်း ပိုမိုခိုင်လုံ လာပါတယ်။
ရန်ကုန်မှာ Total ကအထောက်အပံ့နဲ့ ဖွင့်ထားတဲ့ကျောင်းတွေရှိပါတယ်။ ကျွန်တော့်ကို ကာတွန်းပန်းချီပညာ လာရောက်သင်ကြားပေးဖို့ ဖိတ်ခေါ်ပါတယ်။
သင်တန်းသားက သုံးယောက်ပဲလား
ဟုတ်ကဲ့
သုံးယောက်မှာ နှစ်ယောက်ကအိပ်ငိုက်နေပါသေးတယ်


Total ကမ်းလွန်သဘာဝဓာတ်ငွေ့ရှာဖွေရေးကနေ ထွက်ရှိလာတဲ့ သဘာဝဓာတ်ငွေ့များကို ထိုင်းနိုင်ငံသို့ ပိုက်လိုင်းကနေတစ်ဆင့်တင်ပို့ ရောင်းချပါတယ်။
ဓာတ်ငွေ့ပိုက်လိုင်းတလျှောက် ရွာပေါင်းများစွာကို ဖျက်သိမ်းခဲ့သလို မတရားလုပ်အားပေးခိုင်းစေမှုတွေ ရှိခဲ့ပါတယ်။
ဒါပေမယ့် Total အဖွဲ့ကနေ လူမှုရေးအထောက်အပံ့များစွာ ပြုလုပ်ပေးခဲ့ပါတယ်။
HOSPITAL
SCHOOL
HOSPICE
ORPHANAGE
ကမ္ဘာပေါ်မှာ သံယံဇာတတွေရှားပါးလာတဲ့ နောက်ပိုင်း မြန်မာနိုင်ငံမှသယံဇာတများကို ကမ္ဘာ့နိုင်ငံအသီးသီးမှ မျက်စိကျလာပါတယ်။
INDIA
CHINA
JAPAN
SOUTH KOREA
ဥပမာအနေနဲ့ဆိုရင် အင်္ဂလန်ကရေနံကုမ္ပဏီကြီးတစ်ခုဟာ စီးပွားရေးပိတ်ဆို့မှုကြောင့် မြန်မာပြည်မှ ထွက်ခွာသွားခဲ့ပါတယ်။
ဒါပေမယ့် မလေးရှားက ပတ်ထရိုနတ်ကုမ္ပဏီကို ချက်ချင်းဆိုသလိုအစားထိုးဝင်ရောက်လုပ်ကိုင်စေတဲ့အတွက် လုပ်ငန်းရပ်တန့်သွားခြင်းမရှိပေ။
ဂျွန်···ပထရိုနတ်ကုမ္ပဏီဝန်ထမ်းဖြစ်သွားသူ
မလေးရှားတွေနဲ့ အလုပ်လုပ်ရတာပို အဆင်ပြေတယ်။ အင်္ဂလိပ်တွေလက်အောက်မှာလုပ်ရတုန်းက မလွတ်လပ်ဘူး
ဒါဆို သူတို့က ဝန်ထမ်းတွေပါမရွှေ့ဘဲ အရင်တိုင်းထားတာပေါ့။
ဟုတ်တယ်လေ


အလားတူပဲ၊ တခြားကုမ္ပဏီတစ်ခုခုကထွက်သွားတာနဲ့ အစားထိုးဝင်ဖို့ တရုတ်ကုမ္ပဏီ တွေက အဆင်သင့် ရှိပါတယ်။
တရုတ်တွေက ပြင်သစ်ကုမ္ပဏီလိုတော့ လူ့မှုရေးလုပ်ငန်းတွေမှာ ပိုက်ဆံသုံးမယ်မထင်ဘူး။
ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမယ့် Totalလို ပြင်သစ်ကုမ္ပဏီကြီးက ဒီမှာအခြေမစိုက်သင့်ဘူးလေ
အေးလေ၊ စီးပွားရေးသမားဆိုတာကတော့ ဒီလိုပဲပေါ့
အင်း
ဒါပေမယ့် စည်းကမ်းရှိတဲ့ စီးပွားရေးလောကမှာတော့ ဗမာနိုင်ငံကိုသပိတ်မှောက်နေဆဲပဲ မဟုတ်လား
သေချာ စဉ်းစားသင့်တာက - -
နိုင်ငံတကာ စီးပွားရေး ပိတ်ဆို့မှုတွေဟာ စစ်အာဏာရှင်တွေအပေါ် တကယ်ထိရောက်မှု ရှိမရှိဆိုတာပဲ
ဒါဆို တခြား ဘာလုပ်သင့်သေးသလဲ


ချွေးစီးချွေးပေါက်
MSF ရုံးချုပ်က ပေးပို့လိုက်တဲ့စာအိတ်ကြီးထဲမှာ ဗမာနိုင်ငံအကြောင်းရေးသားထားတဲ့ သတင်းစာတစ်စောင်ပါလာပါတယ်။
အံ့မယ် ငါ့ပုံတောင် ထည့်ထားသေးတာပဲ
RANGOON, NEAR THE HOUSE IN WHICH AUNG SAN SUU KYI IS BEING HELD: A CHECK POINT TURNS BACK CARS AND ACCESS IS STRICTLY FORBIDDEN. THE GAS STATION NEXT DOOR HAS CLOSED SHOP.
HERE, PEOPLE FEAST IN HONOR OF AUNG SAN SUU KYI ON HER BIRTHDAY...
SHE'S CALLED "THE LADY". NOBODY EVER SPEAKS HER NAME... LIKE THE BAD GUY IN HARRY POTTER.
ARTIST GUY DELISLE, WHO HAS BEEN LIVING IN BURMA FOR THE PAST 6 MONTHS...
ကျွန်တော့်သင်တန်းသားတွေကို မိတ္တူဆွဲကာ ဝေပေးခဲ့ပါတယ်။
သင်တန်းကတော့ ပုံမှန်အတိုင်းပါပဲ။
အိမ်စာတွေ ပြီးခဲ့ကြလား
အဲ..
မဆိုးဘူးဗျ
တဖြည်းဖြည်းတိုးတက်လာပြီ
ဟဲလို
နောက်တစ်နေ့ ညနေမှာပဲ သင်တန်းသားတစ်ယောက်ဆီကဖုန်းလာပါတယ်။ သူ့အသံကတစ်ခုခုစိုးရိမ်နေပုံရပြီးကျွန်တော်ဆီလာတွေ့ဖို့ခွင့်တောင်းပါတယ်။



မင်း ငါတို့ကိုပေးလိုက်တဲ့ သတင်းစာက ပြဿနာ တက်နေပြီ
မင်းသူငယ်ချင်းဆောင်းပါး က ဗမာပြည်ကို ပယ်ပယ် နယ်နယ်ဝေဖန်ထားပြီးမင်း ပုံနဲ့မင်းနာမည်ပါ ထည့် ထားတယ်။
အခုမင်းကို အန္တရာယ်ရှိ တဲ့လူအဖြစ် သတ်မှတ် သွားနိုင်တယ်။
နိုင်ငံခြားသားတစ်ယောက် အနေနဲ့ အဲသလိုသတ်မှတ် ခံရတာပြဿနာမရှိပေမယ့် ငါတို့ထဲကတစ်ယောက်က အစိုးရဝန်ထမ်းလေ။
မင်းနဲ့ အဆက်အသွယ်ရှိတဲ့ အတွက် အလုပ်ပြုတ်ရုံတင် မက ထောင်ပါကျနိုင်တယ်။
အခု သူ့ခမျာ ည တောင်ကောင်းကောင်း အိပ်မပျော်ဘူး
တော်တော် ဆိုးပါလား
ငါ…ငါ…ငါ တောင်းပန်ပါတယ်
အဲဒီသတင်းစာကို မိတ္တူထပ် ပွားထားတာ ရှိသေးလား၊ မ ဟုတ်တဲ့သူတွေလက်ထဲ မ ရောက်ဖို့အရေးကြီးတယ် နော်
မရှိပါဘူး၊ မရှိပါဘူး မိတ္တူထပ်ကူးထားတာ မရှိပါဘူး


ဟိုတစ်နေ့ကကျွန်တော်မိတ္တူကူးပေးထားတဲ့ စာရွက်လေးလေ မှတ်မိလား အခုပြန်လာယူပါရစေ
ရောက်မှ ရှင်းပြမယ်
ချက်ခြင်းဆိုသလိုပဲ အပြင်ကို ရောက်နေတဲ့ မိတ္တူသုံးစောင်ကို လိုက်သိမ်းလိုက်ပါတယ်။
ပြီးတော့ အားလုံးကို ခြံနောက်မှာ မီးပုံရှို့လိုက်တယ်။
နောက်ဆက်တွဲအနေနဲ့ ဘာတွေဖြစ်လာနိုင်မလဲ ဆိုတာကို နိုင်ငံရေးအတွေ့အကြုံရှိတဲ့သူနဲ့ ဆက်သွယ်မေးမြန်းခဲ့ပါတယ်။


NGO တစ်ခုရဲ့ အုပ်ချုပ်သူပြောတာကတော့
မင်း မိတ်ဆွေက ဒုက္ခပေးသွားတာပဲ။ ပြင်သစ်မှာ မြန်မာသံရုံးရှိတယ်လေ။ အခုလောက်ဆို အဲဒီသံရုံးကနေ မင်းပုံပါတဲ့သတင်းစာကို ဒီကထောက်လှမ်းရေးတွေဆီ ပို့ပြီးလောက်ပြီ
ဒီကအကျဉ်းထောင်တွေကို မကြာခဏလှည့်လည်စစ်ဆေးလေ့ရှိတဲ့ ကမ္ဘာ့ကြက်ခြေနီအဖွဲ့ကပုဂ္ဂိုလ်ပြောတာကတော့
မင်းသင်တန်းသားနာမည် ငါ့ကိုပေးထားလေ။ သူ့မိသားစုကသူဘယ်အကျဉ်းထောင်ရောက်နေသလဲမသိတောင် ငါတို့က စုံစမ်းပေးလို့ရတယ်။
အင်း ထောင်ကျ မကျ မသေချာသေးဘူး
ကျွန်တော့်ကာတွန်းပရိသတ်လည်းဖြစ်သလို ပြင်သစ်သံမှူးလည်းဖြစ်တဲ့ မိတ်ဆွေဆီလည်း အကြောင်းကြားခဲ့ပါတယ်။
အရင်လက ထောက်လှမ်းရေးအဖွဲ့ဝင် တော်တော်များများကို ထောင်ထဲကပြန်ထုတ်ခဲ့တယ်လေ
အဲဒီနောက်ပိုင်း သူတို့ဘာသာထောက်လှမ်းရေးအဖွဲ့ အချင်းချင်းထောက်လှမ်းနေတာနဲ့ မအားကြဘူး။ ဘာမှ မပူပါနဲ့ နာမည်သိပ်မကြီးတဲ့သတင်းစာတစ်စောင်က ဆောင်းပါးတစ်ပုဒ်လောက်အပေါ်မှာ သိပ်အာရုံထားနိုင်ဦးမယ် မထင်ဘူး
နောက်တစ်ပတ်မှာတော့ ကျွန်တော့်သင်တန်းမှာ သင်တန်းသားတစ်ယောက် လျော့သွားပါတယ်။
အိမ်စာတွေ ရော ပြီးခဲ့ရဲ့လား။


ရှေးဦးသူနာပြု
မင်းရဲ့သားလေးကို မတော်တဆ မြွေ ကိုက်ခံရပြီဆိုပါစို့ ဘယ်လိုလုပ်မလဲ
ပတ်ဝန်းကျင်မှာ မမျှော် လင့်နိုင်တဲ့အန္တရာယ်တွေ အများကြီးရှိတယ်
ကျွန်တော့်ကို ကြက်ခြေနီသင်တန်းတက်ဖို့ တိုက်တွန်းကြတဲ့အတွက်ကလေးအမေတွေနဲ့အတူတက်ရောက်သင်ကြားခဲ့ပါတယ်။
မြန်မာလူမျိုးသင်တန်းနည်းပြဆရာဆရာက ၁၉ ရာစုနှစ်က သင်နည်းတွေနဲ့သင်ကြားပြသနေပါတယ်။ ကျွန်တော်တို့ကိုပေးထားတဲ့စာရွက်ထဲက စာသားတွေကိုဖြည်းဖြည်းချင်းဖတ်ပြပြီး တစ်ချက်ခြင်း ရှင်းနေတာပါ။
၄ ရက်ကြာသင်တန်းဖြစ်ပေမယ့်ပထမနာရီဝက်အတွင်းမှာပဲ တော်တော်ပျင်းရိငြီးငွေ့ဖွယ်ကောင်းနေပါပြီ။
ငယ်ငယ်တုန်းက ရက်ရှည်လများကျောင်းတက်ခဲ့ရတဲ့အချိန်တွေကိုတောင် ပြန်သတိရမိပါတယ်။

ပြုတ်တောက်သွားတဲ့ခန္ဓာကိုယ်အစိတ်အပိုင်းများကို ဘယ်လိုစည်းကမ်းတကျထိန်းသိမ်းရမယ်ဆိုတာတွေ လက်ဒဏ်ရာရရင် ထုပ်ပိုးပုံတွေ၊ လူနာသယ်နည်းတွေ လေ့လာသိရှိခဲ့ရပါတယ်။







မြို့တော်ပြောင်းလဲခြင်း
ဝန်ကြီးဌာနတွေမြို့တော်သစ်ကို ရုတ်တရက်ပြောင်းရွှေ့သွားတဲ့သတင်းအပေါ် လူတိုင်းက အံ့သြနေကြပါတယ်။
ထိုသတင်းဟာ အလျင်အမြန်ပျံ့နှံ့သွားပြီး အချို့ကလည်း ကောလဟာလလို့တောင် ထင်နေကြပါတယ်။
ငါကတော့ ကိုယ်တိုင်တွေ့မှ ယုံမယ်
ဒါပေမယ့် ကားကြီးကားငယ်အသွယ်သွယ်နဲ့ ရုံးအသီးသီးဟာ တက်ညီလက်ညီပြောင်းရွှေ့ရတာကို ထင်ထင်ရှားရှားတွေ့ မြင်နိုင်ပါတယ်။
ဌာနဆိုင်ရာအရှိတွေတောင် အခုလိုပြောင်းရမယ်ဆိုတာကို ၂၄ နာရီလောက်ပဲ စောပြီးသိခဲ့ရတာပါ။ သူတို့မိသားစုတွေကို ရန်ကုန်မှာပဲထားခဲ့ရပြီး ပြောင်းရွှေ့ဖို့ငြင်းဆန်ရင်တော့ထောင်ဒဏ်နဲ့ ရင်ဆိုင်ရဖွယ်ရှိပါတယ်။
အားလုံးက ကောလာဟာလလို့ထင်နေတဲ့ အကြောင်းအရာက အခုတော့ တကယ်ဖြစ်လာပြီပေါ့နော်။


ရုံးဌာနတွေ ရွှေ့ပြောင်းရတဲ့မြို့တော်သစ်ဟာ ဗမာနိုင်ငံရဲ့အလယ်ဗဟိုမှာရှိပြီး ဘာနဲ့မှမနီးဘဲသီးသန့်တည်ဆောက်ထားတဲ့ မြို့သစ်ဖြစ်ပါတယ်။
ပထမပိုင်းသတင်းတွေကတော့ သိပ်မကောင်းလှ။ ဝန်ထမ်းတွေက ရုံးတွေမှာပဲအိပ်နေရပြီး ဝန်ထမ်းအိမ်ရာတွေမှာ ရေမီးဘာမှမပြည့်စုံကြောင်း ကြားရတဲ့အပြင် အပူချိန်ကလည်း မတရားပြင်းသလို မြွေဆိုးတွေလည်းပေါတယ်လို့ပြောကြပါတယ်။
နိုင်ငံတကာသံရုံးများကလည်း မြို့သစ်နာမည်ကို သိလိုသဖြင့်စုံစမ်း မေးမြန်းကြရာ ပြန်လည်ရရှိခဲ့တဲ့အဖြေကတော့ . . .
ကာကွယ်ရေး
လျှို့ဝှက်ချက်မို့
မပြောနိုင်
မြို့တော်အသစ်အတွက် သံရုံးသစ်တွေပါ ထပ်ဆောက်ရမယ်ဆိုရင်တော့ နိုင်ငံတကာ အသိုင်းအဝိုင်းအတွက် ရတက်မအေးဖွယ်ပါပဲ။
အစတုန်းကတော့ပျဉ်းမနားလို့ခေါ်နေကြပြီးနောက်ဆုံးမှာတော့ တရားဝင်နာမည်သစ် ထွက်လာပါတယ်။ ဘုရင်တွေ နန်းစိုက်ရာဌာနလို့ အဓိပ္ပာယ်ရတဲ့ "နေပြည်တော်"ပါတဲ့။
PYIN MANA
NAY PYI DAW
NGO အသိုင်းအဝိုင်းထဲမှာလည်း ထိုကိစ္စကို အကြိတ်အနယ် ဆွေးနွေးကြပါတယ်။
သူတို့ကို ဘယ်လို ဆက်သွယ်ရမလဲ၊ ငါဆိုရင်ကျန်းမာရေးဝန်ကြီးဌာနနဲ့ တစ်ပတ်တစ်ခါ တွေ့နေရတာ။
ဗီဇာသက်တမ်းတိုးဖို့အတွက်လည်း အဲဒီကို သွားရမှာလား


ဘာခက်တာမှတ်လို့၊ ကျုပ်တို့လည်း မြို့တော် သစ်နဲ့ မြို့တော်ဟောင်းကြား တစ်လှည့်စီနေ သွားရုံပေါ့
တစ်ယောက်တစ်မျိုးထင်ကြေးတွေပေးကြတဲ့အထဲ မှာ ဖြစ်နိုင်ချေနှစ်ခုကိုတော့ ကျွန်တော်လက်ခံမိ တယ်။
တစ်ခုကတော့စစ်ရေးဗျူဟာ။ ရန်ကုန်မြို့ကို နိုင်ငံ တကာရေတပ်တွေက အချိန်မရွေး အလွယ်တကူ ဝင်ရောက်တိုက်ခိုက်နိုင်တယ်လေ။
ဒုတိယတစ်ခုကတော့ဗေဒင်အလိုအရ၊ သန်းရွှေရဲ့ အခါ တော်ပေးပုဂ္ဂိုလ်က ရန်ကုန်ကို မြို့တော်အဆင့်က ဖြုတ် ချခြင်းဖြင့်ရန်သူတွေကိုကုန်အောင်ဖြုတ်ချနိုင်ပြီး အာဏာ သက်ပိုရှည်နိုင်မယ်လို့ အကြံပေးတဲ့အတွက်ပါ။
လူတွေ ဘယ်လိုပြောပြော တရားဝင်ကြေညာတာ ကတော့
မြို့တော်သစ်၏ တည်နေရာသည် အချက်အခြာပိုကျခြင်းမြန်မာတစ်နိုင် ငံလုံးနှင့် အလွယ်တကူဆက်သွယ်နိုင် ခြင်းတို့ကြောင့် မြို့တော်သစ်သို့ပြောင်း ရွှေ့ ရုံးစိုက်ရခြင်းဖြစ်သည်။
အာဏာရှင်ဆိုတာ ဒါပါပဲ။ မြို့တော်သစ်ကို သူတို့ ဘာသာပြောင်းချင် ပြောင်းမယ်။ ဒါကို ဘယ်သူမှ စောဒကတက်ခွင့်မရှိ။ မေးမြန်းခွင့်မရှိ။ ဝေဖန်ရေး သားခွင့်မရှိ။



ညဘက်မှောင်ကြီးမည်းကြီးထဲမှာ ပြန်ရမှာဖြစ်ပေမယ့် ကျွန်တော့်ကို ဘယ်သူမှစိုးရိမ်မှုမရှိပါဘူး။
လာ အာဆစ် မြွေပါးကင်းပါး သတိထားဦး
စိတ်မပူပါနဲ့
ဘင်္ဂလားဒေ့ရှ်မှာအဆိုတစ်ခုရှိတယ်။ မြွေကိုက်ခံရရင် ကံကောင်းတယ်တဲ့
ဪ
ဒါပေမယ့် ကျားကိုက်ခံရရင်တော့ ကံဆိုးတယ်ဆိုပဲ
ဟား ဟား ဟား
ဟေ့အာဆစ်၊ အခုလို မြို့တော်သစ် ပြောင်းသွားတဲ့အပေါ် စိတ်မပူဘူးလား
မပူပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ငါတို့ MSF ပြင်သစ်အဖွဲ့က ဒီနိုင်ငံကနေ အပြီးအပိုင်ထွက်တော့မှာလေ
အင်း ဒါလည်းကောင်းတာပဲ
နိုင်ငံတကာနဲ့ အဆက်အသွယ်တွေမဖြတ်ခင် ငါလည်း ဒီနိုင်ငံထဲကနေ မြန်မြန်ထွက်မှ


ချောင်းကြည့်ခြင်း
ဒီလိုအခွင့်အရေးမျိုးဆိုတာ ရခဲတယ်။ အချိန်မီသွားမှ
ကျွန်တော့်မိတ်ဆွေတစ်ယောက်ရဲ့ ရုံးခန်းဟာ လူ့ဝစ်လေးတို့ကျောင်းနဲ့မျက်နှာချင်းဆိုင်မှာရှိပါတယ်။
ကျွန်တော့်မိတ်ဆွေက ကျွန်တော့်ကို ပြောဖူးပါတယ်။
မင်းသားရဲ့ကျောင်းကို ငါတို့ရုံး ဝရန်တာက ကြည့်ရင်တောင်ကောင်းကောင်းမြင်ရတယ်။ အားလပ်ချိန်တွေမှာ မင်းသားဘယ်လိုဆော့သလဲဆိုတာသိချင်ရင်လာကြည့်ပါလား
စိတ်ဝင်စားဖို့ကောင်းတယ်
ကိုယ့်သားကျောင်းမှာ ဘယ်လိုနေထိုင်ဆော့ကစားလဲဆိုတာကို မိဘတိုင်းက သိချင်တာမဆန်းပါဘူး။
အချိန်မီပဲကွ
ဟိုမှာ ဟိုမှာ လူ့ဝစ်
ဘာလုပ်နေကြတာလဲမသိဘူး
ဟိုမှာလေ တခြားကလေးတွေနဲ့ပြေးလွှားနေတယ် မဟုတ်လား။
ဟိုမှာကျောင်းသားကြီးတစ်ယောက်က မင်းကလေးကိုတွန်းထုတ်နေတယ်
ဟော့ကောင် ဖယ်စမ်း။ ငါ့သားနားက ဖယ်စမ်း
ဒုက္ခပဲငါတို့ကို တွေ့သွားပြီကွ
ငါတို့ရှိရာကို လက်ညှိုးထိုးပြနေတယ်
ပုန်း ပုန်း
ဟီး ဟီး
နောက်ဆုံးတော့ ငါတို့ကို တွေ့သွားတာပါပဲ


မိနီလေးနဲ့ နတ်သမီးများ
အပူချိန် ၇၀ ဒီဂရီဖာရင်ဟိုက်ထဲမှာတောင် ဦးထုပ်ဆောင်းပြီး လမ်းသွားနိုင်တဲ့သူကိုတွေ့တော့ အံ့သြမိတယ်။
မင်္ဂလာပါ
လူးဝစ်လေးမပါရင် ငါ့ကိုဘယ်သူမှ အဖက်မလုပ်ကြပါလား
ရန်ကုန်မြို့လယ်မှာ မနေ့က ဗုံးတစ်လုံးထပ်ပေါက်ပါသေးတယ်။ ဒါပေမယ့် အသေအပျောက်မရှိပါဘူး။
တက္ကစီ
တောင်းဆိုချက်တွေ၊ ဆန္ဒပြပွဲတွေ ဒီမှာတွေ့ရခဲ့ပါတယ်။ အာဏာရှင်တွေရဲ့ မတရားဖိနှိပ်ချုပ်ချယ်မှုတွေကြောင့် တော်ရုံကိစ္စလောက်နဲ့ ဆန္ဒပြလေ့မရှိပါ။
အရင်အပတ်ကဆို ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်သက်တမ်း ခြောက်လထပ်တိုးခဲ့ပါတယ်။ ဒါပေမယ့် ဒီမှာကြီးကြီးမားမား လှုပ်ရှားမှုမျိုးမတွေ့ရတာ အာဏာရှင်တွေအတွက် အားတက်စရာပါ။
အပြင်ထွက်လာရတဲ့အကြောင်းကတော့ MSF ဟော်လန်အဖွဲ့နဲ့ တွေ့ဖို့ပါ။ သူတို့ရဲ့ကျန်းမာရေး ပရိုဂရမ်တစ်ခုမှာ ကာတွန်းရေးဆွဲပေးဖို့ အကူအညီတောင်းထားတဲ့အတွက်ဖြစ်ပါတယ်။
ဟေ့ မင်းက ကာတွန်းဆရာမဟုတ်လား။ ကလေးတွေအတွက် အကူအညီတစ်ခုလောက်မပေးနိုင်ဘူးလား
ရပါ့တယ် ဘယ်လိုကူညီရမလဲ။
HIV ပိုးရှိတဲ့ကလေးငယ်တွေအတွက် ရည်ရွယ်ပြီးစာအုပ်တစ်အုပ်လုပ်ရပါမယ်။ စာအုပ်ရဲ့အဓိကရည်ရွယ်ချက်ကတော့ တစ်နေ့ကို ဆေးနှစ်ခါသောက်ဖို့ တိုက်တွန်းရေးဖြစ်ပါတယ်။
စာအုပ်လား


ဒီကပြည်တွင်းကာတွန်း ဆရာတွေနဲ့ ပူးပေါင်းပြီး လုပ်ရင် ပိုမကောင်းဘူး လား
ဒီက ကာတွန်းဆရာ တွေနဲ့ လုပ်ဖူးပါတယ်။ အခုအသစ်အဆန်းလေး ဖြစ်သွားချင်လို့ပါ
ဟုတ်ပြီလေ
သူတို့ပါစေချင်တဲ့အချက်အလက်တွေ အကုန်လုံး ကို အရင်ဖတ်ကြည့်ပါတယ်။
ဟုတ်ပြီ
ကလေးတိုင်းကို ရောဂါဘယကင်းဝေးအောင် နတ်သမီးလေးတွေက စောင့်ရှောက် လေ့ရှိပါတယ်။
ဒါပေမယ့် မကောင်းဆိုးရွား HIV ပိုး ကြီးဟာ နတ်သမီးလေးတွေကို လိုက်လံဖမ်းဆီးတတ်ပါတယ်။
HIV
ဒီလိုနဲ့သနားစရာ မိနီလေးခမျာ နေမကောင်းဖြစ်နေပါတယ်။
ဒါကြောင့်ဆရာဝန်ကြီးဟာ မိနီလေးကို ကာကွယ်ဖို့အတွက် ဗလကြီး ART နစ်ယောက်ကို အကူအညီတောင်းရပါ တော့တယ်။
ART
ဗလကြီး ART နစ်ယောက်က မကောင်းဆိုးရွား HIV ကြီးကို ဖမ်းကာ နတ်သမီးလေးတွေကို ပြန်လွှတ်ပေးပါတယ်။
နတ်သမီးလေးတွေရဲ့ စောင့်ရှောက် မှုကြောင့် မိနီလေး ပြန်လည်သန် စွမ်း ကျန်းမာလာပါတော့တယ်။


ဒီကပြည်တွင်းကာတွန်းဆရာတွေနဲ့ ပူးပေါင်းပြီးလုပ်ရင် ပိုမကောင်းဘူးလား
ဒီက ကာတွန်းဆရာတွေနဲ့ လုပ်ဖူးပါတယ်။ အခုအသစ်အဆန်းလေး ဖြစ်သွားချင်လို့ပါ
ဟုတ်ပြီလေ
သူတို့ပါစေချင်တဲ့အချက်အလက်တွေ အကုန်လုံးကို အရင်ဖတ်ကြည့်ပါတယ်။
ဟုတ်ပြီ
ကလေးတိုင်းကို ရောဂါဘယကင်းဝေးအောင် နတ်သမီးလေးတွေက စောင့်ရှောက်လေ့ရှိပါတယ်။
ဒါပေမယ့် မကောင်းဆိုးရွား HIV ပိုးကြီးဟာ နတ်သမီးလေးတွေကို လိုက်လံဖမ်းဆီးတတ်ပါတယ်။
HIV
ဒီလိုနဲ့သနားစရာ မိနီလေးခမျာ နေမကောင်းဖြစ်နေပါတယ်။
ဒါကြောင့်ဆရာဝန်ကြီးဟာ မိနီလေးကို ကာကွယ်ဖို့အတွက် ဗလကြီး ART နှစ်ယောက်ကို အကူအညီတောင်းရပါတော့တယ်။
ART
ART
ART
ART
HIV
ဗလကြီး ART နှစ်ယောက်က မကောင်းဆိုးရွား HIV ကြီးကို ဖမ်းကာ နတ်သမီးလေးတွေကို ပြန်လွှတ်ပေးပါတယ်။
နတ်သမီးလေးတွေရဲ့ စောင့်ရှောက်မှုကြောင့် မိနီလေး ပြန်လည်သန်စွမ်း ကျန်းမာလာပါတော့တယ်။


ဂါဝရစုစည်းမှု
ကျွန်တော်ရဲ့ လက်ကျန်ကျောင်းသားကြီး သုံးယောက်ဟာ သူတို့ရဲ့တိုက်ခန်းကိုလာရောက်သင်ကြားဖို့ ဖိတ်ခေါ်ပါတယ်။
အိမ်ထဲမှာချည်း နေနေရတာကြာလာတဲ့အတွက်အခုလိုအပြင်ထွက်သင်ရတာတစ်မျိုးကောင်းတာပါပဲ။
အွစ်
ဟာ
မိနစ် ၃၀လောက်ပဲ သင်ရပါသေးတယ်။ မီးပျက်သွားပါတော့တယ်။ ဘတ္တရီကလည်း ကွန်ပျူတာဖွင့်လောက်တဲ့အထိ အားမရှိတော့ပေ။
ဒီကနေ့သင်တန်းကိုစောစောစီး နားလိုက်ရပေမယ့် ကျွန်တော်တို့မှာတခြားအစီအစဉ် ရှိပါသေးတယ်။
မင်းရော လိုက်မှာလား
ကောင်းတာပေါ့
လှေကားအဆင်း သတိထား
သူ့သမီးက လှေကားတစ်ကွေ့စာ မီးထိုးပြပေမယ့် ကျန်လှေကားတွေကို အမှောင်ထဲမှာပဲ စမ်းတဝါးဝါးဆင်းခဲ့ရပါတယ်။
ကျေးဇူး


ဟော့ဘာမှ
မမြင်ရဘူး
လှေကားထစ်
ရှစ်ထစ်ရှိတယ်။
သေချာရေပြီး
ဖြည်းဖြည်းဆင်း
အိုကေရပြီ
အောက်ဆုံး
အလွှာရောက်ရင်
ကိုးထစ်နော် သတိ
ထား...
အို၊ တိုက်ဇီသုကာ
ပညာရှင်ရဲ့ မှားယွင်း
မှုလား
မဟုတ်ဘူး။ ဒါ ဗမာ့ရိုးရာ
လေ။ အောက်ဆုံးလှေကားက
ဘယ်တော့မဆို မဂဏန်းပဲ
ဖြစ်ရမယ်။
ဟင်
၈ ပြီးတော့ ၉
အဟုတ်ပဲ
တော်တော်ထူး
ဆန်းတဲ့နိုင်ငံပဲ
ကားက
ဟိုမှာ
တစ်နှစ်မှာတစ်ကြိမ် ဗမာကာတွန်းဆရာများဟာ စု
စည်းတွေ့ဆုံလေ့ရှိပါတယ်။ကျွန်တော်ထင်ထားတာက
ကာတွန်းဆရာတချို့ကပြုလုပ်တဲ့ စုပေါင်းကန်တော့
ပွဲလေးလို့ ထင်ထားတာပါ။
တကယ်တန်းကျတော့ရန်ကုန်မှာရှိသမျှကာတွန်းဆရာ
အကုန်လုံးနီးပါး စည်းစည်းလုံးလုံးတွေ့ခွင့်ရခဲ့ပါတယ်။
ကာတွန်းဆရာပေါင်း ၁၅၀ လောက်တောင်ရှိမလားပဲ။


လူငယ်ကာတွန်းပညာရှင်တချို့နဲ့လည်း နိုင်ငံတကာ ကာတွန်းလောကတွေအကြောင်း ဆွေးနွေးခဲ့နိုင်ပါတယ်။
သူတို့ထဲကတစ်ယောက်ကို ကျွန်တော့်စာအုပ်မှာ ပူးပေါင်းပါဝင်ဖို့ ပြောခဲ့ပါသေးတယ်။ သူ့ဇာတိက ပုဂံမြို့ကဖြစ်ပြီး၊ ပုဂံဆိုတာ နိုင်ငံတကာ ခရီးသွားတွေကိုဆွဲဆောင်မှုအရှိဆုံး ရှေးဟောင်းမြို့တော်ကြီးပါ။
၁၉၉၀ မေလထဲက တစ်ရက်မှာ ရှေးဟောင်းမြို့ထဲက ရွာသားတွေကိုပုဂံမြို့သစ်ကိုပြောင်းဖို့ အမိန့်ထုတ်ခဲ့ပါတယ်။
ပထမဆုံးအနေနဲ့ လျှပ်စစ်တွေဖြတ်တောက်ခဲ့ပြီး ထို့နောက်မှာတော့ ရေဖြတ်တောက်ခဲ့ကာ နောက်ဆုံးမှာတော့ ဘူဒိုဇာနဲ့ထိုးပြီး ကလော်ထုတ်ခဲ့ပါတယ်။
ထိုအဖြစ်အပျက်ကို ကိုယ်တွေ့ကြုံခဲ့သူတစ်ယောက်အနေနဲ့ သူ့ကိုကာတွန်းဆွဲဖို့ တိုက်တွန်းခဲ့တာပါ။
အဲဒီတုန်းကတော့ ဆွဲပေးမယ် ပြောပေမယ့်ကျွန်တော်နဲ့အဆက်အသွယ် လုံးဝထပ်မလုပ်တော့ပေ။
ဆယ်ကျော်သက်အကြိုက်ရုပ်ပြဆွဲသူတချို့နဲ့လည်း တွေ့ခဲ့ရပါတယ်။



စည်ကားလှတဲ့ သက်ကြီးပူဇော်ပွဲမှာ ဆရာသုံးယောက်က သူတို့စာအုပ်တွေကို လက်မှတ်ထိုးပေးနေပါတယ်။
သူတို့ရဲ့ကာယ်ရေကာယ်ချားပုံတွေကိုလည်း ချိတ်ဆွဲထားပါတယ်။
လူငယ်ပညာရှင်တချို့ကပုံတူကာတွန်းတွေဆွဲပေးနေပါတယ်။ ဒီပတ်ဝန်းကျင်လေးဟာချက်ချင်းဆိုသလို ကျွန်တော်နဲ့အကျွမ်းဝင်သွားပါတော့တယ်။
ဒီနေ့ပွဲကြီးကို ဦးဆောင်ကျင်းပတဲ့ဆရာကြီးနဲ့တွေ့ဆုံခွင့်ရခဲ့ပါတယ်။ ထိုဆရာကြီးကအိပ်ရာထဲမှာလဲ့နေရပြီး သူ့ဘေးမှာ တွန်းလှည်းတစ်ခုရှိပါတယ်။
တွေ့ရတာ ဝမ်းသာပါတယ်။
ထိုဆရာကြီးက အင်္ဂလိပ်လို ကျွမ်းကျင်စွာပြောနိုင်သလို သူ့နိုင်ငံရဲ့ မပြည့်စုံမှုများအတွက် ကျွန်တော့်ကို တောင်းပန်နေပါတယ်။
ဆရာကြီးရဲ့ တောင်းပန်စကားကိုကြားရတော့ တော်တော်စိတ်မကောင်း ဖြစ်မိပါတယ်။
ဟူး



ဂါရဝပြုခါနီးအချိန်မှာတော့အခန်းထဲကနေ လက်တွန်းလှည်းလေးနဲ့ထွက်လာကာ အခြားသော ကန်တော့ခံဆရာကြီးနှစ်ဦးရဲ့ အလယ်မှာ နေရာယူလိုက်ပါတယ်။
ဂါဝရစကားအနည်းငယ်ပြောဆိုပြီး စာအိတ်နဲ့ကန်တော့ငွေတချို့ကို ဆရာကြီးများရှေ့မှာချထားလိုက်ကြပါတယ်။
တော်တော်ထူးဆန်းတာတစ်ခုရှိပါသေးတယ်။ လူငယ်များက ဂါဝရမပြုရခင်မှာပဲထိုင်ခုံမှာ ထိုင်နေတဲ့ဆရာကြီးတစ်ယောက်ဟာ ခုံပေါ်က ဆင်းပြီး လက်တွန်းလှည်းပေါ်က ဆရာကြီးကို ကန်တော့ပါတယ်။
ကန်တော့ပွဲကပြန်အထွက်မှာ ကျွန်တော့်သင်တန်းသားတချို့က တစ်ခုခုကို ပြောချင်နေပုံရပေမယ့် ပြောမထွက်တဲ့ပုံဖြစ်နေပါတယ်။
သူတို့ပုံကိုကြည့်ရတာ ဒီပွဲမှာပဲ ဆက်နေချင်ပုံရပေမယ့် ကျွန်တော့်ကိုပြန်မပို့ဘဲ ဒီအတိုင်း လွှတ်လိုက်ရမှာ အားနာနေပုံရပါတယ်။
သူတို့ကို စိတ်အနှောင့်အယှက် မဖြစ်စေလိုတာနဲ့ ကိုယ့်ဘာသာကိုယ် ကားငှားပြန်မယ်ပြောပေမယ့် သူတို့ကလက်မခံပေ။
နောက်ဆုံးတော့ ကားခကိုသူတို့ အကုန်ခံရမှ ပြန်ရမယ်ဆိုပြီး သဘောတူလိုက်ရပါတယ်။
ဟူး



တနင်္ဂနွေအားလပ်ရက်
ဒီတစ်ပတ်တနင်္ဂနွေကတော့ အနံ့တသင်းသင်းနဲ့ တနင်္ဂနွေလို့ပဲဆိုရပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ ပိတ်ရက်နှစ်ရက်စာ စားသောက်ပြီး စုပုံထားတဲ့ စားကြွင်းစားကျန်တွေဟာ ပြင်ပအပူချိန်ကြောင့် အနံ့လှိုင်လှိုင် ထလာပါတော့တယ်။
ဒါနဲ့ရုပ်ရှင်ထိုင်ကြည့်မနေနိုင်တော့ဘဲ နောက်ဖေး ခန်းကို သန့်ရှင်းရေးဝင်လုပ်ရပါတယ်။ အိမ်အကူ မိန်းမကြီး တနင်္လာနေ့ရောက်လာရင် ဘာမှလုပ် စရာမကျန်လောက်အောင်ကိုရှင်းလင်းပစ်ခဲ့တယ်။
တနင်္ဂနွေနေ့ပါ အလုပ်ဆင်းပေးဖို့ အိမ်အကူ မိန်းမကြီးကို ညှိနှိုင်းဖူးပါသေးတယ်။
အချိန်ပိုကြေးပေး မယ်လို့လည်းပြောပါ သေးတယ်ဗျာ
ဒါပေ မယ့်
တနင်္ဂနွေနေ့လို ပိတ်ရက်မျိုးကို အလုပ်မဆင်း ချင်ရင် ငြင်းဆိုခွင့်ရှိကြောင်းကျွန်တော်သိပါတယ်။
သူလည်း သူ့ကလေးတွေ အတွက် တစ်ရက်လောက်တော့ အချိန်ပေးချင်မှာပေါ့လေ
တနင်္ဂနွေဟာ ကျွန်တော်ရဲ့တစ်ရက်တည်းသော အကျီ မဝတ်ဘဲ အိမ်ထဲမှာ လွတ်လွတ်လပ်လပ် နေခွင့်ရှိတဲ့ နေ့ပါပဲ။ အမှန်တကယ်တော့ စိတ်လွတ်ကိုယ်လွတ် ကိုယ်လုံးတီးနေပစ်လိုက်ချင်ပေမယ့်ခြံစောင့်မောင်အေး က မကြာခဏ မေးခွန်းတွေလာမေးလေ့ရှိတဲ့အတွက် နေချင်သလို နေလို့မရပေ။



တချို့လူတွေအတွက် အခုလိုမေးခွန်းတွေလာမေးတာ ပြဿနာ ဟုတ်ချင်မှဟုတ်ပါလိမ့်မယ်။ ကျွန်တော်အတွက်တော့ စိတ်အနှောင့်အယှက်များစွာဖြစ်ရပါတယ်။ အလုပ်ရှင်တစ်ယောက် အနေနဲ့ အခုလိုမေးခွန်းတွေ မကြာခဏလာမမေးဖို့ အမိန့်ပေးပိုင်ခွင့်ရှိပေမယ့် ပြောမထွက်ခဲ့ပါဘူး။
အင်း
ဒေါက်
ဒေါက်
ကဲ… ကဲ ဘာမေးမှာလဲ လာမေးပေ့
မောင်အေးက ကျွန်တော်မြင်နေကျ MSF တီရှပ်အကျႌ ဟောင်းလေးနဲ့မဟုတ်ဘဲ ရှပ်အကျႌအဖြူနဲ့ သားသားနားနား ဝတ်ဆင်ထားပါတယ်။ ကွမ်းကြေးတွေနဲ့ အစဉ်မည်းတူးနေတဲ့သူ့သွားတွေကိုလည်း ဖြူဖွေးပြောင်လက်နေအောင် တိုက်ထားပါသေးတယ်။
သွားတိုက်တံ ဘယ်နှချောင်းလောက် ကုန်သွားပါလိမ့်
သူက ကျွန်တော့်ကို ဓာတ်ပုံတစ်ပုံပြပါတယ်။ ဓာတ်ပုံက ကောင်မလေးတစ်ယောက်နဲ့သူနဲ့ တွဲရိုက်ထားတဲ့ပုံပါ။ ကြည့်ရတာသူ့ရည်းစားကို လာကြွားပုံရပါတယ်။
ဩော်… အင်း ကောင်မလေးက ချောသားပဲ
ကြည့်လက်စ ရုပ်ရှင်တောင်
ဘယ်ရောက် သွားပါလိမ့်
ဒီနိုင်ငံမှာ ကျွန်တော်တို့နေချင်သေးတယ်ဆိုရင် နောက်ထပ်ခြောက်လနေနိုင်သေးကြောင်းကျွန်တော့်မိန်းမပြန်ရောက်လာတော့ ပြောပါတယ်။
အင်း အဲ
နောက်ထပ် ခြောက်လထပ်ပေါင်း တော့တစ်နှစ်ကြီး တောင်မှပေါ့



ဆွစ်ဇာလန်မှ လာရောက်ရိုက်ကူးထားတဲ့ ကရင်နယ်စပ်ဒေသအကြောင်း မှတ်တမ်းရုပ်ရှင်လေးကို တီဗီမှာလာနေတာတွေ့တာနဲ့ ကြည့်လိုက်မိတယ်
အို
နိုင်ငံတကာထောက်ပံ့ရေးအဖွဲ့များဟာ ထိုင်းနိုင်ငံကနေ တစ်ဆင့် ကရင်လူမျိုးများကို ကူညီထောက်ပံ့လေ့ရှိပါတယ်။ ထိုင်းနိုင်ငံကို လျှပ်စစ်ထောက်ပံ့ပေးမယ့် ဆည်ကြီးတွေ မြန်မာပြည်မှာတည်ဆောက်ဖို့ သဘောတူပြီးတဲ့နောက်မှာတော့ နိုင်ငံတကာအထောက်အပံ့ လမ်းကြောင်းများကို ထိုင်းအစိုးရကပါ ပိတ်ပင်လိုက်ပါတယ်။
တီဗီထဲမှာလာနေတဲ့ဟာတွေ အကုန်လုံးဟာငါ့လက်တစ်ကမ်းမှာဖြစ်နေတဲ့ အဖြစ်အပျက်တွေပါလား
ပိန်ပိန်ပါးပါးကလေးငယ်များ၊ နာမကျန်းသက်ကြီးရွယ်အိုများ၊ မီးလောင်ပြာကျနေတဲ့ရွာများ၊ အားလုံးအားလုံးဟာ အခုကျွန်တော်နေထိုင်နေတဲ့နိုင်ငံလေးထဲက ပြည်သူတွေပါပဲ။
တကယ်တော့ ဒီလိုဒုက္ခသည်တွေကို MSF အဖွဲ့က မရမကသွားရောက်ပြီးကူညီရမှာ
အင်း...အခုတော့ ဒုက္ခသည်တွေကိုထားခဲ့ပြီးထွက်ခွာရတော့မယ်တဲ့။


ဘန်ကောက်
GUEST HOUSE
ဝယ်ရန်
လူးဝစ်လေးအတွက်
မုန့်
အာဆစ်အတွက်
စီဒီကူးစက်



COMPUTER WORLD
CD BURNERS
KID PLAZA
TWO YEARS
ONE YEAR
ALIEN VS PREDATOR
B5



?
ALIEN VS PREDATOR
TAXI
15


FOOT MASSAGE
CLINIC
HOSPITAL
-CLINIC-
SEX CHANGE. 1625$
TUMMY TUCK. 1250$
EYELID
SURGERY... 200$
HIV TEST... 20$
MUSIC PLANET
CD 1$
NEW RELEASES


FOOT
MASSAGE
MYANMAR
THAiLAND
BANKOK
STAR
iNTERNET


ဗမာပြည်မှ စွန့်စားခန်းများ
(၄)
ဒီနိုင်ငံကနေ MSF အဖွဲ့ ထွက်ခွာတော့မယ်ဆိုတဲ့
တရားဝင်သတင်းထုတ်ပြန်ပြီးကတည်းက MSF က
ဝန်ထမ်းအားလုံးရဲ့ စိတ်ဓာတ်တွေအကြီးအကျယ်
ကျဆင်းကုန်ပါ တယ်။
24A
ပြည်တွင်းဝန်ထမ်းတချို့ဟာစောစောစီးစီးအလုပ်
ထွက်သွားသလို ပြည်ပမှဝန်ထမ်းများဟာလည်း
အချိန်ပြည့်ခရီးထွက်နေရတဲ့အတွက် ရန်ကုန်ရုံး
ချုပ်မှာ လူမရှိဘဲခြောက်သွေ့နေပါတယ်။
ကျွန်တော့်မိန်းမကပဲ အောက်ခြေသိမ်း အကုန်
လိုက်လုပ်နေရတဲ့အတွက် လုံးဝကိုမအားလပ်နိုင်
အောင် ဖြစ်နေရပါ
တယ်။
ဟုတ်ကဲ့ ရှင်တို့ကုမ္ပဏီက
ကြော်ငြာထားတဲ့လုံခြုံရေးဝန်ထမ်း
ဆိုတာလေ ရနိုင်ဦးမလားရှင်
တစ်နေကုန်ရုံးထဲကနေ ရုံးပြင်မထွက်နိုင်ပါဘူး။
ရလဒ်ကတော့ ကားကို ကိုယ်တိုင်မောင်းရပါ
တော့တယ်။
ဒီနိုင်ငံရဲ့ လက်ယာကပ်မောင်းစည်းကို အကျွမ်း
မဝင်တာကြောင့် တစ်ခါမှကားမမောင်းဖူးခဲ့ပေ။


ညာမောင်းကားအများစုရှိတဲ့ ဒီနိုင်ငံမျိုးမှာ လက်ယာကပ်မောင်းစနစ်ကို လက်ခံကျင့်သုံးနေတာ အတော် အံ့သြစရာပါပဲ။ စတီယာတိုင်ကလည်း ညာဘက်၊ ကားကိုလည်း ညာဘက်ကပ်မောင်းဆိုတော့ ညာနှစ်ခါ ထပ်နေသလို ဖြစ်မနေဘူးလား။
ဗြိတိသျှကိုလိုနီခေတ်ရဲ့ လက်စလက်န မကျန်အောင်ဆိုပြီး ဦးနေဝင်းက လက်ဝဲမောင်းစနစ်ကနေ လက်ယာမောင်းစနစ်ကို ရုတ်ချည်းကြေညာခဲ့ပါတယ်။
မော်တော်ယာဥ်အရေအတွက် သိပ်မရှိသေးတဲ့ ၁၉၆၁ ခုနှစ်မှာတော့အဲဒီလိုပြောင်းလိုက်ခြင်းဟာ ပြဿနာကြီးကြီးမားမားရှိမှာ မဟုတ်ပါဘူး။
ဂျပန်ပြည်က ကားဟောင်းများကိုသာအဓိကတင်သွင်းတာကြောင့် ဒီမှာရှိတဲ့ကားအကုန်လုံးနီးပါးဟာ လက်ယာမောင်းကားတွေပဲဖြစ်နေပါတယ်။
ရှေ့မှာ ကွယ်နေတဲ့ကားကိုကျော်တက်ဖို့ရာ တကယ့်ကို စွန့်စားခန်းကြီးတစ်ခုပါပဲ။


လက်ယာကပ်မောင်းစနစ်ရဲ့ အကျိုးဆက်တွေအနေနဲ့ဘတ်(စ်)ကား
တွေရဲ့ဘယ်ဘက်တံခါးကိုအသေပြန်ပိတ်ထားရတာကိုတွေ့ရပါတယ်
ထို့အတူ ကားတစ်စီးကိုကျော်တက်ဖို့ အရေး ကားစပယ်ယာက ဘေးကနေ လမ်းရှင်းမရှင်းအော်ဟစ်သတိပေးနေ ရတာကိုလည်းတွေ့ရပါတယ်။
ဒီနိုင်ငံရဲ့ လမ်းကူးတဲ့စနစ်ကလည်း ရှင်းပါတယ်။ ကူးချင်တဲ့နေရာက နေ ကူးချင်သလိုကူးခွင့်ရှိတယ်။ သတိတစ်ချက်လွတ်သွားလို့ လူ တစ်ယောက်ကို သေအောင်တိုက်မိရင်တော့ ထောင်ထဲကိုသွားရဖို့ သေချာပါတယ်။
ကျွန်တော့်မိတ်ဆွေ နိုင်ငံခြားသားတစ် ယောက်လည်း ထိုကဲ့သို့အဖြစ်အပျက် မျိုးကြုံခဲ့ဖူးပါတယ်။ သက်ဆိုင်ရာ သံ ရုံးကနေ ကြိုးစားပမ်းစားလိုက်လိုက် တော့မှ ပြည်နှင်ဒဏ်လောက်နဲ့အဆုံး သတ်သွားပါတယ်။
ဒါပေမယ့် သံယာတစ်ပါးပါးကိုသာ တိုက်မိရင် တော့ သံခင်းတမန်ခင်းနဲ့လည်း ကယ်လို့ရမှာ မဟုတ်ပါဘူး။
ဒါကြောင့် ပြောတာပါ။ ဒီနိုင်ငံမှာကားမောင်းရတာ မဟာစွန့်စားခန်းကြီးပါလို့။


ကားကိုအခုလိုဂရုစိုက်မောင်းနေရတာအကြောင်းရှိပါတယ်။ ထိုင်ခုံခါးပတ်လည်းမပတ်ရတော့ကားမောင်းရတာ မလုံခြုံသလို ခံစားရပါတယ်။
ကဲ သွားမယ်
ထိုင်ခုံ ခါးပတ်ဖြုတ်ဦးမှ
ဘာဖြစ်လို့ထိုင်ခုံခါးပတ်ဖြုတ်ရသလဲဆိုတော့
ဟေ့၊ ငါတို့လမ်းကြားလေးထဲကိုတက္ကစီတွေအလာနည်းသွားတာ သတိထားမိလား။ ကားတစ်စီးငှားဖို့အရေးနေပူထဲမှာ အကြာကြီးစောင့်နေရတယ်။
ဟုတ်တယ်လေ၊ အခုဒေါ်အောင်ဆန်းစုကြည် အိမ်ရှေ့ကလမ်းကို ပြန်ဖွင့်လိုက်တော့ ဒီလမ်းကြားထဲကို ကားတွေမလာတော့ဘူးပေါ့
ဒါဆို ဒေါ်စုခြံရှေ့ကနေ ဘယ်သူမဆိုဖြတ်ခွင့်ရှိသွားပြီပေါ့ ဟုတ်လား
အင်း ဒါပေမယ့် ကားတွေကိုပဲပေးဖြတ်တာ၊ စစ်သားတွေတော့ ရှိတုန်းပဲလေ
နိုင်ငံခြားသားဆိုရင်တော့တစ်ခါတလေတားပြီးစစ်တယ်။ ကြားတာတော့ ထိုင်ခုံခါးပတ်ပတ်ထားတဲ့နိုင်ငံခြားသားတွေဆိုရင် ပေးမဖြတ်ဘူးလို့ ကြားတာပဲ။ ဒီမှာက ဘယ်သူမှ ထိုင်ခုံခါးပတ် မပတ်ကြဘူးလေ။
ဟာ ဒီမှာ နို့တွေကုန်နေပြီ သွားဝယ်ဦးမှ ငါ့ကိုကားသော့ပေးစမ်း
ဝါးကပ်
ဟင် ဒါပဲလား
NLD အလံ ဟောင်း
သစ်ပင်တွေနဲ့ ကွယ်နေတာ ဘာမှလည်းမမြင်ရပါလား
ကျွတ်
ဒေါ်စုရေ ဒီမှာ ငါရောက်နေပြီဟေ့







MSF ဆေးခန်းများရှိတဲ့ နယ်စွန်နယ်ဖျားဒေသများကို တရားဝင် ခရီးသွားခွင့်ပြုချက်က အခုထိမရသေးပေ။ ဒါကြောင့် ကျွန်တော့်တို့ဟာ မော်လမြိုင်မြို့ထိပဲသွားခွင့်ရှိပြီး နယ်စွန်နယ်ဖျားများကို သွားဖို့အတွက်တော့ မီးစင်ကြည့်ကရမယ်လို့ ဆိုပါတယ်။










ကားပျက်သွားတဲ့အတွက် ကားပြင်ပြီးတဲ့အထိ ထိုင်စောင့်နေရပါတယ်။ ကားကပြင်ရင်းပြင်ရင်းနဲ့ ပြန်ကောင်းမယ့်ပုံ မပေါ်တော့ပါဘူး။ လမ်းကြုံဘတ်(စ်)ကားတစ်စီးနဲ့ ခရီးဆက်ဖို့ပြောပါတယ်။
ကျွန်တော်မိန်းမနဲ့ အာဆစ်တို့ရဲ့ အသားအရောက မြို့ခံလူတွေနဲ့ သိပ်မကွာတဲ့အတွက် သူတို့ကို ဗမာလိုတွေပြောနေကြပါတယ်။ သူတို့ကလည်း နားလည်သလိုဟန်လုပ်ကာ အထုပ်အပိုးများ ပြောင်းရွှေ့နေကြတယ်။
ဒါပေမယ့် ကျွန်တော့်ပုံကတော့နိုင်ငံခြားသားမှန်းသိသာလွန်းတဲ့အတွက်အင်္ဂလိပ်လိုကြိုးစားပမ်းစားပြောကြပါတယ်။
လာ ခင်ဗျားသွားချင်တဲ့နေရာကို ပို့ပေးမယ်
အို ဟုတ်ကဲ့ ကျေးဇူးပါပဲဗျာ
ဟင်
ဘိန်းဖြူနဲ့ ဆေးထိုးအပ်ကတော့ ဟုတ်ပါပြီ။ စီးကရက်ကြတော့ ဘာဆိုင်လို့တုန်း။ ဆေးလိပ်ထဲကိုဘိန်းဖြူထည့်သောက်လို့မှ မရတာ
ကားဂိတ်ကိုရောက်တဲ့အခါ MSF အဖွဲ့ကားနဲ့ကျွန်တော်တို့ကို လာကြိုကြပါတယ်။မှုဒုံကိုခရီးဆက်ခဲ့ပါသေးတယ်။
မုဒုံက MSF ရုံးစိုက်ရာအိမ်ကြီးကတော့အရင်တစ်ခေါက်နဲ့ များစွာကွာခြားကာ ခြောက်ကပ်တိတ်ဆိတ်လို့နေပါတယ်။ နိုင်ငံခြားသားဝန်ထမ်းအနည်းငယ်သာ ကျန်ပါတော့တယ်။ သူတို့အားလုံးလည်း မကြာခင်မှာ ဒီနိုင်ငံကို စွန့်ခွာသွားကြတော့ မှာပါ။


ကျွန်တော်နဲ့ ကျွန်တော့်မိန်းမတို့ဆေးခန်းတွေကို လှည့်လည်ကြရချိန်မှာ အာဆစ်ကတော့ ရုံးချုပ်မှာပဲ ကျန်ခဲ့ပါတယ်။
မျက်စိတစ်ဆုံး ရှည်လျားကျယ်ပြန့်တဲ့ စပါးစိုက်ခင်းများကို ဖြတ်သန်းခဲ့ပါတယ်။
သဘာဝလွှန်ရုပ်ရှင်တွေထဲက သစ်ပင်လိုမျိုးတွေလည်းတွေ့ခဲ့ပါတယ်။
နောက်ထပ် မျက်စိတဆုံးရှည်လျားကျယ်ပြန့်တဲ့ရာဘာတောကြီးတွေကြားထဲကလည်း ဖြတ်သန်းခဲ့ရပါတယ်။
ဒီက စိုက်ပျိုးရေးအလုပ်သမားတွေက ညဥ့်နက်သန်းခေါင်ထိ အလုပ်လုပ်ကြရတယ်လေ။ ငှက်ဖျားခြင်တွေအတွက် အကြိုက်ပေါ့
အဲ့သလိုလား


ဒါကတော့ ဆေးခန်းရဲ့ ဖွဲ့စည်းပုံလေ။ ဆေးကုဖို့ သီးသန့်တစ်ခန်းရှိသေးတယ်။
ဆေးခန်းတစ်ခုစီအတိုင်းမှာ MSF ကနေပြီးဓာတ်ခွဲခန်း မှူးတစ်ယောက်စီသင်တန်းပေးထားတယ်။
မင်္ဂလာပါ
မင်္ဂလာပါ
လူနာတစ်ယောက်ရဲ့ သွေးနမူနာ ယူကာ ဖန်ပြားလေးပေါ်တင် လိုက်ပါတယ်။
ထိုနောက်မှာတော့ ဓာတ်ခွဲခန်းသုံး မှန်ပြောင်းကနေတစ်ဆင့် ငှက်ဖျား ရောဂါပိုးရဲ့ လက်ရှိအခြေအနေကို အကဲဖြတ်ရပါတယ်။
ငှက်ဖျားရောဂါရဲ့လက်ရှိအနေအ ထားကိုသိပြီးမှသာ ဘယ်လို ကု သမှုတွေပေးရမယ်လို့ ဆုံးဖြတ်ရ ပါတယ်။
ငှက်ဖျားပိုးတော်တော်များများကို နိုင်နိုင်နင်းနင်း ကုသနိုင်ပေမယ့် တချို့ငှက်ဖျားကြတော့လည်းဆေး မတိုးတော့ဘဲ သေသွားရတဲ့လူနာတွေရှိတယ်။
ဆေးတွေကရော အလကားပေးတာလား
အင်း ဆေးတင်မကဘူး ကုသ မှုအကုန်လုံးအတွက် ပိုက်ဆံတစ် ပြားမှပေးစရာမလိုဘူး။ ဒါတောင် လမ်းစရိတ်မရှိလို့ လာမကုနိုင် လူနာတွေ အများကြီး ရှိသေးတယ်။


ကျွန်တော်အခုသွားနေတဲ့နောက်ဆေးခန်းတစ်ခုက နိုင်ငံခြားသားဧည့်သည်သွားတွေခွင့်မရှိတဲ့ဒေသထဲမှာပါ။
အဲဒီဒေသဟာ အာဏာရှင်တွေရဲ့ ရက်စက်ယုတ်မာမှုအများဆုံး ဖြစ်ပွားရာဒေသလည်းဖြစ်ပါတယ်။
ကမ္ဘာပေါ်မှာ မြန်မာအာဏာရှင်စနစ်ရဲ့ အဆိုးရွားဆုံးပြယုဂ်ဒေသဖြစ်တဲ့အတွက်နိုင်ငံခြားသားတွေကို ဝင်ခွင့်မပေးတာ ဖြစ်နိုင်ပါတယ်။
တင်းကျပ်လှတဲ့ လုံခြုံရေးဂိတ်များကို ဖြတ်သန်းပြီးမှ ဝင်ခွင့်ရမှာပါ။
ဝင်ခွင့်ရပါပြီ။ အခုဆိုရင် ကျွန်တော်ဟာ ကန့်သတ်ဧရိယာထဲကို ဝင်ခဲ့နိုင်ပါပြီ။
စွန့်စားမှုတွေဆီကိုယ်လာပြီဟော့
တကယ်ကို ရင်ခုန်စရာပဲ
ဂျိုးဆက်ရေ မင်းရောက်ခဲ့တဲ့ဒေသကို ငါရောက်နေပြီ


ဒုတိယမြောက်ဆေးခန်းကိုဆိုက်ဆိုက်မြိုက်မြိုက်ရောက်ခဲ့ပါတယ်။
ဟော့ . . . ဟိုမှာတုန်ချိချိ အဘွားကြီးတစ်ယောက်ပါလား။ သူ့တစ်ဘဝလုံးကုန်သတ်ရေးယာထဲမှာပဲ အချိန်ကုန်ခဲ့ရတာလားမသိ။
လူနာစမ်းသပ်တဲ့ ခုံကိုမြင်ရတော့ ဂျပန်ခေတ်ထဲ ပြန်ရောက်သွားသလို ခံစားရပါတယ်။
တခြားဆေးခန်းတွေကို သွားကြည့်ချင်သေးပေမယ့် ဒီကနေ့အတွက်တော့ အချိန်မကျန်တော့ပါဘူး။ ဒါကြောင့် တရားဝင်နေခွင့်ရှိတဲ့ ဒေသကိုပဲ ပြန်လှည့်ခဲ့ရပါတယ်။
အချိန်ကုန်တာမြန်လိုက်တာ
ဒါပေမယ့် လမ်းကရွာတစ်ရွာကို ဝင်ခဲ့ပါသေးတယ်။ MSF က ဝန်ထမ်းတစ်ဦးရဲ့ဖခင်အသုဘရှိတဲ့အတွက် ဝင်ရောက်ပြီး ဝမ်းနည်းစကားပြောဖို့အတွက်ပါ။
ကျွန်တော်တို့ကို အိမ်ထဲကို ဝင်ထိုင်ဖို့ဖိတ်ခေါ်ပါတယ်။
အို . . . အခုမှပဲ ဒီအရွက်ခြောက်တွေကို ဘယ်လိုအမိုးမိုးလည်းဆိုတာ သဘောပေါက်တော့တယ်


မြန်မာပြည်သူတွေရဲ့ သက်တမ်းက သိပ်မရှည်ပါဘူး။ ပျမ်းမျှ နှစ်၆၀ လောက်ပဲရှိပါတယ်။
အသုဘအတွက် ကူငွေတချို့ကို စာအိတ်ထဲ ထည့်ပေးပြီး ကျွန်တော်တို့ရဲ့ အပြန်ခရီးကို ဆက်ခဲ့ကြပါတယ်။
MSF ပြင်သစ်အဖွဲ့ရဲ့ ဆောင်ရွက်ချက်များကို မျက်မြင်တွေ့ရတဲ့အခါ များစွာပီတိဖြစ်မိပါတယ်။
နောက်တစ်နေ့ မပြန်ခင်တစ်နေ့လုံး ကိုမော်လမြိုင်မြို့ထဲမှာလျှောက်လည်ရင်းကုန်ဆုံးသွားပါတော့တယ်။
ညအပြန်ခရီးကတော့ ငရဲအလားပါပဲ။ ကျွန်တော်အနောက်ကလူက ကွမ်းစားပြီး ကျွတ်ကျွတ်အိတ်ထဲကိုတပြစ်ပြစ်ထွေးထည့်နေပါတယ်။ သူမှာ ကူးစက်ရောဂါမရှိဖို့ပဲ ဆုတောင်းမိပါတယ်။
ဒီလောက်နဲ့တင်မပြီးသေးပါဘူး။ ခရီးသည်တစ်ယောက်ယောက်က ဒူးရင်းသီးကို ကားပေါ်သယ်လာပုံရပါတယ်။ ကားတစ်စီးလုံး ဒူးရင်းသီးအနံ့တွေနဲ့ မွှေးနောက်နေပါတယ်။ လေယာဉ်ပျံတွေလိုပဲ ကားတွေပေါ်မှာလည်း ဒူးရင်းသီးတွေ ပေးမသယ်သင့်ပါဘူး။
ဦးထုပ်ဘယ်မှာ ကျန်ခဲ့ပါလိမ့်



စကားဝိုင်း
ဒီနိုင်ငံကနေထွက်ဖို့ ဆုံးဖြတ်လိုက်တဲ့ MSF အဖွဲ့ရဲ့ ဆုံးဖြတ်ချက်ကို ငါနားလည်နိုင်ဘူး။
မင်းတို့ဆေးခန်းတွေမှာ တစ်လကိုလူနာတစ်ထောင်ကျော် ဆေးကုပေးနေတယ်မဟုတ်လား။ မင်းတို့ဆေးခန်းတွေမရှိတော့ အဲဒီလူနာတွေကို ဘယ်သူဆေးကုပေးတော့မှာလဲ
တစ်လကို လူနာတစ်ထောင်ကျော် ကုသပေးနေတယ်ဆိုတာ မှန်ပေမယ့် ငါတို့သွားချင်နေတဲ့ ပန်းတိုင်ကိုတော့ မရောက်သေးဘူး။
အခုဒီမှာ ဆေးကုနေတာ နှစ်နှစ်ရှိပြီ။ အစိုးရက ငါတို့ကို မှုံ့တစ်ဝိုက်ထက် ပိုပြီး တခြားနေရာတွေမှာ ဆေးကုခွင့် မပေးဘူး။
တကယ်တော့ မှုံ့ဆိုတာ တကယ်ကို ဆိုးဆိုးရွားရွား အကူအညီလိုနေတဲ့ နေရာ မဟုတ်ဘူး
နောက်ပြီး မှုံ့မှာ အစိုးရရဲ့ကျန်းမာရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားတဲ့ ပြည်သူ့ဆေးပေးခန်းတွေလည်း ရှိတယ်လေ။


MSF အဖွဲ့ရဲ့ အဓိကပန်းတိုင်က ထိုင်းမြန်မာနယ်စပ်က တောင်ပေါ် ကရင်တွေကို အကူအညီထောက် ပံ့ပေးချင်တာ
အစိုးရကဝေ့လည်ကြောင်ပတ်လုပ်ပြီး နစ်နစ်လုံးလုံး နယ်စပ်ဒေသ တွေကို တရားဝင်ပေးမသွားခဲ့ဘူး
အနှစ်ချုပ်ကြည့်လိုက်တော့ ငါတို့ရဲ့ ပန်းတိုင်က အတော်ဝေဝါးနေတာကို တွေ့ရတယ်။
သူတို့ဆေးခန်းဖွင့်စေချင်တဲ့နေရာမှာပဲ ငါတို့က လိုက်ဖွင့်နေရမယ်ဆိုရင်တော့ သဘာဝမကျဘူး ငါတို့က ဒီအစိုးရကိုကူညီချင်တာမဟုတ်ဘူး
ဒုက္ခသည်တွေကို ကူညီချင်တာလေ
ဒါကြောင့်ပဲ ဒီနိုင်ငံက ထွက်ဖို့ ဆုံးဖြတ်လိုက်တာ
ဒါဆို တခြား NGO တွေက ရော ဘာလို့ ဒီမှာအလုပ် လုပ်နေကြတာလဲ


တချို့ NGO တွေကျတော့လည်း ဒီနိုင်ငံမှ မကူညီရင် တခြားသွားစရာ မရှိကြဘူး။
ဗမာနိုင်ငံတစ်နိုင်ငံတည်းအတွက် ဖွဲ့စည်းထားတာဆိုတော့ ဒီက ထွက်လို့ ဘယ်ဖြစ်မလဲ။
တချို့အဖွဲ့အစည်းတွေကျပြန်တော့လည်း တစ်ကမ္ဘာလုံးကိုအကူအညီ ပေးနေရတာဆိုတော့ ကိုယ်ပေးတဲ့အကူအညီက တကယ်ထိရောက်မှုရှိမရှိ ပြန်လည်ဆန်းစစ်ရတယ်။
တချို့အတွက်ကြပြန်တော့ ဒီမှာအလုပ်လုပ်ရတာ ပိုအဆင်ပြေလိမ့်မယ်။
ဘားမားလို့ဆိုလိုက်တာနဲ့ နိုင်ငံတကာက ငွေကြေး အထောက်အပံ့တွေ လွယ်လွယ်ရနိုင်တယ်လေ။
ငါတို့လိုအဖွဲ့တွေကတော့ ကိုယ်ကူညီချင်တဲ့ဒုက္ခသည်တွေဆီထိထိရောက်ရောက် ကူညီနိုင်မှုရှိမရှိ ဆန်းစစ်တယ်။
ကိုယ်ကူညီချင်တဲ့ ဒုက္ခသည်တွေဆီ ရောက်အောင် မကူညီနိုင်ရင်တော့ တခြားနိုင်ငံက ဒုက္ခသည်တွေဆီ ပြောင်းရွှေ့ကူညီရမှာပဲလေ။
ဝေလေလေနဲ့ အချိန်မဖြုန်းနိုင်ဘူး


မြစ်ကြီးနား
ကျွန်တော်ရဲ့ နောက်ဆုံးဗမာပြည်တွင်း ခရီးစဉ်အဖြစ် MSF ဟော်လန်အဖွဲ့ရှိရာ ဗမာပြည်မြောက်ဖျားက မြစ်ကြီးနားမြို့သို့ ခရီးထွက်ခဲ့ပါတယ်။
BHUTAN
CHINA
INDIA
BANGLADESH
MYANMAR
LAOS
THAILAND
မြစ်ကြီးနားကိုရောက်နိုင်တဲ့တစ်ခုတည်းသောလေကြောင်းလိုင်းကတော့ နာမည်ဆိုးနဲ့ကျော်ကြားတဲ့ မြန်မာ့လေကြောင်းပါပဲ။
ဘာမှမပူပါနဲ့ ငါ့ကောင်ရာ၊ မနှစ်ကတစ်နှစ်လုံး လေယာဉ်မတော်တဆမှု တစ်ခုမှ မရှိခဲ့ဘူး။
မနှစ်က
ဒါဆို အဲဒီအရင် နှစ်တွေကရော
တွေ့သမျှလူတိုင်းတွင် မြန်မာ့လေကြောင်းနဲ့ပတ်သက်ပြီး ပြောစရာဇာတ်လမ်းအပုံအပင်ရှိနေတတ်ပါတယ်။
ရုတ်တရက် အချက်ပေး ခေါင်းလောင်းသံတွေ မြည်လာပြီး လေယာဉ်မယ်တွေလည်း ထပြေးကြရော
လေယာဉ်ပျံပေါ်ရောက်တဲ့အခါ ကျွန်တော့်လက်မှာ ချွေးစေးတွေပြန်နေတာကိုတော့ ဝန်ခံပါတယ်။
လေယာဉ်ပျံက မိုးမလုံဘဲ ကျွန်တော်အပေါ် ရေတွေ တစက်စက်ကျလာပါတယ်။



နံရံတွေပေါ်မှာ ပြေးလွှားနေတဲ့
ပိုးဟပ်တချို့ကိုလည်း
တွေ့ရပါတယ်။
ကျွန်တော်တို့ကို အအေးတိုက်တဲ့
ခွက်ကလည်း ညစ်ပတ်ပါသေး
တယ်။
အွင်
ဒုက္ခပဲ
လေယာဉ်မောင်းခန်းနဲ့ ခရီးသည်အ
ခန်းတို့ကိုလည်း ခန်းစီးလေးနဲ့သာ
ခြားထားပါတယ်။ လေယာဉ်မှူးတစ်
ယောက်က ဆေးလိပ်သောက်နေပြီး
ကျန်တစ်ယောက်က ရေဒီယိုက
သီချင်းနားထောင်နေပုံရပါတယ်။
လေယာဉ်ပျံရဲ့ ရှေ့လေကာမှန်ကြီး
မှာ ဗုဒ္ဓရုပ်ပွားတော်ပုံကို တိပ်နဲ့
ကပ်ထားပါသေးတယ်။
တစ်နာရီကြာပြီးတဲ့
နောက်
ဒုန်း
တောက် ဘာလို့သူများတွေ
လို ပင်လယ်ကမ်းခြေ
မသွားမိပါလိမ့်။
ကချင်အကြောင်းသိပ်မသိပေမယ့် လူ့ဝစ်လေးရဲ့
နာနီကြီးဆီကနေ ကချင်စကားသုံးလေးခွန်းတော့
သင်ခဲ့ပါသေးတယ်။
ခရစ်ယာန်ဘာသာဝင်အများစု ရှိတယ်ဆိုတာ
တော့ သိပါတယ်။


ကက်သရင်းနဲ့ တင်ဘော့တို့ဟာ မြစ်ကြီးနားမှာ တာဝန်ထမ်းဆောင်နေတာ တစ်နှစ်ပြည့်သွားပါပြီ။ သူတို့နေရာကို အခြားတစ်ယောက်နဲ့အစားထိုးတော့မှာပါ။
HIV နဲ့ AIDS ဝေဒနာသည်များကို စောင့်ရှောက်ပေးနေတဲ့သူတို့ဆေးခန်းထဲကို လှည့်လည်ကြည့်ရှုခဲ့ပါတယ်။
MSF ကဆေးခန်းတွေအကုန်လုံးရဲ့မျက်နှာစာမှာလက်ဝါးကပ်တိုင်တံဆိပ်လေးတွေ ကပ်ထားတာကိုသတိထားမိပါတယ်။
တစ်ခါတုန်းက လက်ဝါးကပ်တိုင်ပုံကိုကွယ်ပြီး ဆေးခန်းတံဆိပ်တပ်ဖို့ ကြိုးစားခဲ့ပေမယ့် ပိုင်ရှင်တွေကခွင့်မပြုလို့ တပ်ခွင့်မရခဲ့ပါဘူးလို့ တင်ဘော့က ကျွန်တော့်ကို ပြောပါတယ်။
AZG
မြေညီထပ်က ခန်းမငယ်လေးထဲမှာ အခုမှ အသစ်ပြောင်းလာတဲ့ ဆရာဝန်နဲ့မိတ်ဆက်ပေးပါတယ်။
ကချင်အမျိုးသမီးများဟာ အောက်ပိုင်းဒေသက အမျိုးသမီးများလို ရှက်ရွံ့ပြီး ဘာမှမပြောရဲ မဆိုရဲဖြစ်နေတာမျိုးမရှိပါဘူး။ သူတို့သိချင်တဲ့မေးခွန်းတွေကို တရစပ်မေးကြပါတယ်။
အိမ်ထောင်ရှိလား
အရပ် ဘယ်လောက်ရှည်လဲ
ဖိနပ် ဘယ်ဆိုဒ်ဝတ်လဲ
ရည်းစားရော ရှိလား


နောက်ထပ်မိတ်ဆက်ပေးတာကတော့ကျွန်တော့် မိန်းမနဲ့ ကျွန်တော့်ကိုပါပဲ။
ဒီပုဂ္ဂိုလ်ကတော့ HIV ပညာပေး စာအုပ်သရုပ်ဖော်ပုံရေးဆွဲပေးတဲ့ ကာတွန်းပညာရှင်ပါပဲ။
အိုး
ပေါ့
ကျေးဇူးပဲဗျို့
အရမ်းကောင်းတဲ့စာအုပ်ပဲ
နေ့တိုင်းဖတ်ဖြစ်တယ်
အနည်းငယ် ဂုဏ်ယူဝံ့ကြွားဖြစ်နေပုံ
ဒီဒေသမှာ ကြိုတင်ကာကွယ်ရေးနဲ့ ပတ်သက်ပြီး လုပ်စရာအလုပ်တွေအများကြီးရှိပါတယ်။ နာမည်ဆိုးနဲ့ကျော်ကြားတဲ့ ရွှေတြိဂံနယ်မြေနဲ့လည်း သိပ်မဝေးလှပါဘူး။ ကွန်ဒုံးတွေ၊ ဆေးထိုးအပ်တွေအလကား ဝေမျှပေးရပါတယ်။ အရေအတွက်အားဖြင့်ဆိုလျှင် တစ်လကို ၇၀၀၀၀ ခန့်ရှိပါတယ်။
အနီးအနားပတ်ဝန်းကျင်မှာလည်း ဆေးခန်းတွေအများအပြားဖွင့်ထားရပါတယ်။ တရုတ်ကုမ္ပဏီတွေကျောက်စိမ်းတူးဖော်ရာ ဖားကန့်ဒေသမှာလည်း ဆေးခန်းတစ်ခု ဖွင့်ထားရပါသေးတယ်။
ဖားကန့်
မြစ်ကြီးနား
မိုးကောင်း
ကျောက်စိမ်းတွင်းတွေနဲ့ပတ်သက်ပြီးကြားရတဲ့သတင်းတွေက မကောင်းလှပါဘူး။ မတော်တဆ တွင်းပြိုကျခဲ့ရင် ပိတ်မိနေတဲ့သူတွေကိုမကယ်ဘဲ နောက်တွင်းအသစ်ပဲတူးလေ့ရှိတယ်လို့ ဆိုပါတယ်။
ဒီထက်ဆိုးတဲ့သတင်းတွေလည်း ကြားခဲ့ရပါသေးတယ်။ ကျွန်တော် ကိုယ်တိုင်သွားရောက်လေ့လာချင်ပေမယ့် သွားခွင့်တော့မရှိပါဘူး။ အရင်လ က တောင် MSF ရဲ့ ဆရာဝန်တစ်ယောက်ကို အစိုးရရဲ့ အထူးခွင့်ပြုချက်မပါလို့ဆိုပြီး ဝင်ခွင့်မပေးခဲ့ပါဘူး။


ဖားကန့်မှာရှိတဲ့တွင်းပိုင်ရှင်များဟာ အလုပ်သမားတွေကို ဘိန်းဖြူထိုးပေးလေ့ရှိပါတယ်။
ဖားကန့်မှာ အချိန်ပြည့် ဆရာဝန်မရခင်စပ်ကြား ကျုပ်က ယာယီတာဝန်ယူပေးနေရတယ်လေ
ဆေးထိုးဖို့အခန်းလေးတွေလည်းရှိပါတယ်။ တစ်ခေါ်လာလောက်သုံးလိုက်ရုံနဲ့အဆင်ပြေနိုင်ပါတယ်။
ရန်ကုန်ကနေပြီးဖားကန့်ကို ပြည့်တန်ဆာလာလုပ်တဲ့မိန်းမတစ်ယောက်နဲ့ တွေ့ဖူးတယ်။ သူပြောတာကတော့ တစ်နေ့ကို ဖောက်သည်အယောက်လေးဆယ်လောက်နဲ့ဆက်ဆံရတယ်တဲ့
သူလိုလူမျိုးမှ HIV မကူးရင် ဘယ်သူကူးမလဲ
အလုပ်ပြီးသွားရင်လည်းအလုပ်သမားတွေကို တန်ဖိုးရှိတဲ့အရိုင်းတုံးတွေကို ဝှက်ထား မထားဆိုတာ နှိုက်နှိုက်ချွတ်ချွတ်စစ်သေးတယ်
ပါးစောင်ထဲကို ဝှက်ယူတဲ့သူက ယူတယ်
တချို့မိန်းမတွေဆို သူတို့ရဲ့ မိန်းမကိုယ်ထဲမှာတောင် ထည့်ပြီး ခိုးထုတ်ကြတယ်တဲ့


ဟိုး ဟိုမှာ တွေ့လား အဲဒါ တရုတ်ပြည်ပဲ
အိုဒါဆို ငါတို့က တကယ့်နယ်စပ် ရောက်နေပြီပေါ့
ဖားကန့်ကို သွားခွင့်မရှိပေမယ့် နီးစပ်ရာကျေးရွာတွေကိုတော့ လည်ပတ်ခွင့်ရှိပါတယ်။
ဒါကမြန်မာပြည် လွတ်လပ်ရေးတိုက်ပွဲ အတွင်းကျသွားတဲ့စစ်သား တွေအတွက်အထိမ်းအ မှတ်သင်္ချိုင်းထင်တယ်။
ဒါဆို ဒါတွေက ရော ဘာတွေလဲ
သိဘူးလေ
ကျွန်တော့်ဘဝမှာတစ်ခါမှမတွေ့ဘူးတဲ့ပုံစံတွေပါ။
ဒီမှာ အခန်းက လေးတစ်ခန်းပါ အ လယ်မှာလည်း ခုံ တစ်ခုရှိတယ်။
ဒီမှာရောပဲ
ကြည့်ရ အောင်
နှစ်ထပ်တောင် ရှိတာပဲ
အတွင်းမှာလည်း မြက်ခင်းပြင်ကြီး
အခန်း လေးတွေအ များကြီးပဲ
အခန်း တိုင်းမှာ ခုံရှိတယ်
ဒီမှာကျတော့ လက်ဝါးကပ်တိုင် ပုံနဲ့ပါလား
ဒီအခန်းတွေ ကြည့်ရတာ ဆု တောင်းဝတ်ပြုတဲ့ အခန်းတွေဖြစ် လိမ့်မယ်။
တော်တော်ထူးဆန်းတဲ့ အဆောက်အဦပဲ
မသိရင် ဂျိုနီရော့ စကီးရဲ့ ကာတွန်းထဲ ရောက်သွားသလားပဲ
အခန်းတစ်ခန်းချင်းဆီမှာ လူတစ်ယောက်ချင်းစီက ဝင်ပြီးဆုတောင်းလိုက်တဲ့ အခါ အဲဒီအဆောက်အဦ ကြီးကလည်ပြီး ကောင်း ကင်ဘုံကိုတက်သွား ရော
အဲဒီလို မဖြစ်နိုင် ဘူးလား


ညစာစားပြီးတဲ့အခါတခြားNGO တစ်ခုမှာအလုပ်
လုပ်နေတဲ့ပြင်သစ်အမျိုးသမီးတစ်ယောက်က သူ့
ဆီလိုက်လည်ဖို့ ဖိတ်ပါတယ်။ ဒီနေရာနဲ့ သိပ်မ
ဝေးလှဘူးလို့ပြောပါတယ်။
ကောင်း
ကောင်းအိပ်
ပျော်ရဲ့လား
အိပ်ရတာအဆင်
ပြေပါတယ်။ လေအေးတဖြူး
ဖြူးနဲ့ဆိုတော့ အေးတောင်
လာတယ်။
လမ်းတစ်လျှောက် ဖုန်မတရားထူပါတယ်။
ဆိုင်တစ်ဆိုင်ရှေ့မှ ဆိုင်ရှင်ပုံ
အခု ကျွန်မအလုပ်လုပ်နေတဲ့ ကျေးရွာမှာ လူဦး
ရေရဲ့ ၇၆ ရာခိုင်နှုန်းဟာ ဘိန်းဖြူစွဲနေကြတယ်။
တချို့ဆို မိသားစုလိုက်တောင်
ဘိန်းထိုးကြတယ်


မင်းဆေးခန်းကရော ဘာတွေလုပ်ပေးသလဲ
လောလောဆယ်တော့ ဆေးဖြတ်ချင်တဲ့သူတွေအတွက် စနစ်တကျ ဆေးဖြတ်ပေးနေတယ်လေ
သူလက်ထောက်တစ်ယောက်က ဆေးခန်းအနှံ့လှည့်လည်ပြသတဲ့အပြင်မူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့ သတိပေးအခွေတစ်ခွေကိုပါပြပါတယ်။
UN ရဲ့ စစ်တမ်းတစ်ခုအရ ကချင်ပြည်နယ်ရဲ့မူးယစ်ဆေးသုံးစွဲမှုပမာဏဟာ တစ်ကမ္ဘာလုံးရဲ့ အမြင့်ဆုံးအဆင့်မှာရှိပါတယ်
ဆေးစွဲနေတဲ့သူတွေအတွက် ဆေးဝယ်ဖို့ပိုက်ဆံ ဘယ်ကရသလဲ
ဒီက မြစ်တွေ ချောင်းတွေထဲမှာ ရွှေထွက်တော့ ရွှေကျင်ရာကနေ ပိုက်ဆံရတယ်လေ
ပိုက်ဆံရတဲ့အခါ တောတွေထဲမှာရှိတဲ့ ဘိန်းကုန်သည်တွေဆီမှာ သွားဝယ်ကြတယ်
ငါတို့လည်းသူတို့ကိုတတ်နိုင်သလောက် ဆေးမသုံးအောင် ပညာပေးပါတယ်
အောင်မြင်ပါစေဗျာ။ ဒီလိုဒေသမျိုးမှာ မူးယစ်ဆေးဝါးမသုံးဖို့ စည်းရုံးရတာ တကယ်မလွယ်မှန်းသိပါတယ်
အခုဒီမှာ လူနာခုနစ်ယောက်လောက်ကို မက်သဒေါ်မူးယစ်အစားထိုးဆေးနဲ့ ကုဖို့ ပြင်ဆင်နေတယ်
ဟင် ဒီမှာ ငှက်ဖျားဆေးတွေပါလား
ဟုတ်တယ် ဒီကိုရောက်တာ မကြာသေးဘူး
ငှက်ဖျားဆေးကျရောက်လာပြီးမက်သဒေါ်က ရောက်မလာသေးဘူးပေါ့
ဒီမှာရှိတဲ့ဓာတ်ခွဲခန်းမှူးကို ငှက်ဖျားပိုးရှိမရှိ သွေးစစ်နည်းကို သင်ပေးထားပါလား။ သိပ်မခက်ပါဘူး
ကောင်းသားပဲ ဖြစ်နိုင်ရင် အခုအသစ်ပြောင်းလာမယ့်ဆေးခန်းမှူးကို ပြောကြည့်ပါလား



မြေညီထပ်မှာတော့ ပုံမှန်ဆေးကုသနေသူများရှိပါတယ်။ ဖျာပေါ်မှာ ခြေကားယားလက်ကားယားနဲ့ သုံးယောက်ကအိပ်နေပြီးနှစ်ယောက်က ပင်ပေါင်ကစားနေပါတယ်။ တစ်ယောက်ကတော့ ထောင့်တစ်ထောင့်မှာထိုင်နေပြီး စည်းမကျဝါးမကျနဲ့ ဂစ်တာတီးနေတယ်။
ရွာတစ်ရွာလုံးခြောက်ကပ်တိတ်ဆိတ်နေလိုက်တာများ လူတွေနေတယ်ဆိုတာ သံသယရှိစရာပဲ။
အလုံပိတ်ထားတဲ့အိမ်တွေထဲမှာလည်း တိတ်ဆိတ်နေပါတယ်။
ငါအထင်တော့ အခုလိုအခြေအနေမျိုးကို အစိုးရက ပိုတောင်ကြိုက်ဦးမယ်။ အစိုးရကိုပုန်ကန်မယ့်စစ်တပ်တွေထဲ ဝင်သွားမှာထက်စာရင် အခုလိုဘိန်းစွဲနေတဲ့ကချင်လူငယ်တွေများတာကို အစိုးရက သဘောကျမှာပဲ
အခုလိုအခြေအနေမျိုးကိုအစိုးရကဘယ်လိုကိုင်တွယ်ဖြေရှင်းမလဲမသိဘူးနော်။


သံသရာတစ်ကွေ့ဝယ်
ပြည်တွင်းခရီးစဉ်တွေအားလုံးပြီးဆုံးသွားတဲ့အခါ ဒီနိုင်ငံမှာ ကျွန်တော်အလုပ်ချင်ဆုံး ဆန္ဒတစ်ခုကို ဖြည့်ဖို့ကျန်နေပါသေးတယ်။
ကလေးအဖွဲ့ထဲက မိခင်တစ်ယောက်က ကျွန်တော့်ကို တရားအားထုတ်နိုင်တဲ့နေရာကောင်းတစ်ခုကို ညွှန်ပြခဲ့ပါတယ်။
ဘယ်လိုနေရာမျိုးမှာ တရားထိုင်လို့ အဆင်ပြေသလဲ
နိုင်ငံခြားသားတွေအတွက် သီးသန့်ဖွင့်ထားတဲ့ရိပ်သာတွေကို မသွားနဲ့။ ရွှေတောင်ကြားထဲမှာ အရမ်းကောင်းတဲ့ ဝိပဿနာရိပ်သာတစ်ခုရှိတယ်။
ဘယ်နားမှာလဲ
ကဲ…ဒါ ဝိပဿနာရိပ်သာဖြစ်မယ်
ပုံစံကြည့်ရတာ ဒီထဲမှာအင်္ဂလိပ်လိုပြောတတ်မယ့်လူတစ်ယောက်မှ ရှိပုံမရဘူး။


ဘယ်သူ့ကို မေးရမှာပါလိမ့်
ဟဲလို ‥ ဒီမှာတရားအားထုတ်တာနဲ့ပတ်သက်ပြီး စုံစမ်းချင်လို့ပါ။
ဖြစ်နိုင်ပါ့မလား
ခဏစောင့်ပါ
အခန်းထဲကိုဝင်သွားပြီး အမေရိကန်မယ်သီလရှင်တစ်ပါးနဲ့အတူ ပြန်ထွက် လာပါတယ်။
ဒီကိုလာချင်တဲ့အချိန် မရွေးလာနိုင်သလို နေချင်သလောက်နေနိုင်ပါတယ်
အင်မတန် ရှင်းပါတယ်
ကျွန်တော်သိသင့်တာမှန်သမျှကို ဆရာလေးက ရှင်းပြပါတယ်။
နိုင်ငံခြားသားတွေအတွက် ငွေကြေးတစ်စုံတရာပေးဖို့မလိုပါဘူး။
ဒါဆိုလည်းဒီမှာ အလှူခံပုံးရော မရှိဘူးလား။ ပိုက်ဆံလှူခဲ့ချင်လို့ပါ
မလိုပါဘူးကွယ်။ ဒီက ဘုန်းတော်ကြီးတွေအားလုံးဟာ ပြည့်စုံနေပါပြီ။
ဆရာလေးပုံက အင်မတန်ပိန်ပြီး ကတုံးကိုပြောင်နေအောင် တုံးထားပါတယ်။ ဒါပေမယ့် ဆရာလေး မေးစေ့မှာ အမွေးတချို့ ထိုးထိုးထောင်ထောင်ထွက်နေတာကို သတိထားမိပါတယ်။ ခေါင်းကိုရိတ်သလို ကျန်တဲ့နေရာတွေကို ဂရုတစိုက်ရိတ်ပုံ မရပါဘူး။ ဘာပဲပြောပြောအမေရိကန်သူတစ်ဦးအနေနဲ့ ပါဠိဘာသာသင်ဖို့ ဒီနိုင်ငံမှာ ဆယ်နှစ်ကျော် မယ်သီလရှင်ဝတ်နိုင်တာကိုတော့ ချီးကျူးရပါမယ်။
ဆရာလေးဘာဝအကြောင်းတွေကို မေးချင်ပေမယ့်လည်း မမေးသင့်တာနဲ့ အရှိန်သတ်ထားရပါတယ်။
ကျေးဇူး


သောကြာနေ့ကနေ တနင်္လာနေ့အထိ သုံးရက် တရားစခန်းဝင်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။
စုံစမ်းရေးကောင်တာကနေ ကျွန်တော်ကြည့်ဖို့ ဗီဒီယိုခွေတစ်ခွေနဲ့စာရွက်တချို့ပေးလိုက်ပါတယ်။
လွန်ခဲ့သောနှစ်ပေါင်းနှစ်ထောင့်ငါးရာ လောက်ကတည်းက ဗုဒ္ဓဟာ တရားထိုင် နည်းတွေကို သင်ကြားပြသခဲ့ပါတယ်။
နာရီဝက်အတွင်းမှာပဲ တရားထိုင်တာနဲ့ ပတ်သက်တဲ့နည်းစနစ်တွေ၊ သမိုင်းကြောင်းတွေကို ရှင်းပြပါတယ်။
သိပ်တော့ မရှုပ်ထွေး လှပါဘူး။
မယ်သီလရှင်လေးပြန်ရောက်လာပြီး ကျွန်တော် နေရမယ့် အဆောက်အဦးဆီလိုက်ပို့ပါတယ်။
ရော့ ဒီမှာသော့
ကျေးဇူး
ကိုယ်နေရမယ့် အခန်းဆီ ကိုယ့်ဘာသာ သွားရ ပါတယ်။



အခန်းဖွဲ့စည်းပုံက အင်မတန်ရိုးရှင်းပါတယ်။ မွေ့ရာကုတင်နဲ့ ပန်ကာတစ်လုံးကလွဲလို့ ဘာမှ မရှိပေ။
နိုင်ငံခြားသားတွေနေဖို့အတွက်သီးသန့်အဆောက်အအုံဖြစ်ပုံရပါတယ်။ တိဘက်လူမျိုးနှစ်ယောက်နဲ့ အင်ဒိုလူမျိုးတစ်ယောက်တို့လည်း ဒီအဆောက်အဦးထဲမှာ နေထိုင်ပါတယ်။
ဒါပေမယ့် ကျွန်တော်တို့အချင်းချင်း စကားတစ်ခွန်းမှမပြောဖြစ်ကြပါဘူး။ ဒီမှာ တစ်ဦးနဲ့တစ်ဦး မိတ်ဖွဲ့စကားပြောခြင်းမျိုးကို တားမြစ်ပါတယ်။
ကျွန်တော်နေ့စဥ်လုပ်ရမယ့် ဇယားကို လေ့လာကြည့်ပါတယ်။ မနက် သုံးနာရီ အိပ်ရာထပြီး ကိုးနာရီမှာရေချိုးရပါမယ်။ ညစာစားခွင့်မရှိဘဲ နေ့လယ် ၁၁နာရီကို နောက်ဆုံးထားပြီး အစားစားသောက်ရပြီး ညကိုးနာရီမှာ အိပ်ရာဝင်ရပါမယ်။ ကျန်အချိန်တွေအကုန်လုံးကို တရားထိုင်တာနဲ့ လမ်းလျှောက်တရားမှတ်တာတို့ကို တစ်လှည့်စီ လုပ်ရပါမယ်။
ဆယ့်တစ်နာရီမှာထမင်းမစားမိရင်တစ်နေ့လုံးငတ်မှာပါလား။
နေ့စဥ်လုပ်ဆောင်ရမယ့် ဇယားအရတရားထိုင်ရန်အတွက် ခန်းမဆီထွက်ခဲ့ပါတယ်။ လမ်းတလျှောက်မှာ တရားမှတ်ပြီး လမ်းလျှောက်တဲ့နည်းနဲ့လျှောက်ခဲ့ပါတယ်။ တရားမှတ်ပြီး လမ်းလျှောက်တယ်ဆိုတာ ကိုယ်လှမ်းတဲ့ခြေလှမ်းတိုင်းကို အသေးစိတ်မှတ်ကာ သတိမလွတ်ဘဲ လမ်းလျှောက်တာမျိုးကို ဆိုလိုတာပါ။
ဒီအခန်းထဲမှာတော့ အမျိုးသမီးတွေ ချည်းပါလား။ ငါဝင်ပြီး တရားအားထုတ်ခွင့်ရှိမယ့်ပုံတော့မပေါ်ဘူး။ ယောကျ်ားလေးအခန်းက ဘယ်မှာပါလိမ့်၊ အပေါ်ထပ်မှာလားမသိ


အနည်းငယ်ထပ်ရှာလိုက်တော့မှပဲအမျိုးသားတွေ
တရားအားထုတ်တဲ့နေရာကို ရှာတွေ့ပါတယ်။
ခန်းမထဲကိုကျွန်တော်ရောက်တာ နောက်ကျနေ
တဲ့အတွက်ခပ်သွက်သွက်နေရာယူလိုက်ပါတယ်။
တဖြည်းဖြည်းငြိမ်သက်လာပါပြီ။ စိတ်ထဲဝင်လာ
သမျှအတွေးများကိုမောင်းထုတ်ကာ ဝင်လေထွက်
လေကိုပဲ အာရုံစူးစိုက်မှတ်သားလိုက်ပါတယ်။
အစာစားချိန်ရောက်ဖို့အခန်းထဲ
မှာစောင့်နေရပါတယ်။
ခြံထဲကို ပြန်ဆင်းကြည့်တယ်။
ဘယ်သူမှမတွေ့၊ ဒါနဲ့ မီးဖိုချောင်
လို့ထင်တဲ့နေရာတွေကို လိုက်ရှာ
ကြည့်ပြန်တယ်။ ဘာမှမတွေ့။
?
ဒါနဲ့ အခန်းထဲကို သွားပြီးပြန်စောင့်
နေလိုက်ပါတယ်။ တိဘက်ဘုန်းကြီး
က လာခေါ်တဲ့အတွက်တော်ပါသေး
ရဲ့။
ဟော့ အစာ
စားချိန်
ရောက်ပြီ
အိုကေ
ဪ
ဒီမှာကိုး
သူတို့နဲ့
အတူတန်း
စီရမယ်
ထင်တယ်


ဒီကျောင်းကဆရာတော်တွေက ရှေ့ဆုံးကတန်းစီးပြီး နောက်က နိုင်ငံခြားသား ဆရာတော်တွေ သူတို့နောက်ကမှ ရိပ်သာဝင် ဗမာတွေ နောက်ဆုံးမှာတော့ နိုင်ငံခြားသား ငါတစ်ယောက် တည်းပါလား။
အခြေခံအားဖြင့် လူနဲ့ ဘုန်းကြီးနဲ့ နှစ်ပိုင်းခွဲထားတယ်ထင်တယ်။
အင်း
ဘာတွေ စောင့်နေတာ ပါလိမ့်
ဒေါင်
အို အခုမှ သွားပြီ
ထမင်းစားခန်းက အကျယ်ကြီးပါ။ ကျွန်တော်တို့ ဝင်သွားတော့ မယ်သီလရှင်နဲ့အမျိုးသမီးတွေဟာ နေရာအသီးသီးယူပြီးနေကြပါပြီ။ ဒါကြောင့် စောင့်နေရတာ ထင်ပါတယ်။
မစားသောက်ခင်မှာ ဘုန်းကြီးများက ဆုတောင်းမေတ္တာပို့ကြပါတယ်။
ဗိုက်အရမ်းမဆာပေမယ့်လည်း ဒီနေ့အတွက် နောက်ဆုံးအစာဖြစ်တဲ့အတွက် တတ်နိုင်သလောက်များများထည့်ခဲ့ပါတယ်။
စင်မြင့်ပေါ်မှာတော့ဆရာတော်ကြီးများကဆွမ်းဘုန်းပေးနေကြပါတယ်။
ရိပ်သာဝင်ဗမာတချို့နဲ့နိုင်ငံခြားသား ဘုန်းကြီးများရှိရာဝိုင်းမှာပဲ ဝင်ထိုင်လိုက်ပါတယ်။


ဟင်းတွေက အမယ်စုံလှပါတယ်။ ကျွန်တော်ကဘုန်းကြီးတွေကိုသက်သက်လွတ်ပဲ စားမယ်ထင်တာမှားသွားပါတယ်။ ကျွန်တော်တို့ကိုကျွေးတဲ့အထဲမှာ ကြက်သားဟင်းပါသလို ရေခဲမုန့်ချောကလက်တို့ကိုလည်း အချိုပွဲအဖြစ်ကျွေးပါသေးတယ်။
တစ်မနက်စာ အလေ့အကျင့်ရပြီးတဲ့အခါ တဖြည်းဖြည်းအနေကျလာပါပြီ။
လမ်းလျှောက်ဝိပဿနာကို ဆက်လက်ကျင့်ကြံပေမယ့် အာရုံစူးစိုက်ရတဲ့အလုပ်က တကယ်မလွယ်လှပါဘူး။
ကြွတယ် ချတယ်
ခြေဖဝါးနဲ့ ကြမ်းပြင်ကိုထိတာ သိတယ်
နောက်တစ် လှမ်းအတွက် ကြွတယ်
ဖြည်းဖြည်း ချင်း ချတယ်
တဖြည်းဖြည်း ရွှေ့တယ်
ဒီကလူတွေအကုန် လုံးလည်း ဖြည်းဖြည်းပဲ ရွှေ့ကြတာမဟုတ်လား
သချိုင်းထဲက ထလာတဲ့ဇွန်ဘီတွေ လမ်းလျှောက်သလို ဖြစ်နေပြီ
ဇာဒို ရုပ်ရှင်ထဲက ဇာတ်ဝင်ခန်းအတိုင်း ပါပဲလား
လမ်းလျှောက်နေ ကြပုံတွေကလည်း စိတ် ရောဂါသည်တွေလို ပါလား
ဒါနဲ့ ဇာဒို ရုပ်ရှင်က ကလေးရုပ် ပြကို မှီးထားတာ မဟုတ်လား
ဟုတ်ပ ကလေး ကာ တွန်းလေ
နာမည်ကြီးရုပ်ရှင်တွေ တော်တော်များများလည်း ကာတွန်းစာအုပ်တွေကို ပြန်ရိုက်တာပဲလေ
ကြွတယ် ချတယ်
အွင်
ညရောက်တော့လူလည်း ကြောင်စီစီဖြစ်သွားပါတယ်။
ဒီမှာ ငါဘာလာ လုပ်နေတာပါလိမ့်
အခုတစ်မနက်နဲ့တောင် တော်တော်ပင်ပန်းနေပြီ နေ့တိုင်း ဒီလိုလုပ်ရမယ် ဆိုရင်တော့ ဟူး···
အမှန်တကယ်ဆို ငါ့ သားလေးနဲ့ရေသွားကူးရမှာ အခုတော့ဒီမှာ သက်သက် အချိန်လာဖြုန်းနေမိပြီ
တောက် ဘာဖြစ်လို့လူတိုင်းကို သုံးရက်တရားစခန်းဝင် မယ်လို့ပြောမိခဲ့ပါလိမ့်
ဖြစ်နိုင်ရင် အခုချက်ခြင်း အိမ်ကို ထပြေး လိုက်ချင်ပြီ


အိမ်ပြန်ချင်စိတ်တွေကိုကြိုးစားဖျောက်ဖျက်ပြီး သက်သောင့်သက်သာနေဖို့ စီမံရပါတယ်။
တရားထိုင်ရတဲ့အလုပ်က ထင်ထားတာထက် အများကြီး ခန္ဓာကိုယ်ကို ပိုမိုပင်ပန်းစေပါတယ်။
တရားထိုင်တာနဲ့ပတ်သက်တဲ့ စာတွေထဲမှာတော့ အာရုံစူးစိုက်မှုကြောင့် နာကျင်မှုများဖြစ်ပေါ်လာနိုင်တယ်လို့ ဆိုထားပါတယ်။ ကျွန်တော်ကျတော့ အာရုံစူးစိုက်လို့မရခင်မှာပဲ မခံမရပ်နိုင်လောက်အောင် နာကျင်လာပါတယ်။
1
2
3
4
ကျွန်တော်ရှေ့မှာ မီးခိုးရောင်အဝတ်တွေနဲ့ တရားအားထုတ်နေတဲ့ နိုင်ငံခြားသားဘုန်းကြီးတွေကိုတော့ အထူးပဲချီးကျူးမိတယ်။ နှစ်နာရီလုံးလုံး တစ်ချက်လေးမှ လှုပ်လွန့်မှုမရှိဘဲ တရားအားထုတ်နိုင်တယ်လေ။
သူတို့ကိုကြည့်ရတာ တခြားဘုံတစ်ခုမှာမျောလွင့်နေပုံပဲ။ တိတ်ဆိတ်ငြိမ်သက်လို့။ ကျွန်တော့်မှာသာ • • •


ကိုးနာရီထိုးပါပြီ။ ကျွန်တော်ရဲ့
တစ်နေ့တာ တရားအားထုတ်မှု
ကြီးလည်းပင်ပန်းစွာပြီးသွားခဲ့ပါပြီ။
မနက်သုံးနာရီရောက်တော့
နာရီက ထမြည်ပါတယ်။


မနက်ငါးနာရီခွဲမှာ မနက်စာစားရပါမယ်။ ကျွန်တော်လည်း အများနည်းတူလုံချည်ကို ကြိုးစားဝတ်လိုက်ပါတယ်။ သက်သောင့်သက်သာမရှိဘဲ စကာဒ်ရှည်ကြီးဝတ်ထားရသလို ခံစားရပါတယ်။
တစ်ရက်နဲ့တစ်ညအတွင်းမှာပဲ ကိုယ်သွားရမယ့်နေရာကို တန်းတန်းမတ်မတ်သွားတတ်ခဲ့ပါပြီ။
မနက်ဆွမ်းခံကြွဖို့ ဘုန်းကြီးများထွက်ခွာသွားပါပြီ။ ကျွန်တော့်အိမ်ရှေ့ကတောင် ဖြတ်လျှောက်မယ်ထင်ပါတယ်။
ရိပ်သာထဲမှာနေလိုက်ခြင်းအားဖြင့် ဗုဒ္ဓဘာသာကို ခြံအပြင်မှကြည့်နေရာကနေ ခြံထဲကိုရောက်သွားသလို ခံစားရပါတယ်။
မှန်ထဲမှာပေါ်နေတဲ့ ကျွန်တော်ဟာ တွေ့နေကျ ကျွန်တော်မဟုတ်တော့ပါဘူး။
ပတ်ဝန်းကျင်မှာ ရှိသမျှပုဂ္ဂိုလ်များရဲ့ အေးချမ်းမှုများဟာ ကျွန်တော့်ဆီကူးစက်လာပြီး ကျွန်တော်ပါ တည်ငြိမ်အေးချမ်းလာပါတယ်။


တတိယမြောက်နေ့မှာတော့ ဘုန်းတော်ကြီးက ကျွန်တော်နဲ့တွေ့ပြီး အတွေ့အကြုံတွေ ဆွေးနွေးလိုတဲ့အကြောင်း စာတစ်စောင်ကပ်ထားပါတယ်။
"GUY"
ယောဂီကောင်ဆိုပါလား ဟား ဟား
ဆရာတော်ကြီးနဲ့အတူ ဘာသာပြန်ပေးမယ့် သီလရှင်လေးက စောင့်နေပါတယ်။ ကျွန်တော်လည်း တွေ့ကြုံသမျှကို မခြွင်းမချန်ပြောပြလိုက်ပါတယ်။
ဆရာတော်ကြီးကကျွန်တော့်ကို ရက်အနည်းငယ်အတွင်းမှာပဲ တိုးတက်မှုတွေရှိတယ်လို့ချီးကျူးပါတယ်။
စောစောစီးစီးအနားယူချင်ပေမယ့်လည်း ည ကိုးနာရီထိ တရားထိုင်ခဲ့ပါတယ်။
နောက်နေ့မနက်စောစော လရောင်အောက်က ခြင်ထောင်ထဲမှာ တရားထိုင်ခွင့်မရှိတော့ပါဘူး။
ခြုံဝင်းထဲမှာရပ်ထားတဲ့စက်ဘီးလေးကို ယူပြီး ပြန်ထွက်ခဲ့ပါတယ်။ ဒီထဲမှာ တစ်လလောက်နေခဲ့ရသလို ခံစားရပါတယ်။


ရိပ်သာကနေ မထွက်ခွာခင်မှာ အလှူခံပုံးထဲကို ကျွန်တော်ဆီမှာပါသမျှပိုက်ဆံတွေ အကုန်ထည့်ခဲ့ပါတယ်။
ကဲ・・・အခုတော့ယောဂီကောင်လည်း ရိပ်သာကနေ ပြန်လည်ထွက်ခွာလာခဲ့ပါပြီ။
တိတ်ဆိတ်ငြိမ်းချမ်းရာကမ္ဘာကနေ ဆူညံသက်ဝင်လှုပ်ရှားရာကမ္ဘာဆီသို့(ဒါမှမဟုတ်)သံသရာတလျှောက်ဆီသို့ ပြန်လည်ထွက်ခွာလာခဲ့ပါပြီ။
နှစ်ညအိပ်သုံးရက်ရိပ်သာစခန်းအတွင်း ကျွန်တော့်ဘဝမှာ တစ်ခါမှမရခဲ့ဘူးတဲ့ ငြိမ်းချမ်းမှုမျိုးရခဲ့သလို သမာဓိ အားလည်း ပိုကောင်းလာပါတယ်။ ခက်တာက အဲဒီလိုစိတ်မျိုးကို ဘယ်လောက်အထိ ထိန်းထားနိုင်မလဲဆိုတာပါပဲ။
အိမ်ရောက်တော့ ကျွန်တော့်မိန်းမမွေးနေ့ပါ။ ပျော်ပွဲ ရှင်ပွဲက အဆင်သင့်စောင့်ကြိုနေပါတယ်။
တကယ်ပြန်လာပြီဟေ့


နှုတ်ဆက်ခဲ့ပါတယ်
ညဘက်တွေမှာ ပုံဆွဲရတာကို ကြိုက်နှစ်သက်ပါတယ်။ အရာရာဟာ တိတ်ဆိတ်ပြီးအေးချမ်းလို့ပါပဲ။
ဟဲ့ · · · ဘာသံတွေတုန်းဟ
ငါအိမ်ရှေ့မှာ ဘာတွေလာအော်နေတာပါလိမ့်
ခရစ်စမတ်ရာသီရောက်ပြီဆိုရင် ခရစ်ယာန်လူမျိုးများမှာ တစ်အိမ်ဝင်တစ်အိမ်ထွက် ဆုတောင်းမေတ္တာပို့ သီချင်းများသီဆိုလေ့ရှိပါတယ်။


အခုလို ပွဲပြင်းတဲ့ညဘက်တွေမှာ ခရစ်စမတ်
သီချင်းသံကြားရတာ အနည်းငယ်တော့ ကသိ
ကအောက်နိုင်ပါတယ်။
သီချင်းပြီးသွားတဲ့အခါမှာ မောင်အေးက သီချင်းဆိုတဲ့
အဖွဲ့ကို ပိုက်ဆံပေးဖို့ပြောပါတယ်။ ထို့အတူ သီချင်းဆို
တဲ့အဖွဲ့တော်တော်များများဟာလည်း ခရစ်ယာန် အ
ယောင်ဆောင်ထားတဲ့ ဗမာတွေပါပဲလို့ ရှင်းပြပါတယ်။
သီချင်းဆိုတာ
တော့အတော်
ကောင်းသားဗျ
ကျွန်တော်ရဲ့အင်နီမေးရှင်းအဖွဲ့ဟာ ကျွန်တော့်ကိုနှုတ်ဆက်ညစာစား
ဖို့အတွက် ရောက်လာတာပါ။
နောက်ဆုံးသင်တန်းအဖြစ် အနည်းငယ်သင်ကြား
ပြသခဲ့ပါသေးတယ်။
အင်နီမေးရှင်းနဲ့
ပတ်သက်သမျှ အခြေ
ခံ သဘောတရားတွေ
ကိုတော့ ခင်ဗျားတို့ကို
ရှင်းပြခဲ့ပြီးသွားပြီ။
နှုတ်ဆက်ညစာစားပွဲအဖြစ် ဗမာအိမ်ဆိုင်လေး
တစ်ဆိုင်ကို ရွေးချယ်ခဲ့ကြတယ်။



စကားတွေအများကြီးပြောသလို အစားတွေအများကြီးစားကာ အသောက်တွေလည်း မနည်းခဲ့ပါဘူး။
နောက်ဆုံးအဆုံးသတ်အနေနဲ့ အင်နီမေးရှင်း သင်တန်းအတွင်းအမှတ်တရဖြစ်ရပ်တစ်ခုဆီ ပြန်ပြောင်းပြောဆိုခဲ့ကြပါတယ်။
အိမ်စာတွေလုပ်ဖို့ အမြဲတမ်းမေ့ခဲ့တာပဲ
မျက်နှာ ဘယ်လိုထားရမယ်မှန်း မသိအောင် ကျွန်တော်ကိုချီးကျူးခဲ့ပါတယ်။
ခင်ဗျားလို ပုဂ္ဂိုလ်မျိုးဆီက အတွေ့အကြုံတွေ သင်ယူခွင့်ရခဲ့တာ ကျုပ်တို့အတွက် မဟာအခွင့်အရေးကြီးပါပဲ
အွင်
မျက်ရည်တွေဝဲတက်လာတဲ့အထိအောင် တစ်ယောက်ကိုတစ်ယောက် အကြာကြီးနှုတ်ဆက်ကြတယ်။ ကျွန်တော်တို့တတွေ ပြန်တွေ့ဖို့ဆိုတာ မလွယ်တော့မှန်း အားလုံးလိုလိုသိကြတယ်လေ။
တွေ့ကြသေးတာပေါ့
နောက်တစ်ခါ ပေါ့ဗျာ


မရပ်မနားလည်ပတ်နေသည့်ဘီးများ
86.7˚ F။ အဲယားကွန်းမဖွင့်ခင် ကျွန်တော့် အခန်းထဲက အပူချိန်ပါ။
ကျွန်တော့်မှတ်စုစာအုပ်ထဲမှာတော့ ကျွန်တော် ရောက်ကာစက 79.7˚F အတွင်းမှာကို ချွေးတာစီးစီးနဲ့ နေလို့ထိုင်လို့မရအောင် ပူနေတယ်လို့ ရေးမှတ်ခဲ့ဖူးပါတယ်။
တစ်နေ့ပြီးတစ်နေ့ ကျွန်တော်တို့ရဲ့အိမ်လေးမှာ ပစ္စည်းတွေ ရှင်းသထက်ရှင်းသွားပါပြီ။
MSF ရုံးတွေကလည်း ပိတ်ပြီးခဲ့ပါပြီ။ အခုလက်ကျန်ပစ္စည်းတချို့ကိုလည်း အပြီးအပိုင်ရွှေ့နေကြပါပြီ။


ကျွန်တော်တို့ရဲ့ အပြန်ခရီးမှာ သယ်သွားစရာ ပစ္စည်းတွေများလွန်းတဲ့အတွက်ဘယ်လိုပြန်သယ် ရမလဲဆိုတာ ခေါင်းခဲစရာပါပဲ။
ပြင်သစ်တစ်နိုင်ငံလုံး လှည့်လည်ခရီးသွားခဲ့တုန်း ကလို ဖြစ်ဦးမယ်ထင်ပါတယ်။
ကျွတ်
အသွားခရီးကအဆင်ပြေပေမယ့် အပြန်ကျတော့ ဝယ်ထားတဲ့ ပစ္စည်းသစ်တွေနဲ့ အတော် ကသိ ကအောက်နိုင်ခဲ့ပါတယ်။
အင်း ဒုက္ခ ဒုက္ခ
ဒီကနေထွက်ခွာဖို့ရက်အနည်းငယ်အလိုမှာပဲ အဲဒီပြဿနာကြီး ပြေလည်သွားပါတော့တယ်။ အရေးမကြီးတဲ့ပစ္စည်းတချို့ကို ကျွန်တော်တို့ မပြန်ခင်ကတည်းက ကြိုတင်ပို့လိုက်ပါပြီ။
တစ်နှစ်ကျော်နေထိုင်ခဲ့တဲ့ ဒီခြံဝင်းလေး ဘယ်တော့များမှ ပြန်ရောက်နိုင်ပါ့မလဲ။


လူးဝစ်လေးကို နေ့ကလေးထိန်းကျောင်းသို့
နောက်ဆုံးနေ့အဖြစ် ပို့ပေးရပါတော့မယ်။
မောင်အေးက ကျွန်တော်တို့နဲ့အတူလိုက်လာပါတယ်။
ဖြတ်လမ်းကသွားဖို့ ကျွန်တော့်ကိုပြောပါတယ်။
ဒီနေ့မှပြရသလား ဆရာ
သမားရယ်။ စောစောစီးစီး
ပြောပါရောလား
ဒါနဲ့မင်းမင်္ဂလာဆောင်
ရောအဆင်ပြေရဲ့လား
သူ့သွားတွေမှာ ကွမ်းယာကျိုးတွေ
ပြန်တက်လာတာကိုပဲ ကျေးဇူး
တင်ရပါမယ်။ ကွမ်းကျိုးတွေနဲ့မှ
သူ့အပြုံးက အသက်ဝင်တာပါ။
ဩော် အင်း
ကောင်မလေးက
ချောသားပဲ
မောင်အေးက အိမ်ထောင်ကျ
သွားပေမယ့် သူ့မိန်းမနဲ့အတူ
မနေရပါဘူး။ သူ့မိန်းမကတခြား
မြို့မှာပါ။
ကျောင်းမှာ ကျွန်တော်နဲ့သိသမျှမိတ်ဆွေတွေကို
လိုက်လံနှုတ်ဆက်ခဲ့တာတွေက အလကားဖြစ်
ကုန်ပါတယ်။
ဘာဖြစ်လို့လဲဆိုတော့ တကယ်ပြန်ရမယ့်နေ့မတိုင်ခင်
တစ်ရက်မှာ ကျွန်တော်ခြံထဲမှာ နှုတ်ဆက်ပါတီလုပ်
တော့ အကုန်လုံးနဲ့ ထပ်တွေ့လို့ပါပဲ။




DELISLE 2007